www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သင်ပြုတ်နိုး

## မမုန်းပါနဲ့ ခွင့်လွှတ်ပါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

image art work ထိုက်ထိုက်

## အခန်း( ၁ )

ခြံဝန်းကလေးနှင့် အိမ်လေးဖြစ်လည်း ညိုပြာညက်ကတော့ သဘောကျပါသည်။ မောင်ကတော့ နှစ်သက်ပုံမရ။ ခြံကျယ်ဝန်းကျယ်ကြီးနှင့် နေထိုင်လာရသော မောင့်အတွက် အလွန်သေးနုတ်သော နေရာလေးဖြစ်နေမှာ သေချာနေ၏။ ဒါပေမယ့် မတတ်နိုင်ဘူးလေ. . . ညိုပြာ တက်နိုင်တာက ဒီအခြေအနေပဲ မဟုတ်လား။ မောင့် မျက်နှာက ရှုတည်တည်၊ သူမအား မလွဲသာ မရှောင်သာလို့ မောင်လက်ထပ်ခဲ့သည်ဖြစ်၍ အောက်သက်သက် အမူအရာဖြစ်နေသည်။

"မောင်က ညိုပြာယောကျ်ားအဖြစ် တရားဝင်နေပေးဖို့ လိုအပ်နေလို့ပါ၊ ညိုပြာလွယ်ထားရတဲ့ ရင်သွေးလေး မွေးပြီးတဲ့ အထိပါပဲ မောင်. . ."

"မင်းဆန္ဒတွေအတိုင်း မောင်လိုက်လာပြီပဲ . . . အပိုစကားတွေ ပြောမနေစမ်းပါနဲ့၊ ညိုပြာ တစ်ခုတော့ရှိတယ်နော် ငါက စီးပွားမရှာတတ်ဘူး၊ မိဘတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ သဘောမတူလို့ အမွေဖြတ်လိုက်ကြပြီလေ . . . အခြေအနေကို မင်းသိတယ်နော်”

အရာအားလုံးက ညိုပြာညက် အမှားတွေပဲဖြစ်သည်။ မောင့်လို သူဌေးသား တစ်ယောက်ကို အရယူမိလိုက်တဲ့ အတွက်ဖြစ်၏။ ညိုပြာက အရမ်းလှပချင်၊ ဝတ်စားပြင်ဆင်လွန်းတဲ့ မောင့်လို သူဌေးသား တစ်ယောက်ကို အတင်းရောပြီး ချစ်သူအဖြစ်တင်မက ဘဝပါ ပုံအပ်ပစ်လိုက်သည်မှာ ညိုပြာ့ အမှားပဲ၊ မောင်က ညိုပြာ့ကို အပျော်ပဲချစ်တာ ညိုပြာနဲ့အတည်တကျ လက်ထပ်ဖို့ ရည်ရွယ်ခဲ့တာမဟုတ်၊ ညိုပြာလည်း သိသိကြီးနှင့် သူဌေးသားတစ်ယောက်နဲ့ လက်ထက်လိုက်ရင် သူဌေးသမီးဖြစ်ပြီဟု ထင်ခဲ့တာပါ၊ လက်တွေ့မှာတော့ မောင်ကသာ သူမအား တရားဝင်လက်ထပ်ခဲ့ပြီး မိဘတွေက လက်မခံပေ. . . သားအဖြစ်မှ စွန့်လွှတ်လိုက်ကြသည်။

“မင်းငါ့ကိုလက်ထပ်ရင် မင်းပဲ တာဝန်ယူရမှာနော် ညိုပြာ. . .”

မောင့်ဆီက ဒီစကားတွေ ကြားလာရသောအခါ သူမ အံ့ဩတုန်လှုပ်သွားရသည်။ ဖြစ်ချင်တာဖြစ်ပဲ သူမမှာ မောင်နှင့် ရသော ကိုယ်ဝန်က လွယ်ထားပြီးသား ဖြစ်နေ၏၊ မောင့်မိဘတွေက သူမအား ပိုင်းလုံးမအဖြစ် သတ်မှတ်ပြီး



မောင်ရဲ့ စီးပွားရေးလုပ်ငန်းတွေကိုပါ ဖယ်ရှားသိမ်းယူလိုက်ကြသည်။

“အဆင့်အတန်းမရှိတဲ့သား . . . ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို မင်းလက်ထပ်ယူတယ်၊ မိဘဂုဏ်သိက္ခာကိုတောင် မငဲ့ကွက်တဲ့ကောင်ပဲ”

မောင့်ကို သူမ အတင်းအကြပ် ခြိမ်းခြောက်ကာ လက်ထပ်ခိုင်းခြင်း ဖြစ်သည်။ မောင်က လွယ်ထားရတဲ့ ကလေးကို ဖျက်ချပစ်ရန် ပြောခဲ့တာကို ကျွန်မက လက်မခံ လက်ထပ်ဖို့ပဲ တောင်းဆိုခဲ့သည်။

“ညိုပြာကို မောင် လက်ထပ်ရမယ်၊ မရဘူးနော် မောင်၊ ညိုပြာအရှက်ကွဲ မခံနိုင်ဘူး လက်ထပ်ရမယ်. . . မောင် ငြင်းဆန်ရင်တော့ သက်ဆိုင်ရာကနေ ဥပဒေအတိုင်း ဆက်ပြီးတောင်းဆိုရမှာပဲ”

“မင်း အကြပ်ကိုင်တာပဲ ညိုပြာညက် မင်းငါ့ကိုအမိဖမ်းတာပဲ၊ မင်းအတင်းအကြပ် ငါ့ကိုအမိအရ အပိုင်လုပ်ပစ်တာပဲ၊ ငါက မိန်းကလေးတွေကို သိပ်မချစ်တတ်ဘူးနော်”

မောင်က ဒီလိုလူစားမျိုး၊ မိန်းကလေးတွေ အများကြီးနှင့် ရှုပ်ပွေနေခဲ့တဲ့ ယောကျ်ားဖြစ်နေသည်၊ မောင် လက်ထပ်မယ့် မိန်းမအဆင့်က ကျွန်မလို အဆင့်အတန်းမျိုး မဖြစ်နိုင်ဘူးတဲ့ ဘယ်ရမလဲ . . . သူမကလည်း မောင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်ကာ အမိအရ လက်ထပ်ခဲ့သည်။

"ညိုပြာကပဲ မောင့်ကို ရှာဖွေကျွေးမွေးမှာပါ။ ကျွန်မ ရင်သွေးလေး မွေးပြီးတဲ့အထိပါပဲ၊ မောင်နားလည်မယ့် စကားနဲ့ပြောရရင် လင်ကောင်ဖော်တာလေ. . ."

ညိုပြာ အမှားတွေဖြစ်ပေမယ့် သူမ ယောကျ်ားမရှိဘဲ ကလေးတစ်ယောက်တော့ အရှက်မရှိမမွေးနိုင်ပေ . . . မောင်လေးနှင့် အဖေက ရှိနေသေးသည်။ သူမဘယ်လိုပဲ မောင့်ကို အမိဖမ်းတယ်ပြောပြော သူမက မိန်းမလည် မိန်းမရှုပ်မဟုတ်၊ မောင်တစ်ယောက်ထဲနဲ့ပဲ ချစ်သူထားခဲ့ဘူးတာပါ။ သူမ အလှအပနဲ့ ချမ်းသာမှုကြောင့် သူဌေးသားကို ချစ်သူထားမိပေမယ့် လော်လီ ဖောက်ပြားတာမဟုတ်၊ အမှားတွေ အားလုံးကတော့ သူမရဲ့ မဆင်မခြင်အသိတရားကင်းမဲ့စွာ စိတ်လိုက်မာန်ပါ လုပ်ဆောင်လိုက်မိတာကြောင့်ပဲဖြစ်သည်။

"မောင်က ညိုပြာ့မိသားစုနဲ့ မနေချင်ဘူးဆိုလို့ သီးသန့်ငှားရတာလေ၊ လွှတ်လပ်ပါတယ် မောင်. . ."

"အင်း"

"တစ်နှစ်လောက်တော့ မောင်သည်းခံပြီးနေပေးပါနော်၊ ကျွန်မကြောင့် မောင် ဒုက္ခတွေခံစားရတယ် ဆိုပေမယ့်



မလွှဲသာမရှောင်သာလို့ပါ"

"ကောင်းပြီလေ ငါကတော့နေရမှာပဲ၊ ငါ့မိဘတွေ ကလုပ်ငန်းတွေလည်း သိမ်းထားတော့ ငါ့အတွက်ခက်တယ်"

"မောင် အိမ်မှာပဲနေပါ။ ကျွန်မအပြင်မှာ အလုပ်ထွက်လုပ်ပါ့မယ်၊ ကျွန်မမှာ အလုပ်ရှိတာပဲ"

သူမ အလုပ်တွေ ရှာထားသည်။ ကလေးတွေကို ဂိုက်လုပ်ပေးတာရော၊ ကုမ္ပဏီမှာရော၊ အိမ်လေးတောင် သူမ ခြစ်ကုတ်စုဆောင်းထားတဲ့ ပိုက်ဆံနှင့် ငှားရခြင်းပင်။ ပြီးတော့ မောင်နဲ့ သူမချစ်သူတွေ ဖြစ်ခဲ့စဉ်က မောင် ပေးခဲ့သော ရွှေတို ရွှေစလေးတွေကို ရောင်းချ၍ ရတဲ့ငွေလည်းပါသည်။

"မောင် ကော်ဖီသောက်မလား၊ မောင့်အတွက်ကတော့ ညိုပြာရိက္ခာအပြည့် ထည့်ထားပြီးသားပါနော်"

"ငါက အရက်သောက်ချင်တာ"

"ရှင်"

"ငါ သောက်တတ်တဲ့ အရက်ကို မင်းသိတယ် မဟုတ်လား"

"အင်း . . . သိတယ်လေ၊ မောင်က အကောင်းစား အရက်ပဲ သောက်တတ်တာ မဟုတ်လား၊ ညိုပြာမဖြစ်မနေ ဝယ်ပေးပါ့မယ်"

"မင်းကတိနဲ့ မင်းပဲလေ၊ ငါက မိသားစုကိုတော့

www.burmeseclassic.com

www.burmeseclassic.com



စွန့်ခွာပြီး မင်းနဲ့ လက်ထပ်လိုက်ရတာ။ အဲ့ဒါမင်းရဲ့ မိုက်မဲမှုပဲ ညီပြုညက် . . . မင်းက ငါ့ကိုချုပ်ကိုင်ဖို့ ကလေးယူလိုက်တာလေ. . ."

"အို"

သူပြောတာတွေကလည်း အမှန်တွေပဲဖြစ်သည်။ ညီပြုအမှားတွေပါပဲ၊ မောင့်ကို အမိဖမ်းဖို့ သူမရင်သွေးလေး ယူခဲ့တာ၊ သူမအထင်မှားသွားတာပါ၊ မောင်တို့ မိသားစုအတွက်မြေးဦးလေးဖြစ်မှာမို့ လက်ခံလိုက်မည်ပဲထင်မိသည်။

"မောင့်အတွက် အရက်သွားဝယ်ပေးမယ်နော်"

"အမြည်းနဲ့ ရေခဲပါဝယ်လာခဲ့နော်"

"ဟုတ်ကဲ့"

မတတ်နိုင်ဘူးလေ သူမကတော့ မောင့်ဆန္ဒတွေအတိုင်းပဲ ဖြည့်စွမ်းပေးရမည်ဖြစ်သည်။ မောင်သောက်တဲ့ အကောင်းစားအရက်က ငါးသောင်းကျော်မလားပဲ။ ညီပြုမှာ ပိုက်ဆံက တစ်သိန်းကျော်လောက်တော့ ကျန်သေး၏။ ရင်သွေးလေးမွေးပြီးသည်အထိ မောင့်ကို သူမအနားမှာနေစေချင်သည်။ သူမ စတိုးဆိုင်မှာ အရက်ဝယ်ပြီးပြန်ထွက်လာတော့ မောင်လေး ညီညီတာနှင့် သွားဆုံသည်။

"မမ"

"ညီ"



"အရက်လာဝယ်တာလား"

"ယောက်ျားအတွက် အရက်တောင်ဝယ်ပေးနေရလား"

"သူ . . . သူက သူဌေးလေ၊ မမနဲ့ လက်ထပ်လိုက်ပြီး အမွေတွေ အဖြတ်ခံရတယ်ဟဲ့၊ အိမ်သေးသေးလေးမှာ နေရတာလေ . . . လောလောဆယ်တော့ မမလုပ်ပေးရမှာပဲ"

"မမ ယောက်ျားက အမွေဖြတ်ခံထားရတာတောင် အရက်အကောင်းစားတွေ သောက်နေသေးတာပဲလားဟင်"

"ညီ. . . မမကိစ္စမှာ ဝင်မပါစမ်းပါနဲ့ မမကို သူလက်ထပ်တာပဲ ကျေးဇူးတင်ရမယ် မဟုတ်လား"

"ညီ"

"ပြော"

"ဖေဖေရော ဘာပြောသေးလဲ၊ မမကိုအရမ်းပဲ စိတ်ဆိုးနေသေးလားဟင်. . ."

"ဖေဖေကတော့ စိတ်မကောင်းဖြစ်တာပါပဲ၊ ဒါပေမယ့် မမ စိတ်ထိခိုက်မှာလဲ စိုးတယ်တဲ့ . . . မမ အဆင်ပြေအောင်ပဲနေပါစေတဲ့ . . ."

"ညီရယ်. . . မမအပြစ်တွေပါ. . . မမ အမှားတွေပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



ညီသိထားတာက မမကို အထင်အမြင်သေးပြီး မတူမတန်သဖြင့် သားကိုပါ အမွေဖြတ်လိုက်ခြင်းဖြစ်သည်။ ဒါကတော့ထားပါတော့လေ. . မမကို ကလေးမီးဖွားပြီးတဲ့ အထိပဲ ကိုဆက်မော်က လက်ထပ်တာတဲ့ ဟန်ပြပဲလေ။ ကိုဆက်မော် မိဘတွေကလည်း မမနှင့်ကလေး မပါရင် အချိန်မရွေး သားကိုလက်ခံမယ်တဲ့ ရက်စက်လိုက်ကြတာ။ လူလူချင်းပဲ ဘာဖြစ်လို့ဒီလောက်အထိ နှိမ်ချဆက်ဆံနေရတာလဲ၊ ကိုဆက်မော်ကလည်း ငွေမရှာပဲ မမရှာပေးဆိုပြီး အရက်အကောင်းစားတွေ သောက်နေသည်. . . မတရား နှိပ်စက်တာဘဲ. . . ညီဒေါသဖြစ်ရ. . . မမအတွက်ကြေကွဲရသည်။

"ညီ"

"ဟင်"

"မမအတွက် ဘာမှမခံစားနဲ့နော်ညီ၊ ဘာပဲဖြစ်ဖြစ် ကလေးကရှိသေးတယ်၊ မမကတော့မွေးရမှာပဲ"

မမထွက်သွားသည်။ ညီစိတ်မကောင်းဖြစ်ရ၏။ မမက အလှအပမက်မောတယ်၊ ဝတ်စားပြင်ဆင်ချင်တယ်၊ ချမ်းသာချင်တယ်. . . အဲ့ဒါတွေက မမညီပြော ဘဝကိုသတ်လိုက်တာပဲ၊ ကိုဆက်မော်ကို မမ အတင်းအကြပ်ပူးကပ်ခဲ့တာဟု ပတ်ဝန်းကျင်မှာ သတင်းတွေကပျံ့နှံ့နေသည်။



"ညီတာ"

"ဟင် . . . မြတ်အောင်"

"မင်းအစ်မကတော့စံပဲ ယောကျ်ားအလိုလိုက်တာကွာ အရက်တောင် အကောင်းစားမှ သောက်မယ်လို့ တောင်းဆိုတာနဲ့. . ."

"အဲ့ဒါမင်းနဲ့ ဘာဆိုင်လို့လဲ မြတ်အောင် . . . မင်း အနေသာကြီးပဲ"

"အနေသာကြီးပေမယ့် တွေ့ရကြားရတာ အမြင်ကတ်စရာကောင်းလို့ကွ၊ မင်းအစ်မ နှိပ်စက်ခံနေရတာ ကြားကနေ မကျေနပ်လို့"

သူ ထွက်လာခဲ့သည်။ မမ ဘာဖြစ်လို့များ ဒီလို အဖြစ်မျိုးတွေဖြစ်လာအောင် လုပ်ခဲ့ရတာလဲ. . . ရပ်ကွက်ထဲမှာ မမ နာမည်ကပျက်နေသည်. . . ညီ ဒေါသဖြစ်ရ၏။ ရှက်လည်းရှက်သည်။ သူအိမ်ပြန်ရောက်လာ၏။ ဖေဖေက အရက်တွေ သောက်နေသည်။

"ဖေဖေ"

"ဟင်"

"အရက်တွေ အရမ်းမသောက်ပါနဲ့"

"သားညီ ဖေဖေအရမ်းစိတ်ထိခိုက်နေလို့ပဲ၊ ဖေဖေ အသုံးမကျလို့ သားသမီးတွေ မျက်နှာငယ်ရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါ ဖေဖေ အားလုံးရဲ့ ကံကြမ္မာပါ. . . အရက်ပါနဲ့ အသည်းနဲ့ မတည့်ဘူးလေ"

ဖေဖေ အရက်သောက်လွန်း၍ အသည်းမှာ အနာဖြစ်နေလို့ အရက်ဖြတ်ထားသည်။ မမကြောင့် အရက်တွေပြန်သောက်နေ၏။ ညီ စိတ်ပူပန်နေရပြီး ဖေဖေ့ကိုတားလိုသည်။

"ဖေဖေကြောင့်ပါ၊ သမီးရော သားရော ချောမောပြီး လူရည်သန့်လေးတွေ၊ ဖေဖေက ပေတေပြီး ရောဂါရမှ အရက်ဖြတ်တာလေ"

"တော်ပါတော့ ဖေဖေ"

"သမီးလေးကလှပတယ်၊ ဝတ်စားချင်တယ်၊ ဒါက ပျက်စီးခြင်း အစပဲကွ"

"ဖေဖေ့ရောဂါနဲ့ အရက်က မတည့်ဘူးလေ. . . ဖေဖေ နောင်တရရင် အရက်ဖြတ်ရမှာပဲ မဟုတ်လား"

"ဒီတစ်ရက်ပါပဲကွာ. . . ဖေဖေ အရမ်းစိတ်ထိခိုက်နေရလို့ပါ"

"သား တောင်းပန်ပါတယ် . . . အရက်ကို မသောက်ပါနဲ့တော့"

ညီ စိတ်တွေရှုပ်ထွေးနေရသည်။ မမ အတွက်ရှက်လည်းရှက် ဒေါသလည်းထွက်ရ၏။ ဒီကြားထဲ မမသတင်း



တွေက သူများပြောချင်စရာ မကောင်းသတင်းတွေပဲဖြစ်နေသည်။

"ဖေဖေရယ် ညီတောင်းပန်ပါတယ်. . . အရက်မသောက်ပါနဲ့ တောင်းပန်ပါတယ်"

"အေးကွာ ဖေဖေ့သားဒီလောက်အထိ တောင်းပန်နေရင်လည်း ဖေဖေ မသောက်တော့ပါဘူး. . . သွားဟာ"

"ခလွမ်း"

အရက်ပုလင်းက တစ်စစီကွဲကြေသွားသည်။ ဖေဖေ တော်တော်လေးမူးနေ၏။ ရောဂါအတွက် သူစိတ်ပူနေရသည်။ မမအတွက်လည်း သူ့နှလုံးသားတွေ နာကျင်နေသည်။

"မင်း မမအတွက် ဖေဖေ့ သမီးအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ဘူးကွ . . . တော်တော်လေး တာဝန်မကျေတဲ့ ဖခင်တစ်ယောက်ပဲလေ. . ."

"တော်ပါတော့ ဗျာ"

မမ အရမ်းအနှိမ်ခံနေရတာ ဖေဖေကြားသိထား၍ စိတ်ထိခိုက်နေသည်။ သူလည်း ကြားတာပဲ၊ မမကို ဟန်ပြပဲ လက်ထပ်တာတဲ့ . . . ကလေးမွေးပြီးရင် ကွာမှာတဲ့ . . . ပစ်ထားခဲ့မှာတဲ့ . . . သူဌေးသားအတွက် မမကအကုန်တာဝန်ယူရမှာတဲ့ . . . ညီတာ စိတ်ညစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကိုဆက်မော်ရဲ့ညီမ မှုံးသခင်ကို ညီစိတ်ဝင်စားစွာ ကြည့်မိသည်။ ချောမောလှပပြီး နုနုဖတ်ဖတ်ကောင်မလေး၊ သူ မောင်းလာတာက နောက်ဆုံးပေါ် သိန်းပေါင်းများစွာ တန်သောကားပဲ၊ ညီတာစိတ်မဝင်စားမိ. . . ဘာလုပ်မှာလဲ သူ့အစ်မအား အထင်သေးစွာဆက်ဆံပြောဆိုထား၍ နည်းနည်းလေးတင်းနေသည်။

"မှုံးသခင်တဲ့ အရမ်းလှတဲ့ ကောင်မလေးပဲ. . . မင်းတို့က ဆွေမျိုးတွေပဲ. . . ညီတာ သွားပြီး နှုတ်ဆက်လေ"

"မင်းက အခြောက်တိုက် ဘဝင်မြင့်နေပြန်ပြီ"

သူမိန်းကလေးတွေကို စိတ်မဝင်စားပါ။ ချမ်းသာတဲ့ မိန်းကလေးတွေဆို ပိုဆိုးသေးတယ်၊ ညီတာက မာနရှိသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ပဲ ရပ်တည်၍ ကြီးပွားချမ်းသာချင်သူပါ။ မမကြောင့် ပတ်ဝန်းကျင်က ပြောဆိုမှုတွေခံရတာပင် သူ ရှက်လို့သေတော့မည်ဖြစ်သည်။



"ညီတာ"

"ဟင်"

"ကောင်မလေးက မင်းကိုကြည့်နေတယ်"

"ထားလိုက်ပါ"

"မင်းက စတိုင်လ်မိတယ်ကွ"

"ထားလိုက်ပါ"

သူကတော့ ဘယ်သူ့ကိုမှ မကြည့် . . . ချမ်းသာတဲ့ ကောင်မလေးတွေဆိုရင် ပိုပြီးတော့တောင် မကြည့်သေးတယ်. . . သူက ဘဝကို ရုန်းကန်လှုပ်ရှားကြိုးစားနေသူ၊ ပတ်ဝန်းကျင်ကို စိတ်မဝင်စားပဲ သူထလိုက်သည်။

"ကိုညီတာ"

"ဟင်"

"မမညိုပြာရဲ့ မောင်နော်"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"သခင်က လာနှုတ်ဆက်တာပါ"

"သခင်"

နာမည်ကိုက အမြင်ကတ်စရာ ကောင်းလောက်အောင် သုံးနှုန်းနေသည်. . . သခင်တဲ့၊ သူကတော့ ဘာမှ မပြောပဲ လှည့်ထွက်လာခဲ့၏။ မင်းတို့လို မိန်းကလေးမျိုးတွေနဲ့ လုံးဝမပတ်သက်ချင်ဘူး . . . မှုံးသခင်က ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



လူလည်း မသိဘူးဆိုပြီး စူစူအောင့်အောင့်လေး ကျန်ရစ်ခဲ့သည်။

"ညီတာ"

"ဘာလဲ"

"ကောင်မလေး ဒေါသဖြစ်သွားပြီ. . . မင်း အရမ်းအိုင်တင် ခံလွန်းတာထင်တယ်"

"ငါဒီလို မိန်းကလေးမျိုးတွေနဲ့ မပတ်သက်ချင်ဘူး"

"ကောင်မလေးက အမျိုးမှန်းသိလို့ လာခေါ်တာပဲ"

"ထားလိုက်ပါ"

သူဘာမှ ဆက်မပြောချင်တော့သဖြင့် ထွက်လာခဲ့သည်။ သူငယ်ချင်းတွေက တစ်နေရာသွားမယ် ပြောနေသဖြင့် သူနေရစ်ခဲ့သည်။ သူ အလုပ်ရှာရမည်။ သူ့ပညာရေးအတွက် တာဝန်ယူနေတဲ့ မမက အိမ်ထောင်ကျသွား၍ ထောက်ပံ့နိုင်ခြင်းမရှိပေ။ သူသင်တန်းတွေ တက်နေသည်။ သူဘတ်စ်ကား ဂိတ်မှာ တစ်ယောက်ထဲရပ်ရင်း ဘာဆက်လုပ်ရမလည်း ဆိုတာစဉ်းစားနေစဉ် ကားတစ်စီးက သူ့အနားမှာထိုးရပ် လာသည်။

"ညီတာ"

"ဟင်"

"တက်ပါ"



"သခင်လိုက်ပို့ပါရစေ"

"မင်းလမ်းမင်းသွားပါ မှူးသခင်၊ ငါကမင်းတို့လို မိန်းကလေးတွေနဲ့ ပတ်ပတ်သက်သက် မလုပ်ချင်ဘူး"

"သခင်က အဲ့ဒါကို တောင်းပန်ချင်လို့ပါ၊ မာမီနဲ့ ကိုကိုတို့ လွန်တာလေ. . . အဲ့ဒီလိုမဖြစ်သင့်ဘူးလို့ တောင်းပန်ပါတယ်နော်"

"မလိုပါဘူး. . . အဲ့ဒါက မမကိစ္စပဲ၊ မင်းလည်း နောက်ထပ်လာပြီး မပတ်သက်ပါနဲ့" •

သူဘတ်စ်ကားပေါ် တက်သွားသည်။ သူမနှုတ်ခမ်းလေးစူပြီး မကျေမနပ်လေး ကျန်ရစ်ခဲ့၏။ ကိုကိုကြောင့် မမညိုပြာကို မာမီကနှိမ်ချင်နေသည်။ ကြည့်ပါဦး မျက်နှာကြီးက တင်းမာနေသည်။ သူငယ်ချင်းတွေဆီ ပြန်ရောက်တဲ့အထိ နှုတ်ခမ်းစူစူလေးတွေက မပြေချင်သေးပေ၊ ချစ်စုကရယ်သည်။

"ဘာရယ်တာလဲ ဟ"

"သူက အရမ်းကို ဘဝင်မြင့်နေလို့ နင်မကျေမနပ်ဖြစ်ပြီး ပြန်လာတာမဟုတ်လား"

"သခင်က တောင်းပန်နေတာတောင် နောက်ထပ်လာမပတ်သက်နဲ့တဲ့"

"သူ့အစ်မအပေါ် မာမီဆက်ဆံတာက မတရား

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုက သူများသားသမီးကို စော်ကားခဲ့တာပဲ"

"ရှင်က တော်တော်လေး စိတ်သဘောထားကောင်းနေတာပါလားသခင်. . . ဘာဖြစ်လို့ ဒီလောက်တောင်းပန်ချင်နေရတာလဲ. . . နင်နဲ့ဘာဆိုင်လို့လဲဟ"

"ဆိုင်တယ်"

"ဘာဆိုင်တာလဲ"

"သူ့အစ်မလေ"

"အဟဲ့"

သူငယ်ချင်းတွေပြောလည်း ပြောစရာပါပဲ။ သူက သခင်ယောင်းမရဲ့ မောင်ဆိုလို့ လှမ်းကြည့်လိုက်တော့ သူနှင့် အမှတ်မထင် မျက်လုံးချင်းဆုံမိ သွားထဲက သခင်စိတ်ထဲမှာ သူ့ကိုနှစ်သက် သဘောကျသွားသလိုပင် ပြီးတော့ သခင်က လည်း မမညိုပြာအတွက် တောင်းပန်ချင်နေသည်။ ဒါ ကြောင့်မို့ သွားပြီးတောင်းပန်ခဲ့တာပါ . . . သူ့အကြည့်တွေက တင်းမာခက်ထန်နေသည်။

"ဝဋ်လည်တော့မယ်ထင်တယ်"

"ဘာဖြစ်လို့လဲဟ"

"သူကရှင့်ကို သူ့အစ်မအတွက် လက်စားချေချင်ရော"



ဝဋ်လည်မယ်ဟုတ်လား၊ အဲ့ဒီဝဋ်လည်ခြင်းမျိုးကို သခင်က လည်ချင်နေသလိုပင်. . . သူ့အစ်မအပေါ် မာမီက မညှာမတာ ရက်စက်ခဲ့သည်။ သားသမီးချင်းပင် ကိုယ်ချင်း မစာခဲ့။ သခင်က မိန်းကလေးချင်း ကိုယ်ချင်းစာပြီး သနားနေမိသည်။

"သွားတော့မယ်"

"နေဦးလေဟယ်. . . ရှင်ပဲညစာကျွေးမယ်ဆို"

"နောက်နေ့မှစားတော့ ဒီနေ့သွားစရာရှိတယ်"

သူမ ကားလေးပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်. . . ကိုကို့ဆီကိုပါ. . . ကိုကိုတို့အိမ်လေးကို သခင် သိသည်။ ဘာပဲဖြစ်ဖြစ် သခင် တောင်းပန်ချင်နေသည်။ ကိုကို့အိမ်လေးရောက်တော့ ကိုကိုက အရက်သောက်နေ၏။ မမညိုပြာကတော့ မီးဖိုခန်းထဲမှာ ကြော်လှော်ချက်ပြုတ်နေသည်. . .

"ကိုကို"

"ဟင် . . . သခင်ညီမလေး ဘာလာလုပ်တာလဲ ပြန်စမ်း"

"ကိုကို ဘာဖြစ်လို့ အဲ့ဒီလို လုပ်ရတာလဲ . . . မမညိုပြာမှာ ဘာအပြစ်ရှိလို့လဲဟင်"

"ကိုကို့ကို ယူလိုက်တဲ့အပြစ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပါယ်မရှိတာပဲ. . . ကိုယ့်မိန်းမ ကိုယ့်ရင်သွေးလေးရဲ့ အမေအပေါ်မှာ အဲ့ဒီလိုစိတ်ဓာတ်တွေ မမွေးပါနဲ့"

"ညီမလေး မသိရင် အသာနေစမ်းပါ . . . ဒီမိန်းမက ကိုကို့ကိုယ် အကြပ်ကိုင်ပြီး လက်ထပ်တာလေ"

"တော်ပါတော့ ကိုကိုရယ်"

မမညိုပြာက စားသောက်စရာ ပန်းကန်ကိုင်ပြီး ထွက်လာသည်. . . သူမကိုမသိပေ . . . ကြောင်ပြီးကြည့်နေ၏. . . ကိုကိုက မျက်နှာထားတင်းတင်းနှင့် ပြန်ထိုင်နေသည်။

"သခင် ပြန်စမ်း. . . ညီမလေး"

"ဒီနေရာကို လာစရာမလိုဘူး နောက်ထပ်မလာနဲ့"

"ကိုကို"

"ပြန်"

"မမ အတွက်စိတ်မကောင်း မဖြစ်ပါနဲ့ မောင့်ဘက်က ဒီလောက်လေးလုပ်ပေးခဲ့တာပဲ ကျေးဇူးတင်ပါပြီ"

မမညိုပြာကို သခင် သနားမိနေသည်။ ကိုကို အဲ့ဒီလောက်အထိ စိမ်းကားရက်စက်ဖို့ မသင့်ဟုထင်မိနေ၏။သူဒေါသဖြစ်နေမှာပါ၊ သခင်တို့မိသားစုရဲ့အပြုအမူတွေက တော်တော်လေး ကိုယ်ချင်းစာနာ စိတ်ကင်းမဲ့နေသည်။ သခင်မကြိုက်ပေ၊ ကိုကိုက မိန်းကလေးတွေနှင့်သက်စေ့တွဲ



နေသူဖြစ်သည်။

"ဒီမိန်းမက ကိုကိုလို သူဌေးသားတစ်ယောက်ကို အရမ်း လက်ထပ်ချင်တာလေ . . . ကိုယ့်ဘဝကိုယ်နားမလည်ပဲအပိုင်ဖမ်းလိုက်တာ . . . ဘာတဲ့ လက်မထပ်ရင် တရားရုံးကနေ ဥပဒေကြောင်းနဲ့ တောင်းဆိုမယ်တဲ့"

"ဟား . . . ဟား . . . ဟား . . ."

"ကိုကို. . ."

"ပြန်. . ."

"ညီမချင်း ကိုယ်ချင်းစာပါအုံး"

"သူ့ အဆင့်အတန်းနဲ့ ကိုကို့ကို မရ ရအောင်ယူခဲ့တာ ကိုကိုက ဘာကိုကိုယ်ချင်းစာရမှာလဲ. . ."

"ဟုတ်ပါတယ် ညီမလေးရယ်. . . မမအပြစ်တွေပါပဲ၊ မမလွယ်ထားတဲ့ ကိုယ်ဝန်မွေးဖွားပြီးတဲ့အထိပဲ မောင်နာမည်ခံပေးစေချင်တာပါ. . . မမ ဒီလောက်ပဲတောင်းဆိုချင်တာပါ"

မောင့် ညီမလေးမှုသခင်ကို ညိုပြာမမြင်ဘူးပေ၊ တော်တော်လေးချောမောပြီး ချစ်စရာကောင်းလိုက်တာဟု ထင်မှတ်မိသည်။ စိတ်သဘောထားလည်း ဖြူစင်နေ၏။ ညိုပြာကတော့ ဘယ်သူ့မှ အပြစ်မတင်လိုပါဘူး၊ ညိုပြာ့အမှားတွေပါပဲ၊ ဖြတ်လမ်းကနေ ချမ်းသာချင်တော့ ညိုပြာအမှား

www.burmeseclassic.com

www.burmeseclassic.com



တွေပဲပြုလုပ်ခဲ့မိသည်။

"ညီမလေး ပြန်ပါ . . . မမ ကျေနပ်ပါတယ်. . ဖေဖေနဲ့ မောင်လေးအတွက် မမဒီလိုလုပ်ရတာပါ"

"မမ သုံးဖို့အတွက် ငွေမလိုပါဘူး သခင်နေပါစေ. . မမမှာ အလုပ်ရှိပါတယ်"

"သခင်ပြန်စမ်း နောက်ဘယ်တော့မှ မလာနဲ့ ကိုကို့အတွက်. . . သူ တာဝန်ယူလိမ့်မယ်"

"အဲ့ဒီလိုမလုပ်ပါနဲ့ ကိုကိုရာ. . . သခင်တောင်းပန်ပါတယ် . . . မိန်းကလေး တစ်ယောက်ရဲ့ဘဝက ဘာပဲဖြစ်ဖြစ်တန်ဖိုးရှိပါတယ် . . . ညီမလေးသာဆိုရင် ကိုကိုဘယ်လိုခံစားရမလဲ"

"တိတ်စမ်း . . . ညီမလေးက သူ့လိုနေရာကိုရောက်စရာ ဘာအကြောင်းမှ မရှိဘူး ပြန်တော့၊ ညီမလေးနောက် တခါထပ်လာရင် . . . ကိုကို ဒီထက်ပိုပြီး သူ့ကိုနှိပ်စက်မှာနော်"

"ဒုက္ခပါပဲ ကိုကိုရာ. . ."

"ပြန် . . . ကိုကို့ကိုလည်း ဘာမှ ထောက်ပံ့စရာမလိုဘူး . . . ညီမလေးနဲ့ ဘာမှမဆိုင်ဘူး"

သခင်ဘယ်လိုမှ ပြောဆိုလို့ မရ၍ စိတ်ညစ်ပြီးပြန်လာရသည်။ မမညိုပြာ သနားပါတယ် ကိုကိုမတရားတာ၊



ဘာပဲဖြစ်ဖြစ် ကိုကို့ရင်သွေးလေးက မမညိုပြာဆီမှာတွယ်ငြိနေပြီပဲ ကိုကိုရက်စက်တယ် . . . သူမက ထိုလုပ်ရပ်အားလက် မခံနိုင်ပဲဖြစ်နေသည်။

"သခင်. . . နောက်ထပ်ကိုကို့ဆီလာပြီး မပတ်သက်နဲ့၊ ဒီကိုလည်း လုံးဝမလာနဲ့ ကိုကို့မိန်းမကိုလည်းပြောထားမယ် . . . မင်းလက်မခံနဲ့လို့"

သခင် စိတ်ညစ်ပြီးပြန်လာခဲ့သည်။ ဘယ်လိုလုပ်ရမလဲ၊ ကိုကို မတရားလုပ်နေတာပဲ၊ မမသနားပါတယ်။ သူကရော သခင့်အပေါ် ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်။ သခင်စိတ်ညစ်နေသည်။ ကားမောင်းပြီး ပြန်လာခဲ့ပေမယ့် စိတ်ကလေးနေ၏။ သူမရပ်ကွက်ထဲမောင်းလာတော့ ကောင်လေးသုံးယောက်ကတားသည်။

"ဘာလုပ်တာလဲ. . . ဖယ်ပါ"

"ဟာ. . . အရမ်းချောတဲ့ ညီမလေးပဲ၊ လုပ်ပါ ပိုက်ဆံလေးနည်းနည်းလောက် ပေးစမ်းပါ"

"ဘယ်လောက်ပေးရမှာလဲ"

"ပါသလောက်. . စိန်လက်စွပ်တွေ ချွတ်ပေးလည်းရပါတယ်"

"ဟင်. . ."

သခင် ကြောက်လာသည်။ ဆေးမှင်ကြောင်အရုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေနှင့်ဆံပင်တွေ ဗုတ်သိုက် . . . သခင်ဘယ်လိုလုပ်ရမှန်းမသိ။ လူကလည်းပြတ်နေ၏။ ပိုက်ဆံကလည်း ငါးသောင်းပဲပါသည်။

"ဒီမှာ ငါးသောင်းပါတယ်. . . အဲ့ဒါပဲ ယူပါ"

"နည်းတယ်"

"ရှင်"

"ရွှေပေး"

မတရား အနိုင်ကျင့်နေမှန်း သိသိကြီးနှင့် သူမဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။

"မှူးသခင်"

"ဟင်"

"ဘာဖြစ်လို့လဲ"

"ဟို. . . ဒီမှာ"

"ဟော့ကောင်တွေ ဒါကိုယ့်မိတ်ဆွေပါ၊ ကျေးဇူးပြုပြီးတော့မနှောက်ယှက်ကြပါနဲ့ . . . သူပိုက်ဆံပေးနေပြီပဲ ယူပါ၊ ပြီးတော့ ရပ်ကွက်သိက္ခာလည်းကျပါတယ်"

"မင်းနဲ့ ဘာဆိုင်လို့လဲ၊ မင်းမရှုပ်တာ အကောင်းဆုံးပဲ. . . "

"ဟုတ်တယ် ဘော်ဒါ . . . ဒီလောက်က နည်းတယ်၊ ထိုက်ထိုက်တန်တန်ပေးပါ ငွေလိုနေလို့ပါ"



"မင်းတို့အပ်ထားတဲ့ ပိုက်ဆံမှ မရှိတာဘဲ"

"ဝင်မရှုပ်နဲ့လို့ပြောထားတယ်နော်"

"ဖယ်ပါ. . . "

"မဖယ်ဘူးကွာ. . . "

"ခွပ်"

"ညီတာ"

"ဒုတ်. . . "

"ဒုတ်. . . "

"အား"

"ခွပ်. . . ခွပ်"

"လာကြပါအုံး. . . ဒီမှာရိုက်နေကြပြီ"

"ဒုတ်"

"ဒုတ်"

ခုတော့ဝိုင်းပြီးအနိုင်ကျင့် တောင်းယူနေတဲ့ကောင်တွေ ထွက်ပြေးသွားကြသည်။ သခင်က ရဲစခန်းကို ဖုန်းဆက်လိုက်၍ဖြစ်၏။ ညီတာကတော့ လက်ကွဲသွားသည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၃ )

"ညီတာ"

"ဟင်"

"ဘာဖြစ်သွားသေးလဲဟင်. . . လက်မှာဒဏ်ရာလေ. . ."

"ရတယ် . . . သွားတော့ မင်းက ဒီကိုဘာလာလုပ်တာလဲ"

"မမညိုပြောဆီလာတာပါ. . . သခင်သွားတောင်းပန်တာပါ"

"ပြန်တော့ နောက်တစ်ခါ တစ်ယောက်ထဲမလာနဲ့၊ တောင်းပန်စရာ မလိုဘူး၊ မင်းကြောင့် ဖြစ်တာမှ မဟုတ်တာဘဲ. . ."

"ညီတာ. . . ဆေးခန်းသွားပြရအောင် ကားပေါ်တက်နော်. . ."

"မတက်ဘူး . . . . မင်းကားပေါ် ငါဘယ်တော့မှ မတက်ဘူး . . . ပြန်ပါ၊ ဒဏ်ရာက ဘာမှမဖြစ်လောက်တာပဲ. . ."

"ညီတာရယ် . . . သခင် တောင်းပန်ပါတယ်နော်၊



ကျေးဇူးပြုပြီး ကားပေါ်တက်ပါ၊ ဆေးခန်းသွားပြကြရအောင်ပါ. . ."

"မလိုပါဘူး . . . ငါဘာမှ မဖြစ်ပါဘူး သွားတော့"

သခင်ဘယ်လိုမှ ပြောမရသဖြင့် ကားမောင်းပြီးပြန်ထွက်လာခဲ့သည်။ သူငယ်ချင်းတွေဆီရောက်တော့ သူမကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကိုပြောပြလိုက်၏။ ညီတာ့ကိုအားလုံးက ကျေးဇူးတင်ကြသည်။

"ညီတာရောက်လာလို့ပေါ့ဟာ. . . ရှင်မလွယ်ဘူးနော်. . . သခင်"

"ညီတာ့ လက်ကွဲသွားတယ်ဟ. . . ဆေးခန်းသွားဖို့ လက်မခံဘူး၊ သခင့်ကို အရေးတောင်မလုပ်တာ"

သခင်စိတ်မကောင်းဖြစ်နေရသည်။ ညီတာက မာနကကြီးကြီးနှင့် အဖက်မလုပ်သလိုနေတာပင် သခင့်အတွက်အားမလိုအားမရဖြစ်စေသည်။ ညီတာ အရမ်းစတိုင်မိုက်တာပဲ၊ ခန့်ညား ချောမောလွန်းတဲ့ယောကျ်ား၊ ညီတာ့အသားအရည်က ဖြူနုသန့်စင်နေသည်။ အရပ်ရှည်ရှည် နုတ်ခမ်းထူရဲရဲလေးနှင့် ညီတာ အရမ်းချောတယ်. . . သခင်ဘာဖြစ်နေရတာလဲ၊ မာနတကြီးနှင့် သခင့်ကိုအဖက်မလုပ်ချင်တဲ့ယောကျ်ားတစ်ယောက်အပေါ် သခင် စိတ်ဝင်စားကာသံယောဇဉ်တွယ်ငြိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်"

"ဟင်"

"ညီတာ့ကို"

"ဟာကွာ"

"ညီတာက မရှိသွေးကြီးနော် . . . အရမ်းပဲပေး လွန်းတယ် . . ."

ညီတာက အရမ်းချောတော့ သခင်တို့ မိန်းကလေး အုပ်စုပင် စိတ်ဝင်စားနေရသည်။ ညီတာ အရမ်းကြိုးစား တယ်၊ ပညာရေးရော ဘယ်အရာမဆို သေသေသပ်သပ်နှင့် စည်းစနစ်ကြီးစွာ လုပ်ဆောင်တတ်သည်။

"သူ့ အစ်မဒုက္ခတွေ ရောက်နေရလို့ ညီတာက ရှင့် အပေါ်ပိုပြီး တင်းမာနေတယ်နော် . . ."

"ညီတာ လက်အရမ်းကွဲသွားတာဟ . . . အမလေး စိတ်ပူလိုက်ရတာ ဆေးခန်းပြဖို့မှ ပိုက်ဆံရှိရဲ့လား မသိဘူး"

"ပူလိုက်ရတာ"

"သူ့အစ်မ အပေါ်လည်း . . . သခင့်တို့ မိသားစုက မတရားခဲ့ဘူးလေ"

"သူ့အစ်မက ရှင့်ကိုကို့ကို အတင်းအကြပ်ဝင်လုံးပြီး အရယူသွားတာဆို . . ."

"ဘာပဲဖြစ်ဖြစ် မိန်းကလေးပဲ၊ မပြောချင်တော့ဘူး



ဟာ . . . သွားမယ် "

သူငယ်ချင်းတွေနှင့်လည်း ဆက်စကားမပြောချင် တော့သဖြင့် သူမ ပြန်ဖို့ပဲပြင်လိုက်သည်။

"သခင် နေပါဦးဟ . . ."

"စိတ်ရှုပ်လို့ ပြန်တော့မယ် "

သခင်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ မာမီက ကိုကို့လိုဖြစ်မှာစိုးပြီး သခင့်အား မာမီ့ သူငယ်ချင်းသား ကုမ္ပဏီပိုင်ရှင်တစ်ယောက်နှင့် မိတ်ဆက်ပေးနေသဖြင့် သခင် စိတ်ညစ်သွားရသည်။

" သမီးလေးကို မိတ်ဆက်ပေးရအုံးမယ် . . . ဒါက မာမီသူငယ်ချင်းရဲ့ သားပဲ . . . အောင်မြင်တဲ့ စီးပွားရေးလုပ် ငန်းရှင်တစ်ယောက်ပဲ မောင်ထင်ရှားကျော်တဲ့"

သခင်ကတော့ သူ့ရဲ့ မာသယောင်ဖြစ်နေတဲ့ မာနကို မနှစ်သက်မိပေ။ မာမီကတော့ ပြာယာခတ်နေသည်။

"မောင်ထင်ရှား မနက်စာလေး စားသွားပါကွယ်၊ အန်တီတို့နဲ့ ထမင်းလက်ဆုံလေ . . . စားကြရအောင်"

"ကျွန်တော် သူ့ကို အပြင်ခေါ်သွားလို့ရမလား အန်တီ"

"ရပါတယ်"

"မာမီ"

www.burmeseclassic.com

www.burmeseclassic.com



"သမီးလိုက်သွားလိုက်လေ. . . မောင်ထင်ရှားက တစ်ခြားလူမှမဟုတ်တာပဲ. . . မာမီတို့ ငယ်သူငယ်ချင်းက အရမ်းချစ်ကြတာ. . . ခေါ်သွားပါ၊ မောင်ထင်ရှားရယ် စိတ်မချစရာမရှိပါဘူး"

မာမီက အတင်းကြီးသူ့နောက်ထည့်နေ၍ စိတ်ညစ်မိသည်။ အကြောကြီးနဲ့ အခုမှတွေ့တဲ့ မိန်းကလေးတစ်ယောက်ကို ပိုင်စိုးပိုင်နင်း ခေါ်နေ၏။ သခင် မလိုက်ချင်မိ။ သူ့ပုံစံက ဘဝင်မြင့်နေတဲ့ပုံ။ ညီတာနဲ့ မတူဘူး။ညီတာက စတိုင်မိတာ။ သူက မောက်မောက်မာမာပုံစံ။ သခင့်စိတ်အောက်သက်သက်ဖြစ်နေသည်။

"ထ. . . သွားစို့"

"သမီး . . . သခင်လိုက်သွားနော်၊ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနေကြ. . ."

မာမီက အတင်းပဲသူ့နောက်လိုက်သွားဖို့ ပြောနေသည်။ သူမလိုက်သွားရ၏။ သူ့ကားကြီးက စီးရက်စရာတောင်မရှိအောင် အိစက်နေ၏။ အထင်မကြီးပါဘူး၊ ရှင့်ရဲ့ ပိုင်စိုးပိုင်နင်း လုပ်ရပ်တွေကိုပဲအမြင်ကတ်တာ။ သူ့လေသံကပင် အမိန့်ပေးသံပါနေသည်။

"တက်"

သူမ ကားပေါ်တက်လိုက်သည်။ လူကို အပေါ်စီး



ကနေ နိုင့်ထက်စီးနင်း ပြောဆိုတတ်တဲ့သူ့ကို သခင်အမုန်းဆုံးပဲ မလွဲသာလို့ပါ။ မာမီက သူစီမံတာကို နာခံစေချင်နေ၏။ သူမအား ကိုကို့လိုဖြစ်သွားမှာစိုးရိမ်၍ သခင့်အတွက် လည်းချမ်းသာကြွယ်ဝပြီး အဆင့်ဆင့်မြင့်မြင့် အိမ်ထောင်ဘက်ကိုရှာဖွေနေသည်။

"မျှ"

"ကျွန်မနာမည် သခင်ပါ . . ."

"ကိုကတော့. . . မင်းကို သခင်လို့ မခေါ်နိုင်ဘူးထင်တယ်၊ မျှပဲခေါ်မယ် ဖြစ်တယ်မဟုတ်လား . . ."

"ဘာရှင့် . . ."

"မျှ . . ."

"ကျွန်မကို သခင်ပဲခေါ်ပါ"

"ဟေ့"

သူက မပြောမဆိုနှင့် ကားကိုဝေါခနဲ မောင်းထွက်သွားသဖြင့် ကျွန်မခန္ဓာကိုယ်လေးပင် ယိုင်သွားပြီးလဲပြိုသွားရသည်။ ဘယ်လောက် ဒေါသဖြစ်စရာကောင်းသလဲ၊ မဆင်မခြင်လုပ်ချင်တာ လုပ်နေတဲ့သူ၊ ရှင့်ကိုရှင် ဘာထင်နေလို့လဲ၊ အောင်မြင်တဲ့စီးပွားရေး လုပ်ငန်းရှင်ကြီးဆိုပြီး မောက်မာနေလိုက်တာ၊ ကျွန်မကို လူတိုင်းက သခင်ပဲခေါ်တာ၊သူမယိုင်နဲ့သွားတဲ့ကိုယ်ကို ပြန်တည့်မတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မကို တမင်ခေါ်ပြီးအရှက်ခွဲတာလား"

"အဟတ်. . . မင်းအတွေးခေါ်င်တာပါ၊ ကိုယ်ကား မောင်းတာပဲ မတော်တဆလေ. . ."

"ရှင်ကကျွန်မကို ပုံစံပေးနေတာလား"

"ကျွန်မလို့ ထည့်သုံးနှုန်းတာ . . . ကောင်းတယ်"

"ဘာရှင့် . . ."

"အလကားနေရင်းသခင်. . သခင်နဲ့ နားကြားပြင်း ကတ်စရာ မကောင်းဘူးလား . . ."

"ကျွန်မနာမည်ပဲ. . ."

"ထားလိုက်ပါတော့ . . . အခု အကောင်းဆုံးစား သောက်ဆိုင်ကို သွားပြီးစားသောက်ရင်း စကားပြောကြ တာပေါ့. . ."

သခင်ဘာမှ မပြောလိုတော့ပေ။ နှုတ်ခမ်းသားလေး တွေကိုတော့ စုထော်ထားပစ်လိုက်သည်။ သူက ပြုံးနေ၏။ ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကို ဘဝင်မြင့်ပြီး အထင်ကြီးနေ တာလဲ၊ ရှင်ကဘာမို့လို့လဲ၊ သူက ရှေ့မှထွက်သွားသည်။ သီး သန့်အခန်းလေးဖြစ်နေ၏။ သူမ အထိန့်တလန့် ငြင်းဆန် ဟန်ပြင်လိုက်သဖြင့် သူက သူမလက်ကို ဆက်ကနဲ ဆွဲယူကာ



အခန်းထဲဝင်လေ၏။ ဒေါသထွက်စရာ ကောင်းလောက် အောင်ထင်ရာစိုင်းနေတဲ့လူပဲ၊ အခန်းထဲရောက်တော့ သူမ က လက်ကိုစောင့်ရုန်းဖြစ်သည်။

"မင်း ယဉ်ကျေးမှုကို နားမလည်ဘူးလား'မှုး' ကိုယ် ကမင်းကို ဘာလုပ်မှာမို့လို့လဲ၊ မင်း ဟန်သိပ်ပျက်လွန်းတယ်"

"ကျွန်မကို အခန်းထဲခေါ်လာခဲ့ရတာလဲ"

"စားသောက်ဆိုင်ရဲ့ သီးသန့်ခန်းလေ၊ ကိုယ်က ဟိုတယ်ကြီးရဲ့ အိပ်ခန်းထဲခေါ်လာတာမှ မဟုတ်တာ"

"ရှင်'

"အပိုတွေလုပ်မနေစမ်းပါနဲ့၊ ကိုယ်က စကားအေး အေးဆေးဆေးပြောရအောင် သီးသန့်ခန်းမှာစားတာ၊ ကိုယ် တို့အသိုင်းအဝိုင်းတွေရဲ့ ယဉ်ကျေးမှုပဲလေ"

သူမ ဘာမှဆက်မပြောချင်တော့ပေ၊ တော်တော် လေးနိုင့်ထက်စီးနင်း ပြောဆိုတတ်တဲ့လူပဲ။ မုန်းစရာကောင်း လိုက်တာ သခင်တော်တော်လေး မခံချိမခံသာဖြစ်နေသည်။ သူမကိုလဲ 'မှုး' တဲ့၊ သခင်လို့မခေါ်နိုင်ဘူးတဲ့၊ လက်ပေါက် ကတ်တာပဲ။ မိဘတွေမျက်နှာရှိနေ၏။ သခင်သည်းခံနေ လိုက်သည်။

"ဘာစားမလဲ"

"ရှင်မှာချင်တာမှာ"

www.burmeseclassic.com

www.burmeseclassic.com



"လေသံကို နည်းနည်းပြင်လိုက် . . . ကိုယ်က အငြိုးကြီးတတ်တယ်နော်။ မင်းကိုယ့်ကို အကြောကြီးနဲ့ ဆက်ဆံလို့ ရမယ်မထင်နဲ့"

"ဘာရှင့်"

သူမ ဒေါသဖြစ်ဖြစ်နှင့် အပြီးထွက်သွားမယ်ပြင်တော့သူက သူမလက်ကိုဆွဲပြီး ပြန်ထိုင်စေသည်။

"မင်း . . . အဲဒီလို အောက်တန်းကျတဲ့ အပြုအမူမျိုးမလုပ်ပါနဲ့၊ ကိုယ်က လူကြီးလူကောင်း "

ဘယ်လိုလူလဲ၊ ဘာဖြစ်လို့များတွေ့တွေ့ချင်း သခင့်ကို အပေါ်စီးကနေ ဖိနှိပ်ဆက်ဆံချင်ရတာလဲ၊ ဒေါသဖြစ်ပေမယ့်ယဉ်ကျေးမှုအရ ဆက်ပြီးထိုင်နေရသည်။

"မာမီက ကိုယ့်ကိုပြောတယ်၊ မင်းသွားတွေ့ရမယ့် မှူးသခင်ဆိုတာ မင်းလက်ထပ်ရမယ့် မိန်းကလေးတဲ့"

"ရှင်"

"ကိုယ်က လာကြည့်တာ"

ဟွန်း . . . ဘယ်လိုလူလဲ၊ မုန်းစရာကောင်းလိုက်တာ။ သခင်ထပြီး ထွက်သွားချင်သည်။ လူကိုကြည့်နေတဲ့ပုံက အထင်သေးအမြင်သေး ကြည့်နေသည်။

"မင်းက မဆိုးပါဘူး"

"ကျွန်မကတော့ လုံးဝမသိဘူးနော်၊ အရာအားလုံးက တဖက်သတ်တော့ လုပ်လို့မရဘူးနော်"



"ကျွန်မလို့ပဲ ပြောစမ်းပါ၊ ဘာသခင်လဲ. . . မင်းနာမည်ကို တမင်စီးစီးပိုးပိုးမှည့်ထားတာ မဟုတ်လား"

"ရှင်ပြောချင်တာဘာလဲ"

"မင်းကိုလက်ထပ်မယ်"

"ဟင်"

"ကိုယ့်မာမီရဲ့ စကားကိုကိုယ် လက်ခံလိုက်ပြီ"

ဘယ်လိုလူလဲ၊ လူကိုများ 'ဟင်းရွက်ကန်စွန်းရွက်ထင်နေလား၊ မာမီတော့ ကိုယ့်သမီးကျမှ ဝင့်လည်တော့မယ်ထင်တယ်။ သူမ စားစရာတွေပဲစားနေမိသည်။

"မှူး"

"ပြောပါ"

"ကိုယ့်အတွက်က အချစ်ဆိုတာ မလိုပါဘူး၊ ကိုယ်ကမိန်းမဆိုလို့ ကိုယ့်မာမီတစ်ယောက်ထဲကိုပဲ လေးစားအထင်ကြီးတယ်"

အရှူးပဲ . . . အခြောက်တိုက် ဘဝင်မြင့်နေတာပဲ၊ သခင်ကရော ရှင့်ကို အထင်ကြီးမယ်ထင်လို့လား၊ ဝေးသေးတယ်၊ သူမစိတ်က ဒေါသတွေဖြစ်နေရသည်။

"ကိုယ်က မင်္ဂလာပွဲကို ဒူဘိုင်းကမ်းခြေမှာလုပ်ချင် လုပ်မှာ. . . "

www.burmeseclassic.com

www.burmeseclassic.com



"အယ်. . ."

"ဘာရယ်တာလဲ"

"သဘောကျလို့"

"မင်းက ကိုယ့်ကိုမလေးမစား လုပ်လို့မရဘူးနော်၊ လင်ကို ဘုရားလို ကိုးကွယ်ရမှာ"

သခင်က ဘာဖြစ်လို့ အဲ့ဒီလိုရှင့်ကို ကိုးကွယ်ရမှာလဲ၊ မာမို့မျက်နှာထောက်ထားပြီး သခင်ဘာမှ မပြောပဲငြိမ်နေလိုက်သည်။ မြန်မြန်ထွက်သွားချင်ပါပြီ၊ သခင် စိတ်မသက်မသာနှင့် ထိုင်နေရသည်။

"ကိုယ်က ရှင်းရှင်းလင်းလင်းပြောထားမယ်နော်၊ ကိုယ်က ပွဲတက်မယားအဖြစ်မင်းကို လက်ထပ်တာ မင်းက ကိုယ့်ရဲ့ အရှင်သခင်မတော့မဟုတ်ဘူး"

"ကျွန်မဘက်က ရှင့်ကို လက်ထပ်ပါ့မယ်လို့ မပြောရသေးဘူးနော်"

"မင်း . . . ငြင်းဆန်လို့ မရပါဘူး"

"ဘာရှင့်"

"မင်း ငြင်းကြည့်လေ"

သူက စားစရာတွေဆက်ပြီး စားနေသည်။ စိတ်ပျက်စရာကောင်းလိုက်တာ။ သခင်သတိရနေတာက ညီတာပင်၊ ကိုထင်ရှားကျော်ထက် ညီတာ့ကို သခင်ပိုပြီး အထင်ကြီးလေးစားနေသည်။ ဒီလို အထက်စီးကနေ ပြောဆိုဆက်ဆံတတ်တဲ့ လူတွေကို သခင်အမုန်းဆုံးပဲ။ စားသောက်ပြီးပြန်ထွက်လာတော့မှ သခင် အသက်ရှုချောင်သွားရသည်။

♠ ♠ ♠ ♠ ♠



www.burmeseclassic.com

## အခန်း(၄)

"ဟင်. . ."

"ဘာလဲ ဘာဖြစ်တာလဲ မှူး"

"ဟို. . . ဟို ဘာမှမဟုတ်ပါဘူး"

သူ . . . ညီတာပဲ သခင်တို့ စုံတွဲကို တစ်ချက်ဝေ့ကြည့်ပြီး မျက်နှာကို လွှဲပြစ်လိုက်သည်။ ညီတာ တစ်မျိုးထင်တော့မှာပဲ၊ သခင့်စိတ်တွေ ပူလောင်ကာ ယောက်ယက်ခတ်သွားရ၏။ သူက [illegible]မလက်ကို ပိုင်စိုးပိုင်နင်းဆွဲကာ ပုခုံးကို ပါဖက်လိုက်သေးသည်။

"အို. . . ဖယ်ပါ"

"မင်း . . . မဖယ်ပစ်နဲ့နော်၊ ကိုယ်က လူကြီးလူကောင်းတစ်ယောက်၊ ကလေကချေမဟုတ်ဘူး"

သူနှင့်ခွန်းတုန့်ပြန်စကားတွေ ပြောမနေတော့ဘဲ၊ ကားပေါ်တက်ပစ်လိုက်သည်။

"ညီတာ သခင့်ကို အထင်မလွဲပါနဲ့၊ သခင်တောင်းပန်ပါတယ်နော်. . ."

သခင်စိတ်ထဲကနေ တောင်းပန်နေမိသည်။ ဒီလူ



နဲ့နေရတာ သေချင်လောက်အောင် စိတ်ညစ်နေမိ၏။ အိမ်ထဲရောက်တော့ မာမီက ပျာပျာသလဲမျက်နှာချိုသွေးနေ၍ သခင်နှုတ်ခမ်းလေးက အစူမပြေချင်ပေ။ ဒီလူနဲ့လက်ထပ်လို့တော့ မဖြစ်ပါဘူး။ သခင် ငြိမ်သက်နေသည်။

"မှူးသခင်နဲ့ လက်ထပ်ပွဲကို ကျွန်တော်လက်ခံပါတယ်. . . အန်တီ"

"အမယ်လေး . . . မောင်ထင့်ရှားရယ်၊ ဝမ်းသာလိုက်တာ. . . အရမ်းဝမ်းသာတာပဲ . . . အန်တီက မောင်ထင်ရှား ဘက်က ငြင်းမလားလို့ . . ."

"မာမီ. . ."

"ကြားတယ်နော် . . . မှူး"

ဒါဆိုလည်း ကျွန်တော်လက်ထပ်ပွဲအတွက် မာမီကို စီစဉ်ခိုင်းလိုက်ပါ့မယ်၊ အရာအားလုံးအကောင်းဆုံးတွေပဲ ဖြစ်စေရပါ့မယ်"

သူပြန်ထွက်သွားသည်။ သခင်စိတ်သက်သာရသွား၏။ မာမီကတော့ ကျေနပ်ပျော်ရွှင်နေသည်။

"မာမီ"

"ဘာလဲ. . . သခင်"

"သမီး လက်မခံဘူး"

"ဘာအေ့"

www.burmeseclassic.com



"ဒီလိုနိုင့်ထက်စီးနင်းလုပ်တတ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ သမီးလုံးဝလက်မထပ်နိုင်ဘူးနော်"

"လက်မထပ်လို့ မရဘူး မာမီအားလုံးပြောဆိုပြီးနေပြီ. . . သားလိုဖြစ်မှာစိုးလို့အေ့ . . . မာမီ ဘယ်လောက်အထိရင်ပူနေရလဲ၊ မောင်ထင်ရှားရဲ့ ချမ်းသာကြွယ်ဝမှုတွေက မခန့်မှန်းနိုင်လောက်အောင်ပဲ သမီး၊ ပညာလည်းတတ်တယ်. . . ဘာလိုသေးလဲ"

"ဒီလူက အရမ်းနိုင့်ထက်စီးနင်းနိုင်တယ်. . . မာမီ၊ သမီးကို ပွဲတက်မယားအဖြစ် လက်ထပ်တာတဲ့"

"ဘာပဲဖြစ်ဖြစ် သမီးဘက်ကနေ ငြင်းပိုင်ခွင့်မရှိတော့ဘူးလေ. . . မာမီ ကတိပေးပြီးသား သမီးကလက်ခံပါတယ်လို့၊ မောင်ထင်ရှားကျော်ဆုံးဖြတ်ချက်ပဲ အမိကပါလို့ ပြောလို့လာကြည့်တာလေ. . ."

"သခင်က ဟင်းရွက်ကန်စွန်းလား၊ လမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ကောက်ချင်တဲ့သူ ကောက်လို့ရတဲ့ ကျောက်ခဲတုံးလား"

"မောင်ထင်ရှားကျော်အတွက်တော့ မိန်းကလေးတွေက လမ်းပေါ်မှာ ပြန့်ကျဲနေတဲ့ ကျောက်ခဲသလဲတွေပဲလေ. . ."

"မာမီ. . ."



"စကားမများစမ်းနဲ့ သခင် . . . လက်ခံလိုက်၊ အခွင့်အရေးက ပြန်မရဘူး။ မောင်ထင်ရှားကျော့်ဘက်က ရွေးချယ်ပါ့မလားလို့ မာမီက စိတ်ပူနေတာ"

"သူ့အပြုအမူတွေက အရမ်းအပေါ်စီးကပဲ၊ သခင့်နာမည်ကိုတောင် သခင်လို့မသုံးရဘူးတဲ့"

"ဘာဖြစ်လဲကွယ် မှူးပဲပေါ့ . . . သခင်မဖြစ်လဲ သမီးအတွက် တခြားအကျိုးရှိတာတွေက တစ်ပုံကြီးပါ"

"သမီး အဲဒီလူနဲ့ လက်မထပ်ချင်ဘူး မာမီ. . . ချမ်းသာကြွယ်ဝတာ ဘာလုပ်ရမှာလဲ. . . သမီးက စိတ်ပဲချမ်းသာချင်တာ. . ."

"မရဘူး . . . မာမီတို့ လက်ထပ်ပွဲအတွက် စီစဉ်ရမယ်. . . မာမီ့ သမီးလေးက လိမ္မာပါတယ်ကွယ်နော်"

"ဒီလူ့ကို သခင်မချစ်ဘူး . . မုန်းတယ်. . . ရွံတယ်"

"သခင်. . ."

"အမြဲတမ်းသူ့ရဲ့ ကြေးကျွန်တစ်ယောက်လို ဆက်ဆံခံနေရမှာ. . ."

"မာမီ့သမီးလေးမှာ ပါဝါတွေရှိပါတယ်. . . မောင်ထင်ရှားကျော်ကိုတောင် ဖမ်းစားနိုင်တာပဲ. . . ဘာပဲဖြစ်ဖြစ် သမီးငြင်းလို့ မရဘူး၊ သားလိုဖြစ်မှာ မာမီစိုးရိမ်တယ်"

"ကိုကိုက ဘာဖြစ်နေလို့လဲ. . . မညှိပြာမလွန်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မတရားလုပ်နေတာပါ မာမီ၊ ကိုကိုနဲ့ အဲဒီလူ စိတ်ခ‌ေတ်ချင်းတူတယ်"

"သခင် ကိုယ့်အခန်းကိုယ် သွားနားတော့ မာမီ့မှာ အလုပ်ရှိသေးတယ် . . . သမီးမင်္ဂလာပွဲ အတွက်ပြင်ရမယ် . . ."

"မာမီ . . ."

"ငြင်းလို့မရဘူးလို့ မာမီ ပြောထားပြီးပြီပဲ သခင် . . . ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ အခွင့်အရေးကို ဘာဖြစ်လို့ လက်လွှတ်ခံရမှာလဲ . . . မာမီစီစဉ်မယ်"

ဒုက္ခပါပဲ . . . သခင်ဘယ်လိုငြင်းဆန်ရမလဲ၊ မာမီ့ကို သမီးကပါ စိတ်ဆင်းရဲသောက ရောက်အောင်လုပ်မလို့လားဆိုတော့ သခင်ဆက်ပြီး မငြင်းရဲတော့ပေ။ ကိုကို့ကြောင့်ပဲ . . . ကိုထင်ရှားကျော်နဲ့ ကိုကိုက တစ်စိတ်ထဲပဲ . . . သခင် ဝင်္ခလည်တော့မယ်ထင်တယ် . . . စိတ်ညစ်နေသည်။

"မာမီသွားပြီး အားလုံးစီစဉ်မှာနော် . . . မာမီနှလုံးသွေးရပ်ပြီးသေသွားတာကို မြင်ချင်လို့လား သမီး၊ ကိုကို့အတွက် မာမီဘယ်လောက်အထိ စိတ်ဆင်းရဲ အရှက်ရခဲ့လဲ သမီးကြောင့် မာမီဂုဏ်သိက္ခာတွေ ပြန်တက်မှဖြစ်မယ်နော် သခင် . . ."

သခင်က ကိုကို့လိုမဟုတ်ဘူး၊ မာမီ့စကားတွေကို



တသွေမတိမ်းနားထောင်တတ်သူဖြစ်သည်။ မာမီထွက်သွား၏။ သခင် ငြင်းပယ်လို့ရမည်မထင်မိပေ။ ဒီလူကို သခင်မချစ်နိုင် တကယ့်ကို တင်တင်စီးစီးနဲ့ မမညို့ပြာကို သခင်ကိုယ်ချင်းစာမိနေသည်။

"ညီတာရယ် . . . သခင်ဘယ်လိုလုပ်ရမလဲဟင်၊ ညီတာကသာ သခင့်ကို ချစ်ပြီးလက်ထပ်ယူမယ်ဆိုရင် . . . သခင်အရာအားလုံးကို စွန့်ခဲ့မှာပါနော်"

သခင့်စိတ်တွေက ညီတာ့ကို တမ်းတမ်းတတနှင့် လွမ်းဆွတ်သတိရနေသည်။ သူမတို့အတွဲကို ညီတာတွေ့သွားပြီး အထင်သေးသွားပြီလား . . . သီးသန့်ခန်းထဲအထိ ဝင်လိုက်တဲ့ သခင့်ရဲ့ အဆင့်အတန်းကို သူအထင်သေးနေမှာပဲ . . . ညီတာရယ် . . . သခင်အရမ်းသတိရတာပဲ၊ ဘာဖြစ်လို့မှန်းမသိ၊ ညီတာ့ကို စတွေ့လိုက်ထဲက သခင့်နှလုံးသားတွေထဲအထိ စူးနစ်စွာ ငြိတွယ်နေသည်။ သူမစိတ်ညစ်ညစ်နှင့် ညီတာတက်နေတဲ့ အခမဲ့သင်တန်းကျောင်းလေးရဲ့ ကော်ဖီဆိုင်လေးမှာ သူငယ်ချင်းစန္ဒာမေနှင့် အတူထိုင်နေမိ၏။ ညီတာလည်း ထိုင်နေသည်။

"သခင်"

"ဟင်"

"ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့တယ်"

"စတိုင်လ်ကတော့အရမ်းမိုက်တယ်. . စန္ဒာတောင် စိတ်ယိုင်ချင်လာပြီနော်. . ."

ညီတာက သခင်တို့ဘက်ကို တစ်ချက်ငေးကြည့်ပြီး ပြန်လှည့်သွားသည်။ ညီတာ့လက်မှာ ပတ်တီးနှင့် သခင် သတင်းမေးဖို့အတွက် ထလိုက်၏။ စန္ဒာက သွားတဲ့။ သခင့်ကို ညီတာနဲ့ သဘောတူတယ်တဲ့။ သူငယ်ချင်းတွေထဲမှာ စန္ဒာ တစ်ယောက်ထဲ အလယ်အလတ်တန်းစားဖြစ်နေသည်။

"ညီတာ"

"ဟင်"

"ဒဏ်ရာ သက်သာလားဟင်. . . ဆေးခန်းမှ ပြပါ့မလားလို့ . . ."

" သူငယ်ချင်းတွေက အလျှိုလျှိုအနားမှ ထသွားကြသည်။ ဘာသဘောနဲ့ ရှောင်ပေးကြတာလဲ . . . သခင့်မျက်နှာလေး ပူနွေးသွားရ၏။ ညီတာကတော့ ခပ်တည်တည်ပင်. . . သူမကိုကြည့်သည်။

"ဘာမှ မဖြစ်ပါဘူး သက်သာပါတယ် မှူးသခင်"

"တော်ပါသေးရဲ့ သခင်က အရမ်းစိတ်ပူနေတာ၊ ဟိုလေ. . . ဟိုမနေ့က သခင့်မိတ်ဆွေပါ"

"ဒီမှာအမိ. . . ဘာဖြစ်လို့လာရှင်းပြနေရတာလဲ၊



ဘယ်သူပဲဖြစ်ဖြစ် မင်းကိုယ်ရေးကိုယ်တာပဲလေ၊ ကိုယ်လုံးဝ စိတ်မဝင်စားဘူး"

ဘယ်လိုယောကျ်ားတွေလဲ သခင့်ဘက်မှ တောင်းတောင်းပန်ပန်နှင့် အောက်ကျခံပြောနေတာတောင် ညီတာက အေးစက်စက် မပြောချင်သလိုလို။

"မဟုတ်ပါဘူး၊ သခင့်ကို အထင်မသေးစေချင်လို့ပါ အိမ်က သဘောတူထားတာလေ. . . သခင်လက်မခံသေးပါဘူး။ ငြင်းထားပါတယ်".

"မှူးသခင်"

"ဟင်"

"ဘာဖြစ်လို့လာရှင်းပြနေရတာလဲ. . . မှူးသခင်၊ ကိုယ်နဲ့ မဆိုင်ဘူးထင်တယ်. . ."

"ဟို . . . ဟိုလေ"

"သွားတော့မယ်"

"ညီတာ"

"ကိစ္စတွေရှိသေးတယ်၊ ကျေးဇူးပြုပြီး ကိုယ်နဲ့ မပတ်သက်ချင်ပါနဲ့. . ."

ညီတာ ထပြီးထွက်သွားသည်။ သူမကြောင်တောင်တောင်နှင့် ဆက်ထိုင်နေမိရာ စန္ဒာကအနားရောက်လာ၍ သူမမျက်ခန်းလေးတွေ ရီဝေစိုစွတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်"

"ဟင်"

"ညီတာလွန်တယ်"

"သူ. . . သူ. . . သခင်ကို ဒီလိုပဲဆက်ဆံမှာပဲလေ၊ သူ့အစ်မအတွက် သခင့်တို့ကိုရွံမုန်းနေမှာပါဟာ"

"ရှင်ကတော့ ညီတာနဲ့ ပတ်သက်လာရင်အကောင်းတွေပဲ ဖြစ်နေပါလား သခင်ရယ်. . . ဟိုလူကျတော့ ရှင်က ဒေါသကြီးပဲ. . ."

"ညီတာနဲ့ သူက မတူဘူးလေ . . . ဟိုလူက အခြောက်တိုက်ဘဝင်မြင့်နေတာပဲ၊ အထက်စီးကနေ ဆက်ဆံတာဟ . . . သခင်လုံးဝအထင်မကြီးဘူး ချစ်လည်းမချစ်နိုင်ပါဘူး. . ."

"သခင်"

"ဟင်"

"တကယ်လို့ ညီတာက ရှင့်ကို လက်ထပ်မယ်တောင်းဆိုရင် သခင်လိုက်သွားမှာလား . . ."

"အင်း"

"တကယ်. . ."

"အင်းပါဆို. . ."

"အဆင်းရဲခံနိုင်လို့လား သခင်ရာ . . . ဘဝက



အရမ်းကြမ်းတမ်းတယ်နော်. . . ကိုထင်ရှားကျော်နဲ့ လက်ထပ်ရင် ရှင့်ဘဝအရာရာ ပြည့်စုံချမ်းသာနေမှာ. . ."

"ချမ်းချမ်းသာသာနေရတာထက် စိတ်ချမ်းသာမှုက အလိုအပ်ဆုံးပဲလေ . . . ညီတာနဲ့ အတူတူဆိုသခင်လေ ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်တယ်"

"ဟုတ်ပဲ့မလား သခင်. . . တကယ်တမ်းလက်တွေ့မှာတော့ ခက်ခဲပင်ပန်းတယ်. . ."

"ညီတာကို. . . ချစ်တယ်"

ညီတာကို ချစ်တယ်. . . ညီတာကို ချစ်တယ်ဟု အော်ဟစ်ပြောချင်နေသည်။ ကိုကိုကြောင့်ပဲ မမညီပြာကို မတရားနှိပ်စက်နေတာ၊ အခု သခင်က ဝင်ရှုပ်လည်ပြီး ခံရတော့မယ်လေ။ ဟိုလူ အရမ်းမုန်းစရာကောင်းတာပဲ၊ သူမကိုပတ်ဝန်းကျင်က ကြည့်နေကြသည်။

"သွားကြမယ်. . . သခင် ပတ်ဝန်းကျင်က ကြည့်နေပြီ. . . ရှင့်ပုံစံက ညီတာ့လို ယောကျာ်းတစ်ယောက်ကို အောက်ကျခံ ဆက်ဆံတဲ့ပုံစံ ပေါက်နေပြီထင်တယ်. . ."

" ဘာဖြစ်လို့လဲ ညီတာနဲ့ ပတ်သက်လာရင် သခင် ဘာမဆိုရင်ဆိုင်နိုင်တယ်"

ညီတာရယ် . . . သခင်ဘယ်လို လုပ်ရမလဲဟင်၊ ညီတာ့ကို ချစ်တယ်. . . သခင် ချမ်းသာကြွယ်ဝမှုတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မမက်မောတော့ဘူး။ ညီတာအတွက်ပဲ ပေးဆပ်ချင်ပါတယ်။ သူမထပြီးပြန်လာခဲ့သည်။

"သခင်. . . ကားကိုလည်းဂရုစိုက် မောင်းပါဦး ဟယ်. . . ရှင့်စိတ်တွေ ဘာဖြစ်လို့ ဒီလောက်ထိအသိကင်းမဲ့နေရတာလဲ. . . ကားက ဒယိမ်းယိုင်နဲ့ . . ."

"ဟုတ်သားပဲ. . ."

သူမ စိတ်ကိုကားဆီပြန်၍ပို့ရသည်။ ညီတာရယ် သခင်လေစိတ်တွေ အရမ်းပျံ့လွင့်နေတယ်. . . စုစည်းလို့ တောင်မရတော့ဘူး။ သခင့်ရဲ့ ချမ်းသာကြွယ်ဝမှုတွေကပဲ ညီတာနဲ့ ဝေးကွာစေနေတာလားဟင်. . . သခင်ပြန်ရောက်သည်နှင့် အခန်းအောင်းနေလိုက်သည်။

♠ ♠ ♠ ♠

အခန်း(၅)

"ညီပြာ"

"မောင်. . ."

"မင်းကိုငါ ပြောထားတယ်မဟုတ်လား၊ ငါသောက်တတ်တဲ့အရက်ကို မပြတ်အောင် သတိထားပါလို့ . . . ဘယ်မှာလဲကြည့်စမ်း"

မောင်က အကြွင်းအကျန်လေးတောင် မရှိတော့တဲ့ အရက်ပုလင်းကို ကိုင်ပြီး ညီပြာရှေ့ရောက်လာသည်။ပိုက်ဆံက မရှိတော့ဘူး။ ညီပြာ့ လခလည်းပြုတ်ပြီ။ ဖေဖေနှင့် မောင်လေးဆီသွားဖို့ကလည်း ညီပြာမသွားရဲပေ။ သူမက မိဘနဲ့မောင်လေးကို အရှက်ရအောင်လုပ်ခဲ့မိတာပဲ။ မောင့် မျက်ဝန်းတွေက ဒေါသရောင်တလက်လက်ထနေသည်။

"မင်းတမင် ငါ့ကိုမထီမဲ့မြင်လုပ်တာပဲ. . . ငါ့ကို အာခံတာပဲ. . . ညီပြာ"

"ဝုန်း . . ."

"ခွမ်း . . . ဂျလွမ်း . . ."

"ဟင်. . ."

"ညီပြာအထိန်တလန့်နှင့် နောက်ပြန်ဆုတ်မိသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင့်ဒေါသတွေက မီးဝင်းဝင်းတောက်နေ၏။ ညိုပြာ့ကိုသတ်ပြစ်ချင်တာလား။ သူဌေးသားတစ်ယောက်အနေနှင့် မောင်ဒီလောက်တော့ ခံစားနေရမည်ဟု ညိုပြာတွေးယင်း အပြစ်မတင်မိ။ ညိုပြာ့ဝမ်းထဲမှာ လွယ်ထားရတဲ့ ရင်သွေးလေးမွေးဖွားပြီးတဲ့အထိ မောင်. . . ညိုပြာ့အနားမှာဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် ရှိနေစေချင်သည်။

"သွားဝယ် . . . မင်း မရ ရတာတဲ့ နည်းနဲ့ရှာပြီးငါသောက်မယ့်အရက်ဝယ်လာခဲ့ . . ."

"ဝုန်း . . ."

"အမယ်လေး . . ."

"ဘာအမယ်လေးလဲ . . . သွားလေ၊ မင်းပဲငါ့ကိုလက်ထပ်ယူဖို့ အကြပ်ကိုင်ခဲ့တာလေ. . . ငါက ငြင်းရင်မင်းက ထောင်ထဲပို့မှာ မဟုတ်လား . . ."

"ညိုပြာ့အတွက် အရှက်တကွဲမဖြစ်ဖို့ နည်းလမ်းမရှိတော့လို့ပါ မောင်. . . ရင်သွေးလေးမွေးပြီးရင် မောင့်ဆန္ဒအတိုင်း ညိုပြာကွာရှင်းပြတ်ဆဲပေးမှာပါ"

"ဘာရင်သွေးလေးလဲ . . . မင်းအမိဖမ်းလိုက်တာငါက မင်းလိုမိန်းမနဲ့သွေးကို အသိအမှတ်မပြုဘူး၊ ငါ့ဘဝငါ့အရှက်သိက္ခာတွေ အဖတ်ဆယ်လို့တောင်မရတော့ဘူးကွ"

'မောင်' ဒေါသတကြီး အော်ဟစ်နေသဖြင့် သူမ



ကြောက်လန့်တကြားနှင့် အပြင်ကို ထွက်လာခဲ့သည်။ မောင်သောက်တဲ့ အရက်ကဈေးကြီးလွန်း၏။ အင်းလေ . . . မောင်က သူဌေးသားပဲ. . . ညိုပြာ့အမှားပါ၊ မောင့်စကားတွေက အမှန်ပဲ. . . သူမက အမိဖမ်းခဲ့တာပါ၊ အခြေအနေက ညိုပြာမျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။ ယောက္ခာကြီးက အဖက်မတန်ဘူးဆိုပြီး အဆက်အဆံမင်မလုပ်။ သူမဘယ်လိုလုပ်ရမလဲ။ မောင့်အတွက်အရက်က ကုန်နေပြီ။ ညိုပြာကြံရာမရသဖြင့် သူငယ်ချင်း နှင်းနှင်းဆီရောက်လာခဲ့သည်။

"နှင်း . . ."

"ဘာလဲ ညိုပြာ "

" ပိုက်ဆံ ငါးသောင်းလောက်ချေးပါဟာ လကုန်ရင်. . . ညိုပြာပြန်ပေးပါ့မယ်. . ."

"ငါ့မှာလည်း မရှိဘူး၊ ညိုပြာ . . . နင်က သူဌေးသားနဲ့ ညားပြီး ဘယ်လိုဖြစ်နေရတာလဲဟဲ့"

"ငါ့ကိုလောလောဆယ် မောင့်အမေက အမွေဖြတ်ထားလို့လေ"

"မရှိပါဘူးဟာ. . . ငါက သူဌေးမှ မဟုတ်တာ"

"နင့်မှာ ရှိပါတယ်ဟာ. . . လုပ်ပါ၊ ငါတောင်းပန်ပါတယ်. . . ရှစ်ခိုးပါတယ်. . . ငါဆက်ဆက်ပြန်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



“မရှိဘူး . . . ရှိရင်လည်း ပြန်ရမှာ မဟုတ်လို့ မချေးနိုင်ဘူး. . . ညိုပြာ. . . ပြန် ”

“နှင်းရယ်. . . တစ်ကြိမ်ထဲပါဟာ၊ ဒီတစ်ကြိမ်ထဲပါ တောင်းပန်ပါတယ်။ ဒါမှမဟုတ်လည်း တစ်ရက်ထဲပဲ ချေးပါ ငါပြန်ရှာပေးပါ့မယ်. . . ”

“မချေးဘူးဟာ. . . ပြန်တော့၊ နင့်ကို မချေးနိုင်ဘူး လို့ပြောထားပြီးပြီပဲ. . . ထွက်သွားဟာ”

နှင်းနှင်းက အိမ်ထဲသို့ပြန်ဝင်သွားသဖြင့် ဘယ်လိုမှ ရနိုင်မှာမဟုတ်ကြောင်း ညိုပြာသိလိုက်သည်။ ညိုပြာဘာဆက်လုပ်ရမလဲ။ မောင့်အလိုဆန္ဒတွေကို ညိုပြာဖြည့်စွမ်းပေးချင်၏။ ညိုပြာ့ အမှားပဲ. . . ။ ညိုပြာ ရင်သွေးလေးမွေးပြီးရင်. . . ရင်သွေးလေးကိုတွေ့ရင်တော့ မောင်စိတ်ပြောင်းသွားမယ်ဆိုတာ သူမမျှော်လင့်နေသေးသည်။ ဖေဖေ့ဆီသွားရမလား၊ မောင်လေးညီတာက အရှက်ကြီးသူ။ ညိုပြာဒီလိုလုပ်တာနဲ့နဲလေးမှ လက်မခံပေ။ တခြားမရှိတော့ဘူး ဖေဖေဆီပဲသွားရမှာပဲ၊ ပြီးတော့ ညီမလေးမှုသခင်ရော ရမှာသေချာသည်။ ညီမလေးဆီက အကူအညီတောင်းတာ မောင်သိသွားရင် မလွယ်၊ ဒေါသတွေပေါက်ကွဲမှာပါ။ ဖေဖေ့ဆီပဲသွားကြည့်မယ်။ မောလိုက်တာ. . . ညိုပြာ အအိပ်ပျက်အစားပျက်နှင့် အားနည်းနေသည်။ ဖေဖေကရော ဘာရှိမှာ



လဲ၊ သူမကြောင့် ဖြတ်ထားတဲ့အရက်တောင် ပြန်သောက်နေပြီတဲ့။ မောင်လေးက ဘဝကိုရုန်းကန်ကြိုးစားနေရှာသည်။ ညိုပြာပဲ အစ်မတစ်ယောက်အနေနှင့် တာဝန်မဲ့နေ၏။ သူမခြေဦးတည့်ရာ လျှောက်နေမိသည်။

“ကျွီ. . . ”

“ဟင်. . . ”

“မမ. . . ”

“သခင်. . . ”

သူမ ကားလေးရပ်ပြီး လမ်းမပေါ်မှာ အရူးမတစ်ယောက်လို ငေးကြောင်ကြောင်ရပ်နေတဲ့ မမညိုပြာကို ခေါ်လိုက်သည်။

“မမ . . . ဘယ်သွားမလို့လဲ”

“ဟို . . . ဟို”

“တက်လေ”

“နေ. . . နေပါစေ သခင်. . . ညီမလေး မမတို့ အိမ်လိုက်လာမလို့လား . . . မလိုက်ပါနဲ့ မောင်က ကြိုက်မှာမဟုတ်ဘူးနော်”

“မမ သွားချင်တဲ့ နေရာသွားမလို့ပါ”

“လိုက်ပို့မယ်လေ . . . တက်ပါ”

“ဟင့်အင်း”

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကိုတွေ့နေပြီပဲ၊ ပိုက်ဆံချေးရင်ကောင်း မလား . . . မောင်သိသွားရင် ပြဿနာ. . . ညီမလေးရော ဒီကိုဘာလာလုပ်တာလဲ . . . ညိုပြာတို့ကို လာကြည့်တာပဲ ဖြစ်မည်။

"မမ. . . ဘာဖြစ်နေလဲ၊ သခင့်ကိုပြောပါ ကူညီပါ့ မယ်. . . ကိုကို မသိစေရပါဘူး"

"ဟင့်အင်း"

"တက်ပါ. . . တစ်ခုခု သွားစားမယ်၊ စကားပြော ကြရအောင်"

"မဖြစ်ပါဘူး . . . သခင်၊ ညီမလေးလည်း ဒီကို နောက်ထပ်လာစရာ မလိုဘူးထင်တယ်၊ မမအတွက် စိတ် သောကတွေ မရောက်ပါနဲ့"

မမညိုပြာက မိန်းမချောလေးတစ်ယောက်ဟု သခင် တွေးနေမိသည်။ နှမြောစရာ ကိုကိုရက်စက်တယ်။ ဘာဖြစ် လို့များ ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာလဲ. . . မမညိုပြာကို သနားနေမိ၏။ သခင်ကကားပေါ် အတင်းတက်စေသည်။

"မမ"

"ဟင်"

"ဘာစားမလဲ"

"ညီမလေးရယ်. . . မမကတော့ ဘာမဆိုရပါတယ်၊



ညီမလေးကို အားနာလို့ပါ"

"စားပါ"

ညီမလေးရယ်. . . ကျေးဇူးတင်လိုက်တာ၊မမကို တန်းတူနဲ့ ညှာညှာတာတာဆက်ဆံပေးတာ ကျေးဇူးတင်ပါ တယ်။ ညိုပြာမထူးတော့၍ ညီမလေးအကူအညီပဲ ယူလိုက် သည်။

"မမလိုတဲ့ငွေယူပါ. . . အားမနာပါနဲ့ . . . ကိုကို မသိစေရပါဘူး . . . ယူနော်"

"အများကြီးတော့မပေးပါနဲ့ ညီမလေးရယ်၊ နဲနဲဆို ရပါပြီ"

"ယူပါ. . . အားမနာပါနဲ့၊ ညီမလေးပေးရမှာပဲ၊ သခင်လေ. . . ကိုယ်ချင်းစာပါတယ်"

"ကျေးဇူးပါပဲ. . . ညီမလေးရယ်"

ညိုပြာ. . . ပိုက်ဆံရလာ၍ စတိုးဆိုင်ကိုဝင်ပြီး မောင့်သောက်တတ်သော အကောင်းစား အရက်ပုလင်း ဝယ်သည်။

"မမ"

"ဟင် . . . ညီတာ"

"အရက်လာဝယ်တာလား . . . မမ ဘယ်လောက် အထိများ ဝင်ငွေတွေကောင်းနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မမကလေ . . . မမ"

"ညီ . . . သွားတော့မယ်"

"ဖေဖေရောနေကောင်းလား . . . ညီတာ"

"ကောင်းပါတယ်"

"ဆေးဖိုးလေ. . ."

"မမ . . . ဘာဖြစ်လို့လာပေးနေရတာလဲ၊ ဖေ့ဖေ့အတွက် ကျွန်တော်တစ်ယောက်လုံးရှိပါတယ်"

"ညီတာ"

"သွားတော့မယ်"

"နေပါအုံး"

"မှူးသခင်ဆီက အကူအညီကို မယူပါနဲ့"

"မောင်လေးရယ်"

မှူးသခင်ဆီက အကူအညီတွေမယူစေချင်ပေ။ ကိုဆက်မော်ကလည်း မမကိုနှိပ်စက်နေတဲ့ သတင်းတွေကြားနေရသည်။ အခုလည်း ဝင်ငွေမကောင်းတဲ့မမကို အရက်အကောင်းစားတွေ ဝယ်ခိုင်းနေ၏။ တမင်နှိပ်စက်နေတယ်ဆိုတာသူသိသည်။

"ချမ်းသာတဲ့ ယောက်ျား တစ်ယောက်ကို ယူလို့ စည်းစိမ်ချမ်းသာတွေ ပြည့်စုံတာမျိုး ကျွန်တော်အရှက်ဆုံးပဲ မမ. . . အကောင်းဆုံးက မမ ယောက်ျားကိုကွာရှင်းပြီး



ညီတာတို့လာနေပါ"

"ဟင်"

"မမ ဘာဖြစ်လို့ ဒီဘဝကြီးကို မက်မောတွယ်တာနေရတာလဲဗျာ. . ."

"မမ အတွက် နောက်ဆုတ်လို့ မရတော့လို့ပါ. . . မမ ဘဝနဲ့ မမ ပဲရှိပါစေတော့"

ညီပြာပြန်ထွက်လာခဲ့သည်။ မောင်လေးညီတာ့ရှေ့မှာရပ်နေရတာပင် စိတ်တွေယိုင်ခွေလဲကျချင်နေ၏။ မမအမှားတွေပါ။ ဒီဘဝကို မက်မောနေတာမဟုတ်ပေမယ့် မမရွေးခြယ်လိုက်မိတာပဲ။ မမ ရင်သွေးလေးအတွက်ပဲ စဉ်းစားလိုက်လို့ပါ။ သူမအိမ်လေးထဲ ပြန်ဝင်လာသည်။

"မောင်"

"ဟင် . . . မင်းပြန်လာပြီလား၊ ဘာဖြစ်လို့နောက်ကျနေတာလဲကွ. . . ပြောစမ်း"

"ဟို. . . ဟို"

"မင်းဘယ်ကနေ ပိုက်ဆံရှာလာတာလဲ၊ လည်လှချည်လား . . . ညီပြာ၊ ငါ့ညီမလေးဆီက တောင်းလာတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး၊ ကျွန်မ သူငယ်ချင်းဆီက ချေးလာတာပါ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ. . . မင်း ဘယ်လိုပဲရှာရှာ အရေးကြီးတာက ငါ့အတွက်အားလုံး အစဉ်ပြေဖို့ပဲ "

ညိုပြာ ဘာမှဆက်ပြီး မပြောလိုတော့ပေ။ မောင့်ရဲ့စိမ်းကားရက်စက်မှုတွေက ညိုပြာ့ဘဝကို နင်းခြေပစ်ဖို့ကလွဲပြီး တခြားမရှိ။ ဒီလိုယောကျ်ားတစ်ယောက်ကို ညိုပြာက ဘာဖြစ်လို့ ချစ်မြတ်နိုးနေရတာလဲ။ သူမက ဘာမှတွေးတောမနေတော့ပဲ မောင့်အတွက် အမြည်းတွေကြော်ပေးနေသည်။

"ညိုပြာ"

"မောင်"

"မင်းပိုက်ဆံတွေ ဘယ်ကရလာတာလဲ. . . ငါ့ညီမဆီကတောင်းတာ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မောင်. . . "

ညိုပြာ အသံတွေပင်တုန်ရီချင်လာသည်။ မောင့်အတွက် စားစရာတွေချပေးပြီး ညိုပြာမီးဖိုခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ဒုက္ခပါပဲ. . . ရင်မောလိုက်တာနော်"

ညိုပြာ့အတွက်မှားပြီ. . . မောင့်ကို အရယူဖို့ ကြိုးစားခဲ့မိတဲ့စိတ်. . . သောကတွေကြီးမားစွာ ဖိစီးနေရသည်။ ညိုပြာမှားပါတယ်. . . ဖေဖေနဲ့မောင်လေး ဘယ်လောက်ရှက်နေလိုက်မလဲ. . . ညီတာကလည်း ဘယ်သူ့မှအောက်



ကျမခံပဲ ဘဝကိုတည်ဆောက်နေသူ။ ညိုပြာမှားတာပါ။ ဝတ်ချင်၊ စားချင်၊ သူဌေးဖြစ်ချင်တဲ့ စိတ်တွေကြောင့်ပဲ. . . ညိုပြာ့ မျက်ဝန်းတွေထဲ မျက်ရည်တွေကပြည့်နေသည်။

"ညိုပြာ"

"ဟင်"

မောင့်အသံကြီးက အိမ်ရှေ့ခန်းကနေ ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ညိုပြာ"

"ရှင်"

"လာအုံး"

ညိုပြာ. . . မောင်ရှိနေတဲ့ အိမ်ရှေ့ခန်းသို့ အပြေးအလွှားရောက်လာရသည်။

"မင်းဘာဖြစ်လို့ ဝင်နေရတာလဲ. . . ဘာလဲ ငါ့ကိုရှောင်နေတာလား"

"မရှောင်ပါဘူး မောင်ရယ်၊ ဘာလိုချင်လို့လဲဟင်"

"ဝက်အူချောင်းကြော်ပေးအုံး . . . မင်းဒီလောက်နည်းနည်းလေးကြော်လာတာ ထပ်ကြော်ပေး"

"ဝက်အူချောင်း ကုန်သွားလို့ပါ မောင်. . . "

"ဘာ"

"ကျွန်မ ထွက်ပြီး သွားဝယ်ပါ့မယ်. . . "

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အမေ့"

မောင်က စားပွဲကို မှောက်ချပစ်လိုက်သည်။ သူမ အထိတ်တလန့်နှင့် နောက်ကိုဆုတ်လိုက်စဉ် လဲပြိုကျသွားသည်။

"သွား . . . အခုသွားပြီး ဝက်အူချောင်း ဝယ်လာခဲ့ မင်းနားမလည်ဘူးလား . . . ငါစားချင်တာတွေ မြန်မြန်ဝယ်လာခဲ့"

"သူမ . . . ကပျာကယာထပြီး အပြင်ကိုထွက်လာခဲ့သည်"

♠ ♠ ♠ ♠

အခန်း( ၆ )

"ညီတာ. . ."

"ဟင်. . . မင်း . . . မင်း ဘာဖြစ်လို့ဒီရပ်ကွက်ကို လာရတာလဲ၊ မင်းမလာသင့်တဲ့ နေရာလို့ ကိုယ်ရှင်းရှင်းလင်းလင်းပြောထားတယ်မဟုတ်လား"

"ညီတာ့လက်လေ သခင်အရမ်းစိတ်ပူနေလို့"

"မင်းတစ်ခုခု အကြောင်းပြပြီး ကိုယ့်ကိုတွေ့ဖို့ကြိုးစားနေတာလား။ မင်းမှာ ဘာအကြောင်းရှိနေလဲ။ ကိုယ့်မမကြောင့်လား ကိုယ်တောင်းပန်ပါတယ်. . . မှူးသခင်. . . မင်းကိုယ်နဲ့ ပတ်သက်ဖို့လုံးဝ မကြိုးစားပါနဲ့"

"ဟုတ်တယ် . . . ညီတာက မပတ်သက်နဲ့ ပြောပေမယ့် သခင့်အတွက် အရမ်းစိတ်ပူနေလို့ပါ"

"ဘာဖြစ်လို့ စိတ်ပူရတာလဲ. . . ကိုယ်အစွမ်းအစရှိတဲ့ ယောကျ်ားလေ. . . ပြီးတော့ မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့ကို စိတ်ပူစရာ ဘာအကြောင်းမှမရှိဘူး"

သူပြတ်ပြတ်သားသားပဲ ပြောပစ်လိုက်သည်။ အိုး

www.burmeseclassic.com

www.burmeseclassic.com



သခင်နှင့် မပတ်သက်လိုပေ. . . ပြဿနာတွေအဖြစ်မခံနိုင်၍ကင်းကင်းရှင်းရှင်းနေချင်သည်။ မမကိုလည်း ကိုဆက်မော်က ပညာရှိနှိပ်စက်နေ၏။ စိတ်ပျက်လိုက်တာ . . . ညီတာကလည်း မိန်းကလေးတစ်ယောက်နှင့် ပတ်သက်ပြီး ကြီးပွားချမ်းသာတာမျိုး လုံးဝမလုပ်ချင်. . . သူ့မှာ မာနတွေရှိနေသည်။

"ညီတာရယ် သခင်လာတာ မမကိုလည်း လာကြည့်တာပါ. . . သခင့်ကိုကိုက မတရားနှိပ်စက်နေတာဆိုတော့ သခင် စောင့်ရှောက်ချင်လို့ပါ"

"ဟာကွာ. . ."

မမကို စောင့်ရှောက်ချင်ရင်လည်း မမဆီပဲသွားသင့်သည်။ သူနှင့် လာရောက်ပတ်သတ်နေတာ သူ့စိတ်ထဲမှာကသိကအောက် ဖြစ်ရလွန်းသည်။ ညီတာက မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေချင်၏။ အထူးသဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့သော မှူးသခင်တို့ အသိုင်းအဝိုင်းတွေနှင့် အကင်းရှင်းဆုံးနေချင်မိသည်။

"သခင်သွားတော့မှာပါ ဒီလောက်အထိစိမ်းစိမ်းကားကား နှင်ထုတ်မနေစမ်းပါနဲ့ ညီတာရယ်. . . သခင်က စိတ်ရင်းနဲ့ ညီတာနဲ့ အစဉ်ပြေချင်တာပါ"

"ဘာ"



"သခင်သွားတော့မယ်"

မှူးသခင်က ကားလေးပေါ်တက်ပြီး မောင်းထွက်သွားသည်။ ဘာတွေလဲကွာ မမရော ဘယ်လိုကယ်တင်ရမလဲ. . . ဒီလမ်းက မမရွေးချယ်တဲ့လမ်းပဲ။ သူပြန်ဖို့ပြင်တော့ မမ ခပ်သုတ်သုတ်ပြန်ထွက်လာတာကို တွေ့လိုက်ရသည်။

"ညီတာ"

"ဟင်. . . မမ"

မမကိုကြည့်ရတာ ပိန်ချုံးနေကာ ယောက်ျားအတွက်အရေးတကြီး တစ်ခုခုလာဝယ်ပုံပင်။ မမရယ်. . . ညီတာစိတ်မကောင်း ဖြစ်လိုက်ရတာ။ မှူးသခင်က လာရောက်ကူညီနေသလိုပင်. . . ညီတာ့ကို နှုတ်ဆက်ပြီး ဆိုင်ထဲဝင်သွားသည်။

"မမ"

"ဟင်"

"အိမ်ပြန်လာခဲ့ပါ"

"မဖြစ်ဘူး"

"ဘဝက ဘာထူးမှာလဲ ဘာတွေထူးခြားလာမှာမို့ မမက ဒါကိုဖက်တွယ်ထားရတာလဲ. . . အိမ်ပြန်လာခဲ့ပါ၊ ညီတာရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမမှာ ကိုယ်ဝန်ရှိနေတယ်၊ အဲဒီကလေးအတွက် အဖေလိုအပ်တယ်"

"မမ"

"မမ သွားတော့မယ်"

ဆိုင်ထဲသို့ အပြေးအလွှားဝင်သွားပြီး ဝက်အူချောင်းတွေဝယ်ပြီးပြန်ထွက်လာသည်။

"မောင်လေး . . . ဖေဖေ့ကို မမလာတွေ့ချင်တယ် ပြောစရာတွေလည်းရှိတယ်. . . မမ ကိုခွင့်လွှတ်ပါကွယ်"

"မမ"

"သွားပြီ"

မမကတော့ ယောကျ်ားအတွက် ဒီလောက်အတွက် ပဲပေးဆပ်နေရတာလား၊ ကလေးကြောင့်တဲ့ ဒီလူ. . . ယုတ်မာသည်။ ညီတာ သတင်းတွေကြားနေရ၏။ မမတာဝန်တွေပဲတဲ့။ ဟိုလူလိုအပ်သမျှ မမကပေးဆပ်နေရသည်။ သူအိမ်ပဲပြန်လာခဲ့၏။ ဖေဖေ အရက်မသောက်တော့ အိပ်ယာထဲမှာလဲနေသည်။

"ဖေဖေ"

"ဟင်"

"နေမကောင်းဘူးလား"

"အင်း"



"ဆေးခန်းပြရအောင်"

ဦးမောင်မောင်တာကတော့ လိမ္မာပြီးတည်ကြည်တဲ့ သားညီညီတာကို သနားကြင်နာစွာ ကြည့်မိသည်။ မိုက်မဲတဲ့ သမီးကြောင့် သားလိမ္မာလေး ဘယ်လောက်အထိ အရှက်သိက္ခာမဲ့နေရလဲ၊ သမီးသတင်းတွေ မိမိကြားရပြီး စိတ်ထိခိုက်ကြေကွဲစွာ နလံမထူနိုင်တော့ . . . အရက်ဖြတ်ထားတဲ့ ဒဏ်ကလည်းရှိနေသည်။

" ဆေးခန်းပြလောက်အောင်တော့ မဖြစ်ပါဘူး သားရယ် ရပါတယ်၊ ဖေဖေ နည်းနည်းလေး အားနည်းနေတာပါ. . ."

"ဖေဖေထ. . ."

"အင်း"

"သား အိုဗာတင်း တစ်ဗူးဝယ်လာတယ်. . . ဖေဖေကိုဖျော်ပေးမယ်နော်"

"သား"

"ဗျာ"

"ဖေဖေ အရမ်းနောင်တရတယ်ကွာ. . . ဘာပဲဖြစ်ဖြစ်သမီးလေး ဒီဘဝရောက်ရတာလည်း ဖေဖေ့ကြောင့်ပဲ၊ အဖေတစ်ယောက်ရဲ့ တာဝန်မကျေခဲ့လို့ပါ"

"တော်ပါတော့ ဖေဖေ. . . ဘာပဲဖြစ်ဖြစ် ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သားလေးစားချစ်ခင်ရတဲ့ အဖေပါ. . . ဖေဖေ အသက်ရှင်မှ ဖြစ်မယ်နော်၊ စိတ်အားငယ်စရာတွေ မတွေးပဲ ကျန်းမာအောင်နေပါ"

သားက လိမ္မာလေ မိမိစိတ်ထဲမှာ ယူကျုံးမရဖြစ်ရလေပါပဲ စိတ်ကို တင်းထား၍မရ။ သမီးလေးကို ယောက်ျားက ပညာရှိ ညှဉ်းပန်းနှိပ်စက်နေတာတွေ မိမိသတင်းတွေကြားနေ၍လည်း မိမိဘယ်လိုမှ တာဝန်ယူနိုင်ခြင်းမရှိ ဖြစ်နေကာ စိတ်ထိခိုက်ကြေကွဲနေရသည်။

"ဖေဖေ. . . သောက်ပါ၊ အရက်ဖြတ်ထားတော့ အားရှိဖို့ လိုအပ်တယ်လေ. . . သားတစ်ယောက်လုံးရှိပါတယ် ဖေဖေရာ အားမငယ်နဲ့နော်. . ."

"သား"

"ဗျာ"

"မမလေ မင်းမမကို အိမ်ပြန် ခေါ်ပေးစမ်းပါကွာ၊ ယောက်ျားရဲ့ အနှိပ်စက်ခံနေရတာ ဖေဖေကြားတယ်. . . ဖေဖေအရမ်းပဲ စိတ်ထိခိုက်ရလွန်းလို့ပါ"

"မမ ဘဝနဲ့ ဘဝပါပဲ ဖေဖေ. . ခေါ်လို့မရဘူး၊ မမကိုယ်တိုင်က ဒီဘဝကို နှစ်သက်နေတာပါ"

"ဖေဖေ အရမ်းပဲခံစားနေရတယ်. . . တော်တော်အကြင်နာကင်းမဲ့တဲ့ ဟာတွေပဲ. . . ဒင်းညီမ ရှိသေးတယ်ဆို



နှမချင်းကိုယ်ချင်းမစာကွာ"

"ဒီကိစ္စတွေက မမရွေးချယ်ခဲ့တာပါ၊ အားလုံးကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ . . . ဖေဖေ နေကောင်းအောင်ပဲနေပါ၊ မမဘဝကို ဖေဖေ ဖြစ်စေချင်ဖြစ်လာဖို့ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်"

ညီတာကတော့ ဖေဖေအသက်ရှင်ပြီး စိတ်ချမ်းသာပျော်နိုင်ဖို့ပဲ အလိုလားဆုံးဖြစ်နေသည်။ ဖေဖေအားရှိစေရန် အိုဗာတင်းနှင့် မုန့်ကျွေးပြီး အိပ်စေ၏။ ပြီးတော့ သူ့အခန်းလေးထဲပြန်ဝင်လာခဲ့သည်။ ညီတာ အိပ်ယာပေါ် လှဲအိပ်ချလိုက်ပြီး သူ့မျက်လုံးတွေကို မှိတ်လိုက်ပေမယ့် မှုံးသခင်ရဲ့ မျက်နှာလေးကိုတော့ မေ့ပျောက်ပစ်လို့မရပေ။ ညီတာမနှစ်သက်မိ. . . မှုံးသခင်ရဲ့ တောင်းပန်တိုးလျှိုးနေတဲ့ မျက်ဝန်းလေးတွေက ညီတာ့စိတ်တွေကို ဖမ်းစားနေတာမျိုးမလိုလားမိပေ။ မင်းတို့ အသိုင်းအဝိုင်းတွေက အရမ်းပဲရွံ့ရှာမုန်းတီးဖို့ကောင်းတယ်. . . မမကို မှုံးသခင်အကိုက နှိပ်စက်နေတဲ့ သတင်းက တစ်ရပ်ကွက်လုံးက ပြောစရာအတင်းဖြစ်နေသည်။

"ညီတာ့ကို သခင် အရမ်းတောင်းပန်ချင်လို့ပါနော်၊ မမကိုလည်း သခင် အမြဲတမ်းကြည့်ရှု စောင့်ရှောက်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မှူးသခင့်မျက်ဝန်းတွေက တောင်းပန်ခယလွန်းနေသည်။ ညီတာအမုန်းဆုံးပဲ၊ အကင်းရှင်းဆုံးနေချင်ပါတယ်ဆိုမှ. . . မှူးသခင် ဒီရပ်ကွက်ထဲလာလာ နေတာလည်း ညီတာ စိတ်ပူပင်နေသလိုပင်၊ ဒီမိန်းမတွေ ဖြစ်ချင်ရာဖြစ်ဆိုတဲ့အတွေးကို တွေးကြည့်လို့ပင်မရ။ မင်းဘာဖြစ်နေတာလဲ ညီတာ. . . မှူးသခင်လိုမိန်းမမျိုးနဲ့ မပတ်သက်တာအကောင်းဆုံးပဲလေ. . . မင်းဘဝအတွက် အားမာန်တွေအပြည့်နဲ့ ကြိုးစားတည်ဆောက်စမ်းပါ။ သူ့စိတ်တွေထိန်းချုပ်၍မရ။ အိပ်နေရာကနေ ထထိုင်လိုက်မိသည်။

"မမ ဘဝနဲ့ မမပါပဲ ညီတာ၊ ဘယ်လိုပဲဖြစ်ဖြစ် မမကတော့ မမဘဝမှာပဲပျော်တယ်"

ပိန်လှီညှိုးရော်နေတဲ့ မမသည် ယောကျ်ားအတွက် ဘယ်လောက်အထိ ဆင်းရဲခက်ခဲစွာ ရှန်းကန်ရှာဖွေနေရလဲ၊ သူ့ငွေသားကိုလက်ထပ်ခဲ့ပြီး ဘဝပျက်မတတ်ဖြစ်နေရတဲ့ မမကို သူတွေ့မြင်ရတာ နာကျင်နေသည်။

"မှူးသခင်က မင်းကို အပြတ်ကြွေနေပြီထင်တယ် ညီတာ. . . မင်းက ကောင်မလေးတွေ ခိုက်အောင်စတိုင်လ်ကမိတယ်။ ကောင်မလေးတွေက မခုတ်တတ်တဲ့ကြောင်လို အေးစက်မာကျောကျော မင်းလိုအမူအယာမျိုးမှ ကြွေကြတာထင်တယ်. . ."



သူကတော့ တမင်ကောင်မလေးတွေ ကြွေအောင်စတိုင်လ်ပေးနေတာမဟုတ်ပေ။ သူကင်းကင်းရှင်းရှင်းနေချင်တာပါ။ သူ့ဘဝအတွက် ကြိုးစားရုန်းကန် တည်ဆောက်ဖို့ပဲဖြစ်သည်။

"မှူးသခင်ကို မင်းအရယူပစ်လိုက်စမ်းပါ ညီတာ၊ မင်းအစ်မကို သူ့အကိုက အပြတ်နှိမ်စက်နေတာကွ"

သူငယ်ချင်းတွေရဲ့ မြှောက်ပင့်စကားတွေကို သူလက်မခံနိုင်ပေ။ သူက စိတ်ဓာတ်အောက်တန်းကျတာမကြိုက်။ ယောကျ်ားကောင်း တစ်ယောက်ရဲ့ စိတ်ဓာတ်အပြည့်အဝရှိချင်သည်။ မမကြောင့် မှူးသခင်ကိုအရယူပြီးလက်စားချေတဲ့အလုပ်က အောက်တန်းကျလွန်းသည်ဟု ညီတာထင်မှတ်ထားသည်။

"သခင်သွားတော့မှာပါ၊ ဒီလောက်အထိ စိမ်းစိမ်းကားကားနှင်ထုတ်မနေစမ်းပါနဲ့ ညီတာရယ် သခင်က စိတ်ရင်းနဲ့ ညီတာနဲ့ အဆင်ပြေချင်တာပါ"

သူဆတ်ခနဲထမိသည်။ ဘာတွေလဲကွာ . . . မှူးသခင်ကို သူဘာဖြစ်လို့ သတိရနေရတာလဲ၊ ညီတာဘယ်လိုအကြောင်းနဲ့မှ မိန်းကလေးတစ်ယောက်အကြောင်းကို တွေးမနေချင်ဘူး။ သူအိပ်ယာထဲက ထလာပြီး စားပွဲပေါ်မှာရှိနေတဲ့ သင်တန်းမှပို့ချလိုက်တဲ့ သင်ခန်းစာတွေကို လေ့လာနေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ညီတာ့ကို အရမ်းတောင်းပန်ချင်ပါတယ်၊ သခင်တို့ အသိုင်းအဝန်းတွေရဲ့ ရက်စက်တဲ့ အပြုအမူတွေအတွက်ပါ"

သူစာအုပ်ကို ပိတ်ပစ်လိုက်သည်။ စိတ်တွေက ပျံ့လွင့်နေ၏။ မှူးသခင်လို မိန်းကလေးက သူ့ကိုခခယယ တောင်းပန်ပြောဆိုနေတာ သူငယ်ချင်းတွေ အားကျနေကြသည်။

"မနေ့က စားသောက်ဆိုင်မှာ သခင်နဲ့အတူတူတွေ့ရတဲ့ သူက မာမီ့သူငယ်ချင်းရဲ့သားပါ၊ သခင်နဲ့ စေ့စပ်ဖို့ လူကြီးတွေသဘောတူထားပေမယ့် သခင့်ဘက်က လုံးဝမရွေးချယ်ရသေးပါဘူးနော်. . ."

မင်းဘာဖြစ်လို့ လာရှင်းပြနေရတာလည်း မှူးသခင်ဘာဆိုင်လို့လဲ၊ မင်းငါ့ဘဝထဲကို ဇွတ်အတင်းတိုးဝင်ပတ်သက်ဖို့မကြိုးစားပါနဲ့ကွာ. . . မမလိုအဖြစ်မျိုးတွေမရောက်ချင်ဘူး၊ မမကို မှူးသခင်တို့အသိုင်းအဝိုင်းက ဘယ်လောက်ထိနှိမ်ချဆက်ဆံခဲ့ကြတာ သူအသိဆုံးပင် မှူးသခင်ကို မေ့ပစ်ရမယ် မုန်းပစ်ရမယ်။ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားဖို့ အချိန်မရှိဘူး။ သူ့လက်မှာ ပတ်တီးဖြူဖြူတွေရှိနေသည်။

"ညီတာ့ လက်က ဒဏ်ရာကို စိတ်ပူလို့ပါ၊ တော်ပါသေးရဲ့ ညီတာ ဆေးခန်းပြလို့"



ပူပူပင်ပင်နှင့် ကြင်ကြင်နာနာပြောနေတဲ့ မှူးသခင်မျက်ဝန်းတောက်တောက်လေးကို ညီတာ မေ့မရ။ ရပ်ကွက်ထဲ မကြာခဏလာနေတတ်၍ ပြဿနာတက်မှာ စိတ်ပူနေရသည်။

"သခင်. . . မမကို လာပြီးကြည့်တာပါ၊ အကူအညီပေးမလို့ပါ. . . ညီတာ"

သူ . . . အိပ်ယာပေါ်ပြန်လှဲလိုက်ပြီး အိပ်ပျော်အောင်အတော်လေးကြိုးစားရသည်။ အိပ်မက်ထဲမှာတော့ ညီတာနှင့် သခင်က ချစ်သူတွေဖြစ်နေကြ၏။ သူက သခင်ကိုယ်ခန္ဓာလေးကို သိမ်းကျုံးပွေ့ဖက်ပြီး အနမ်းမိုးလေးတွေ ရွာချနေစဉ် အပြင်ဘက်မှဝုန်းကနဲ ပြိုလဲသံကြောင့် သူလန့်ပြီးနိုးသွားသည်။ အပြင်ကို ပြေးထွက်လာတော့ သူ့အခန်းရှေ့မှာ ဖေဖေလဲကျနေ၏။ သူပြေးပွေ့မိသည်။

"ဖေဖေ ဘာမှမဖြစ်ပါဘူးကွာ၊ အားသိပ်မပြည့်သေးဘူးထင်တယ်၊ သားအိပ်နေတာ နေအတော်မြင့်နေတာ တောင်မနိုးသေးလို့ စိတ်ပူပြီး လာကြည့်တာပါ"

"ဖေဖေရယ်. . ."

သူညဥ့်နက်မှအိပ်ပျော်သွားပြီး အိပ်မက်တွေမက်ကာ မနိုးတာပဲဖြစ်သည်။ ဖေဖေ့ကိုတွဲပြီး အိမ်ရှေ့ခန်းပြန်ပို့ရ၏။ နေတောင်အတော်မြင့်နေပြီပဲ။ သူအလုပ်ချိန်တွေခင်

www.burmeseclassic.com

www.burmeseclassic.com



နီးနေပြီ ကမန်းကတန်းမျက်နှာသစ် အဝတ်အစားလဲရသည်။

"သားစာတွေ အရမ်းကြည့်တယ် ထင်တယ်ကွာ၊ အလုပ်ချိန် နောက်ကျတော့မယ်ထင်တယ်၊ သွား . . . သွား ဖေဖေ့အတွက် မပူနဲ့ အားပဲနည်းနေသေးတာပါ"

အလုပ်ချိန်က အရမ်းနီးကပ်နေ၏။ ဖေဖေ့ကို မှာစရာရှိတာတွေမှာပြီး သူအလုပ်လုပ်နေတဲ့ ကုမ္ပဏီကိုအပြေးအလွှားလာရသည်။ မင်းလာပြီး နှောက်ယှက်နေလို့ပဲ မှူးသခင်. . . ကိုယ့်ဘဝအတွက် မင်းက မလိုအပ်ဆုံးပဲ၊ ကိုယ့်ကိုလာပြီး ဒုက္ခမပေးပါနဲ့ သူအိပ်မက်တွေကို သတိရတိုင်း ရင်ခုန်လှုပ်ရှားလာရတာကိုပဲ မကျေမနပ်ဖြစ်နေသည်။

♠ ♠ ♠ ♠

## အခန်း(၅)

"မင်းက မှူးသခင်လား၊ အန်တီကတော့ ဒီက. . . ကြွေနဲ့ အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေလေ၊ မှူးသခင်က အရမ်းချောတာပဲကွယ်. . . သားကြီးက အခြေအမြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်က အပိုင်ဖမ်းခံရတယ်ဆို"

ကိုထင်ရှားကျော်ရဲ့ မာမီဒေါ်မာဂရက်ကလည်း လေသံက အထက်စီးကနေလူတွေကို အထင်သေးနှိမ့်ချပြောဆိုနေတာမျိုးကို အမြင်ကတ်လာမိသည်။ ဘယ်လိုမိန်းမကြီးလဲ မိတ်ကပ်တွေခြယ်ပြီး စိန်တွေညွတ်နေအောင် ဝတ်ဆင်ထားပေမယ့် သခင်ကတော့ အထင်မကြီးပါ။ မမညီပြာ့ကို အခြေအမြစ်မရှိတဲ့လူတွေဟု ပြောလိုက်တာလည်း သခင်ကြားထဲက နာနေရသည်။ လူလူချင်းပဲ အန်တီမာဂရက်ထက် ညီတာတို့က စိတ်ဓာတ်အဆင့်အတန်း ရှိလွန်းသည်ဟုထင်မိနေ၏။ မာမီပဲ အဖြစ်သည်းနေတာပါ။ သူမကတော့ ထိုင်ပဲနေသည်။

"မှူး"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



မှူးတဲ့ နာမည်ကိုတောင် သခင်လို့ ခေါ်ရမှာဝန်လေးနေသည်။ မာမီရှိနေလို့ပါ။ ဟိုလူ့လိုပဲ အထက်စီးကနေပြောဆိုတတ်သည်။ မှူးလို့ခေါ်တာကိုပဲ သခင်အမြင်ကတ်နေမိ၏။ ဒေါ်မာဂရက်ကတော့ စီးကရက်အားလက်မှာခဲကာ မှေးစင်းတဲ့မျက်ဝန်းတွေနှင့် ကြည့်နေသည်။

“မင်းကို အန်တီ့သားက သူ့ရဲ့ပွဲတက်မယားအဖြစ် ရွေးချယ်လိုက်တာ ကံကောင်းတယ်မှတ်နော်၊ သားက သာမာန်မိန်းကလေးဆိုရင် လုံးဝအထင်မကြီးတာ”

နေပေ့ါ ရှင်အထင်မကြီးတာမှ ကောင်းဦးမယ်။ သူမကတော့ သူ့ကို ငြင်းပစ်ချင်သည်။ မာမီကြောင့် ကိုကို့အတွက် စိတ်သောက တွေရောက်နေ၍ သခင်မငြင်းလိုက်ခြင်းပင်။ သူမဒေါသတွေတော့ ဖြစ်နေ၏။ မကောင်းတတ်လွန်း၍ သခင်နားထောင်နေသည်။

“မှူးသခင်ကိုတော့ အန်တီလည်းချစ်ပါတယ်၊ တစ်ခုတော့ရှိတယ်နော်၊ အန်တီတို့က မျိုးရိုးဂုဏ်သိက္ခာကိုထိန်းကြသူတွေဖြစ်နေတယ်နော် . . .”

“ရှင်”

“ယောက္ခမတွေကို လေးစားကြည်ညိုကြရတယ်”

မာမီက သမီးလေးသခင် လိမ္မာပါတယ်ဟုပြောနေသည်။ သခင်တော့စိတ်တွေညစ်လို့ သေတော့မယ်။ ဒေါ်မာ



ဂရက်က အရမ်းကို ကြီးကျယ်ခမ်းနားနေ၏။ သခင်ကတော့ အဲဒီလိုလူမျိုးတွေကို မုန်းသည်။

“အိမ်မှာက အဘွားရှိသေးတယ်၊ အားလုံးကအဘွားကို ဂါဝရပြုကြရတယ်၊ လက်မထပ်ခင်တော့ သမီးကို လက်ထပ်သင်ကြားပေးရမယ်”

သခင်က ဆတ်ကနဲထသွားမည်လုပ်တော့ မာမီက အသာအယာ ဆွဲထားသည်။ မျက်နှာရိပ်မျက်နှာကဲနှင့် ထိုင်နေတဲ့၊ သခင်ထပြေးချင်နေ၏။ တမင်သက်သက် ပုံစံပေးနေတာပါ။ ချောမောခန့်ညားသည့် မိန်းမကြီးတစ်ယောက်ဖြစ်ပေမယ့် စိတ်ထားပုတ်လိုက်တာဟု သခင်တွေးနေမိသည်။

“မင်းနာမည်ကိုတော့ မှူးလို့ပဲ မင်းသုံးရလိမ့်မယ်”

“ရှင်”

“သခင်ဆိုတာကို အဘွားကလက်ခံမှာ မဟုတ်ဘူး”

နာမည်ပဲ. . . မာမီက သခင့်ကို လူ့လောကကြီးထဲမှာ အရှင်သခင်ပဲဖြစ်စေရမယ်ဟု အဓိပ္ပာယ်နှင့် သခင်ပဲ သုံးနှုန်းစေသည်။ မာမီ့ကို သခင်ကြည့်မိ၏။ အဓိပ္ပာယ်မရှိတာပဲ မပြောင်းနိုင်ပါဘူး။ သူမ ဒေါသဖြစ်ချင်လာသည်။

“ဟို. . . လေ လက်ထပ်ပြီးရင် မာမီနဲ့ပဲ သခင်နေလို့ မဖြစ်ဘူးလား၊ ဒီမှာလည်း မာမီတစ်ယောက်တည်းဖြစ်နေလို့ပါ၊ သခင်ဆိုတာ နာမည်ပါပဲ အန်တီ . . . သခင့်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကျိုးနေပြီ. . . ”

“မရဘူး . . . မင်းကြိုးစားကျင့်ရမယ်လေ၊ တို့တွေအားလုံး အဘွားရင်ခွင်ထဲမှာပဲ နေကြရတာ. . . မင်းလည်း ဟိုမှာပဲ လိုက်နေရမှာ. . . အဘွားက စည်းစနစ်ကြီးတယ်လေ. . . ”

အမယ်လေး . . . ဒုက္ခပါပဲ၊ သခင်က လက်ထပ်မယ်တောင်မပြောရသေးဘူး၊ ဒေါ်မာဂရက်က စည်းကမ်းတွေပေးနေပြီ. . . သခင်ပြုံးပစ်ချင်နေသည်။

“မှူး”

“ရှင်”

“မနက်ဖြန် အဘွားနဲ့လာတွေ့ပါ၊ ကြွေ. . . မင်းခေါ်လာခဲ့နော်၊ မနက်ဖြန် ၁၀နာရီလေ. . . ”

“စိတ်ချပါ မာဂရက်ရယ်၊ ကြွေခေါ်လာပါ့မယ်. . . သမီးလေးကို မာဂရက် လက်ထဲအပ်ပါတယ်နော်”

“ကောင်းပြီလေ. . . ကိုယ်ပြန်မယ်. . . ”

“ဟုတ်ကဲ့”

သူမ မြန်မြန်ပြန်သွားစေချင်၍ ဟုတ်ကဲ့ဟု ခပ်သွက်သွက်လေးပြောပြစ်လိုက်သည်။ မာမီ့အကြည့်တွေက ပြူးကာနဲ့ရောက်လာ၏။ ဒေါ်မာဂရက် ပြန်သွားသည်။

“သခင်”



“မာမီကလည်း ဒီမိန်းမကြီးက တမင်ပုံစံပေးချင်လို့ ကြီးကျယ်ပြနေတာပါ. . . သခင် စိတ်ညစ်တယ်၊ အဲဒီလူကို လက်မထပ်ချင်ပါဘူး”

“အမယ်လေး . . . ဘယ်လိုပြောလိုက်တာလဲ သမီး၊ မာမီက လက်ခံပါတယ်ပြောလို့ မာဂရက်သားက လာကြည့်တာနော်. . . ”

သမီးသခင်က ငြင်းဆန်နေသဖြင့် ဒေါ်ကြွေကြွေ အထိတ်တလန့်ဖြစ်သွားရသည်။ မဖြစ်ဘူး . . . မာဂရက်တို့က ဘိုးဘွားစဉ်ဆက်ချမ်းသာကြွယ်ဝလာတဲ့ မျိုးရိုးတွေ. . . စည်းစနစ်နှင့် အစဉ်အလာကြီးမားကြသည်။

“သူတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာ အရမ်းစောင့်ထိန်းကြတာနော်. . . မာမီ့ သမီးအလိမ္မာလေး မာမီစိစဉ်တာနာခံတယ်ဆိုလို့ သူ့သားကိုလာကြည့်ခိုင်းတာပါ၊ မာမီကို မျက်နှာပျက်အောင်မလုပ်နဲ့နော်. . . မှူး”

“ဘာမှူးလဲ. . . သခင်. . . သခင်”

မာမီကပါ နာမည်ပြောင်းနေ၏။ သခင်အော်ပစ်လိုက်သည်။ အလကားနေရင်း ကြီးကျယ်ခမ်းနားနေတဲ့လူတွေ. . . အမြင်ကတ်လိုက်တာ၊ စည်းစနစ်ကြီးတဲ့ မိသားစုဆိုပြီး သခင့်ကိုနှိပ်စက်ကြတော့မှာ၊ မာမီက သခင်ရှေ့ရေးဆိုပြီးအတင်းအကြပ်စီစဉ်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားကြီးကြောင့် မာမီဘယ်လောက်အထိရင်ကွဲနေရလဲ. . . အမယ်လေး တွေးမိတိုင်းစိတ်တွေချောက်ချားရလွန်းလို့၊ သားကြီးဘဝပျက်နေပြီ၊ သမီးလေးပဲရှိတော့တာ ဒီလိုဂုဏ်သရေရှိ ကြွယ်ဝချမ်းသာတဲ့ အသိုင်းအဝိုင်းက တောင်းရမ်းတာ မင်္ဂလာဘယ်လောက်ရှိလဲ မာမီစီစဉ်ရမယ်"

"သခင့်ကို သနားပါအုံး၊ ဒီလိုအသိုင်းအဝိုင်းကြီးကြားထဲမှာ သခင်ဘယ်လောက်အထိ စိတ်ဆင်းရဲနေရမလဲ"

"ဘာများ စိတ်ဆင်းရဲစရာရှိလို့လဲ. . . မှူး"

"သခင်ပါ. . ."

"ပြောင်းလိုက် မှူးပဲ. . . ဟုတ်တယ်လေ၊ သူတို့က ချွေးမကို သခင်လို့ခေါ် ချင်မလား"

"နာမည်လေ. . . ဘာဖြစ်လို့လဲ၊မာမီက သမီးလေး ဘဝမှာ အမြဲတမ်းအရှင်သခင်ဖြစ်နေစေဖို့လေ"

"ဟုတ်တယ်လေ . . . မောင်ထင်ရှားကျော်လို ယောက်ျားတစ်ယောက်နဲ့ လက်ထပ်တာ ကျွန်ဖြစ်မလား အရမ်းချမ်းသာကြတာ၊ မောင်ထင်ရှားကျော်ကလည်း သူတို့ အသိုင်းအဝိုင်းထဲမှာ အချစ်ဆုံးသား၊ အဘွားရဲ့ အချစ်ဆုံး မြေး. . . သခင်က ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နေ ထိုင်ပြရုံပဲ"

"မဖြစ်နိုင်ဘူး . . . သူတို့ကစည်းကမ်းတွေပေးမှာ၊ ဟိုလူက သခင့်ကိုပွဲတက်မယား အဖြစ်ပဲရွေးတာတဲ့၊ ကျန်တဲ့ ကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ခွင့် မရှိဘူးတဲ့၊ ဘာသဘော



လဲ. . . သူက လူ့ရုပ်"

"အမယ်လေး . . မှူး . . ညည်းဘာတွေလျှောက် ပြောနေတာလဲအေ. . . မောင်ထင်ရှားကျော်က အရမ်း တည်ကြည်ခန့်ညားတာအေ့ . . . မာဂရက်သားလာရွေးချယ် တာဆိုတော့ သမီးလေးကံကောင်းတာပဲ၊ အခုထဲက နာမည် အသုံးအနှုန်းကိုပြင်ပါ၊ မှူးလို့ပဲပြော"

"မပြောတတ်ဘူး"

"သခင်နော်. . . အဲ. . . မှူးနော်"

"တွေ့လား မာမီကိုယ်တိုင်တောင် ပြောင်းပစ်ဖို့ လွယ်လို့လား၊ သခင်ပဲကြိုက်တယ်"

"ညည်းလေ. . . မာမီ့ကိုသေအောင်လုပ်နေတာ လား . . . မှူးသခင် ဒီနာမည်ကြီးကို မှည့်ပေးမိတာ မှားပါ တယ်၊ မရဘူး . . . မင်္ဂလာပွဲကို စီစဉ်မယ်၊ လုံးဝငြင်းဆန်လို့ မရဘူး"

မာမီပြန်ထွက်သွားတော့ သခင်တစ်ယောက်ထဲ မကျေမနပ်ဖြစ်ပြီး ဒေါသတွေပေါက်ကွဲနေရသည်။

"မှူး . . . ဘာမှူးလဲ. . . အရူးတွေ. . . လုံးဝ သခင်ပဲ. . ."

သူမကတော့ ကိုထင်ရှားကျော်တို့ အသိုင်းအဝိုင်း တွေကို ဆန့်ကျင်ဖို့ဆုံးဖြတ်ထားလိုက်သည်။ အဓိပ္ပာယ်မဲ့ လိုက်တာ၊ ကိုကို့ကြောင့် သခင့်အခွင့်အရေးတွေ လက်လွှတ် ဆုံးရှုံးခံလိုက်ရမလား။ နာမည်ပါပြောင်းပေးရမည်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်းနေသည်။ ဘာတွေမှန်းလည်း မသိပဲနဲ့ မပြောင်းဘူး သခင်ပဲ. . . မွေးကတည်းက သခင်ပဲသုံးနှုန်းလာတာ၊ မာမီကိုယ်တိုင် နှုတ်တိုက်သင်ပေးခဲ့တာပါ. . . သခင်တဲ့ သူမငိုပစ်ချင်နေသည်။ သူမစိတ်တွေ မွှန်းကြပ်လွန်းသဖြင့် ကားနှင့်အပြင်ထွက်လာခဲ့၏။ မာမီက အော်ဟစ်မှာနေသေးသည်။

"သမီးနော်. . . မိန်းကလေးတန်မဲ့ အပြင်မှာကားတစ်စီးနဲ့ မနေနဲ့အုံး၊ မောင်ထင်ရှားကျော် တွေ့သွားရင်မကောင်းဘူးနော်. . ."

"သခင်သွားနေကျပါ"

"ဟဲ့ . . . မှူး"

မာမီတစ်ယောက်ထဲ 'မှူး' နေတော့ သခင်ကတော့သခင်ပဲ။ သူမအရှုံးမပေးဖို့ပဲ ဆုံးဖြတ်ထားသည်။ ရှင်လက်ထပ်ချင်လက်ထပ်လေ. . . မာမီရေ. . . မမညိုပြာဝဋ်တွေသခင်လည်တော့မယ်ဆိုတာ သိရဲ့လား။ မမညိုပြာက မာမီတို့အတွက်တော့ အခြေအမြစ်မရှိ နိမ့်ကျတဲ့ သူဖြစ်ချင်ဖြစ်နေမှာပဲ။ သခင်ကလည်း ကိုထင်ရှားကျော်တို့အသိုင်းအဝိုင်းအတွက် နိမ့်ကျတဲ့သူ ဖြစ်ချင်ဖြစ်နေမှာလေ။ သခင်က အိမ်မှုကိစ္စတွေလည်း လုပ်တတ်တာမဟုတ်ဘူး။ ဘယ်လိုသူ့ကိုပြုစုရမှာလဲ၊ ကြီးကျယ်ခမ်းနားမှုတွေကို သခင်အရမ်းမုန်းတာ၊ ကားကိုဦးတည်ရာမဲ့ မောင်းနေမိသည်။

"ဟင်"

သူမ အကြည့်တွေက ဘတ်စ်ကားဂိတ်တစ်ခုမှာ



ရပ်နေတဲ့ ညီတာကိုတွေ့လိုက်ရသည်။ ပုဆိုးအကွက်စိတ်စိတ်အပြာရင့်ရောင်နှင့် ရှပ်အင်္ကျီလက်ရှည်အဖြူကို ဝတ်ဆင်ထားတဲ့ ညီတာက အရမ်းပဲ ကျက်သရေရှိပြီး ခန့်ညားချောမောနေသည်။

"ညီတာ"

သူမော့ကြည့်သည်။ သခင့်ကိုမြင်တော့ မျက်ဝန်းကတင်းမာသွား၏။ သခင်စိတ်ညစ်နေလို့ပါ. . . ညီတာရယ်မျက်နှာကြီးတင်းပြီး ညီတာ့အကြည့်က စိမ်းလိုက်တာ။ သခင်ကားပေါ်မှ ဆင်းလိုက်သည်။

"ဘယ်သွားမလို့လဲ ညီတာ၊ ကုမ္ပဏီလား တက်လေသခင်လည်းအဲ့ဒီသွားမှာပါ. . ."

ဘတ်စ်ကားဂိတ်မှာ လူတွေက အများကြီးပဲ၊ ညီတာအကြပ်ရိုက်နေရသည်။ မှူးသခင် ဘာတွေလာလုပ်နေတာလဲ၊ မင်းအနေနဲ့ ငါ့ကိုဘာဖြစ်လို့ အောက်ကျခံနေရတာလဲ၊ မမကြောင့်လား၊ မမက သူ့ရွေးချယ်မှုပဲ. . . မင်းတို့အသိုင်းအဝိုင်းတွေဘက်ကတော့ အဖက်မတန်တာတွေ၊ နှိပ်ချပြောဆိုဆက်ဆံတာတွေ၊ မောက်မာတာတွေ ရှိမှာပဲလေ. . . သူစိတ်ပျက်စွာကြည့်မိသည်။

"တက်ပါညီတာ . . . သခင်လည်း ညီတာသွားမယ့်ဘက်ကိုသွားမှာပဲလေ. . ."

ပတ်ဝန်းကျင်မှာ လူတွေများနေ၏။ ညီတာ တက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အမိ ဘယ်သွားမလို့လဲ"

"ညီတာ ပြောပါ"

"ကုမ္ပဏီ"

"လိုက်ပို့မယ်"

"နောက်တစ်ခါ မင်းအဲ့ဒီလိုမလုပ်ပါနဲ့ မှူးသခင်"

"သခင့်ကို မစိမ်းပါနဲ့ . . . ညီတာ"

"မင်းနဲ့ မပတ်သက်ချင်ဘူး၊ မင်းအဲဒီလိုလုပ်တာ ကိုယ့်ဂုဏ်သိက္ခာကို ထိခိုက်စေတယ်"

"ဘယ်လိုလုပ်ရမလဲ. . . သခင်က ညီတာ့ကိုမြင်ရင် စိမ်းစိမ်းကားကားကြီး ထွက်မသွားနိုင်ပါဘူး၊ ညီတာ့ကို မတွေ့ရင်လည်း တွေ့ချင်တယ်၊ သခင်ရင်ထဲမှာ မွန်းကျပ်နေတာတွေ. . . ညီတာ့ကို ပြောပြချင်တာ"

သူပြုံးသည် နှုတ်ခမ်းတွေ တွန့်မဲ့သွားသလို ညီတာ့အပြုံးက မထီမဲ့မြင်အပြုံး အေးစက်နေ၏။ မတတ်နိုင်ဘူး ညီတာ၊ မမကြောင့်လည်း မဟုတ်ပါဘူး။ ညီတာ့ကို တွေ့တွေ့ချင်းပဲ သခင် သံယောဇဉ်ဖြစ်မိတာပါ။ ကိုကို့အတွက် သခင်ပေးဆပ်ချင်တာလည်း မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ ညီတာ. . . အချစ်ကြောင့်လား . . . ရေစက်ပဲလား .သူမအကြည့်တွေက ညီတာ့ဆီ မသိမသာဝေ့ပြီး



ရောက်သွားတော့ . . . အမယ်လေး မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် မာထန်နေသည်။

"မင်း . . . ကားရပ်တော့"

"အင်းပါ"

ကုမ္ပဏီရှေ့ရောက်နေပြီဖြစ်၍ ကားက မရပ်လည်း မရတော့ . . . ညီတာက ကားတံခါးကိုဖွင့်ကာ ဆင်းသွားသည်။ နောက်ကို တစ်စက်လေးမှပင်မကြည့်။ သခင်ကားကို ဆက်မောင်းဖို့ပင် မေ့လျော့နေ၏။ ညီတာရက်စက်တယ်။ လူကြီးတွေ သဘောတူတဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ယူဖို့ စိတ်ညဲစ်နေသည်။ ညီတာသာ သခင့်ကို လက်ထပ်မယ်ဆိုရင် သခင်အရာအားလုံးကို စွန့်လွှတ်ထားခဲ့နိုင်ပါတယ်။ ညီတာက အရမ်းကြိုးစားပြီး စိတ်သဘောထားရိုးသားတည်ငြိမ်တဲ့ ယောက်ျားတစ်ယောက်ပါ။ သခင်က အဲဒီလို ယောက်ျားမျိုးကိုပဲ အထင်ကြီးသည်။ ညီတာတို့ ကုမ္ပဏီရှေ့မှာ အကြာကြီးရပ်နေမိပြီးမှ ကားလေးကိုမောင်း၍ ပြန်ထွက်လာခဲ့၏။ သခင် ဘာဆက်လုပ်ရမလဲ။ ယောက္ခမလောင်းတွေကို သွားတွေ့ရမှာတွေးမိတိုင်း သေပစ်ချင်လောက်အောင် စိတ်ညစ်နေရသည်။

♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၈ )

"မာဂရက်ကပြောတယ်လေ. . . သမီး၊ အဘွားက မြန်မာဆန်တာကို ကြိုက်တယ်တဲ့၊ ချိတ်ပဲဝတ်. . ."

"မာမီကလည်း သခင်မှ ချိတ်ကြီးမဝတ်တတ်တာ ဝတ်စားဆင်ယင်မှုက အစလိုက်ပြီးပြောင်းဖို့ မလိုအပ်ဘူး ထင်တယ်. . ."

"လိုအပ်တယ်သခင် မာမီ့စကားကို နားထောင်စမ်းပါ၊ မာဂရက် အဘွားက အရေးကြီးတယ် . . . သူဆုံးဖြတ်ချက်ပဲမို့ပါ၊ ဟိုတစ်ခါ မင်္ဂလာပွဲသွားတုန်းက ဝတ်တဲ့ ချိတ်လေးဝတ်ခဲ့၊ သမီးနဲ့ အရမ်းလှတယ်. . ."

"စိတ်ညစ်တယ်"

"သခင်"

"ဒီလိုမာမီကြောင့် လွန်လွန်းတဲ့ လူတွေကြားထဲမှာ သခင်က နေရမှာလား၊ စိတ်ညစ်တယ် သေချင်လိုက်၏"

"သမီးနော် . . . ဒီလို အခွင့်ရေးကောင်းကြီးကို လက်လွှတ်မခံနိုင်ဘူး၊ ညည်း အစီအစဉ်တွေ ပျက်အောင် မလုပ်နဲ့ မာမီမျက်နှာပျက်ရမယ် . . . လုပ်စမ်း . . . လူကြီး



တွေရှေ့မှာ တရိုတသေနေ"

သခင်ကတော့ မာမီလုပ်ခိုင်းတဲ့အတိုင်း လုပ်ရတော့မည်ဖြစ်သည်။ မတတ်နိုင် စိတ်ညစ်နေသည်။ မာမီက လူကြီးမိဘတွေ ရှေ့မှာ ဘယ်လိုနေရမယ်ဆိုတာတွေကို တတွတ်တွတ်ပြောနေသည်။

"သခင်ဆိုတဲ့ အသုံးအနှုန်းကို ဖြင်နော်၊ ပြောစမ်းမှုးလို့"

"ကျွန်မ လို့ပြောမယ် အခုံမှ မှုးဆိုပြီးဘယ်လိုပြောလို့ရမလဲ. . ."

"ညည်း ရိုရိုသေသေဆက်ဆံနော်၊ မောင်ထင်ရှားကျော်ရဲ့ ရွေးချယ်မှုထက် အဘွားရဲ့ ရွေးချယ်မှုက ပိုပြီးအရေးကြီးတယ်. . ."

ကိုကို့ကြောင့် မာမီက သခင့်အား . . . သာမာန်ယောက်ျားတစ်ယောက်ကို ရွေးချယ်လိုက်မှာ ကြောက်ရွံ့ထိန့်လန့်နေသည်။ သခင်က ချမ်းသာကြွယ်ဝမှုထက် အချစ်ကိုပဲ ရွေးချယ်ချင်သည်။

"အမယ်လေး မာမီ့သမီးလေးက ကျက်သရေရှိလိုက်တာ. . . အရမ်းလှတာပဲ၊ မိန်းကလေး ပီပီသသနေထိုင်ပြောဆိုနော်. . ."

"သခင်က အိမ်မှုကိစ္စတွေလုပ်ရမှာလား ဒီလေကက်

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေရှိနေတာ အိမ်ဖော်ငှားပေါ့"

"စီမံခန့်ခွဲရမှာလေ . . . သူတို့က အရမ်းစည်းစနစ်ရှိကြတာ . . . အိမ်ရှင်မ ပီသကြတယ်"

"ဟွန်း"

"မှုံး"

"သခင်ပါ"

"ခက်တာပဲအေ . . . မာမီစကားကို နာခံစမ်းပါ၊ သမီးအတွက် မာမီစိတ်အေးချင်တယ်"

"မြန်မာပြည်မှာ သူတို့ပဲသူဌေးရှိတာလား မာမီ၊ ဒီလောက်ကြီးကျယ်ခမ်းနားနေတဲ့ လူတွေကိုများ . . . သခင်စိတ်ဆင်းရဲနေတာ မာမီကြည့်ရက်လား"

"ဘာစိတ်ဆင်းရဲစရာရှိလို့လဲ သူတို့ အနေအထိုင်စည်းကမ်းအတိုင်းနေလိုက်ရင် အားလုံးအစဉ်ပြေတာပဲ"

"အင်းပါ"

သူမ သတိရတမ်းတနေမိတာက ညီတာပင်. . . သခင်ဒုက္ခရောက်ရတော့မယ်၊ သခင်ချစ်တာက ညီတာပါ၊ သခင်စိတ်မပါပဲ ကိုထင်ရှားကျော်တို့ ခြံကြီးထဲ ရောက်သွားသည်။

"တွေ့လားသမီး မောင်ထင်ရှားကျော်တို့ရဲ့ ချမ်းသာကြွယ်ဝမှုက ခြံကြီးနဲ့ တိုက်ကြီးကို ကြည့်စမ်းပါ၊ နန်းတော်ကြီးတမျှပဲ"



ဘာလုပ်ရမှာလဲ၊ သခင်တို့လည်း ချမ်းသာတာပဲဟာ၊ အထင်မကြီးပါဘူး။ သူတို့ဟာသူတို့ နန်းတော်ထဲမှာပဲနေနေ သခင်စိတ်ညစ်နေသည်။

"ကြွေတို့လာပြီပဲ၊ အဘွားက အခန်းထဲမှာ စောင့်နေတယ်. . . သမီးလေးက ကျက်သရေရှိလိုက်တာ"

ဒေါ်မာဂရက်က ဆီးကြိုနေသည်။ ဟိုလူရော . . . သခင်လာတာပင် အဖက်မလုပ်သလိုလို ကြိုဆိုခြင်းမရှိပေ။ အကြောကြီးနဲ့ ဆက်ဆံနေထိုင်တတ်သော မိသားစုတွေကို သခင် မုန်းတီးနေမိသည်။

"မာမီ ဝင့်လည်နေပြီထင်တယ်နော် ညီတာ. . . တကယ်တော့ သခင်ချစ်တာ ညီတာပါပဲ"

သူမရဲ့လက်ကိုမာမီက ဆုပ်ကိုင်လာသည်။ အန်တီမာဂရက်က ရှေ့မှဦးဆောင်၍ အဘွားအခန်းဆီသွားနေ၏။ ကိုထင်ရှားကျော်ဘယ်မှာလဲ။ သူမ အနားမှာ ရှိနေရမှာပဲမဟုတ်လား။ အဘွားအခန်းထဲရောက်တော့ ဖြူနုချောမောလွန်းသော မိန်းမကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

"မေမေ ဒီမှာ သားရဲ့ ဇနီးလောင်းမှုံးသခင်က လာပြီး ဂါဝရပြုပါတယ်"

သခင့်နားထဲမှာ ကြားရတာ ကန့်လန့်ကြီး ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်လိုလူတွေလဲ သခင်ကတော့ အထင်မကြီးပေ။ စိတ်ရှုပ်စရာ ကောင်းနေ၏။ အဘွားက မိန့်မိန့်ကြီးထိုင်နေပြီး သခင့်ကို မာထန်စွာကြည့်သည်။

"မောင်ထင်ရှားကျော်ရွေးချယ်တဲ့ မိန်းကလေးလား"

"ဟုတ်ပါတယ် မေမေ"

"ဘယ်သူ"

"မှူးသခင်ပါ"

"အင်း . . . မဆိုးပါဘူး၊ မြေးက ရွေးတတ်တာပဲ၊ မင်းရဲ့ ပညာအရည်အချင်းကရော"

"သခင်က နောက်ဆုံးနှစ် စီးပွားရေး တက္ကသိုလ်မှာပါ. . ."

"အို. . . မှူး အဘွားကို ဘယ်လိုပြောလိုက်တာလဲ၊ မှူးလို့ ပြောလေ. . ."

အဘွားမျက်နှာက အလိုမကျသလို တင်းမာခတ်ထန်နေသည်။ သခင်လည်း ဘာဖြစ်လဲ နာမည်ပဲဟာ. . . အခြောက်တိုက် မာမီ ကြောက်လွန်းနေသည် ဟုထင်မိ၏။ မှူး ဆိုတဲ့ အသုံးအနှုန်းက သူမအတွက်စိမ်းနေသလိုပင်။ သခင်စိတ်ညစ်နေရသည်။

"ညည်းလေးကို အိမ်မှုကိစ္စတွေ စီမံခန့်ခွဲနိုင်အောင် မာဂရက် လေ့ကျင့်ပေးရမယ်၊ အိမ်ရှင်မဆိုတာ အိမ်မှုကိစ္စ



တွေတတ်ကျွမ်းနေရမယ်"

"ဟုတ်ကဲ့"

"ချမ်းသာကြွယ်ဝမှုက တို့မိသားစုအတွက် မပြောပလောက်ဘူးနော်. . . မင်းသိပါတယ်နော်"

"ရှင်"

"မင်းနားမလည်ဘူးလား၊ မင်းမိဘတွေချမ်းသာတာတို့အတွက် မပြောပလောက်ဘူးလို့ပြောတာ"

သက်သက်မဲ့အကြောကြီးနှင့် ပြောဆိုဆက်ဆံနေသည်ဟုသခင်ထင်မိ၍ မနှစ်သက်မိ။ မာမီလို လူတွေအပေါ် မောက်မာနေတဲ့သူကလည်း ပြားပြားဝပ်နေ၏။ မာမီက သခင့်အတွက်လား . . . သားကြီးလိုဖြစ်သွားမှာ စိုးရိမ်လို့တဲ့ သခင်ထပြီး ထွက်လာချင်မိသည်။

"မြေးရွေးချယ်မှု မမှားပါဘူး၊ နောက်ဆို မိန်းကလေးပီပီသသပဲနေထိုင်ပါ"

"ဟုတ်ကဲ့"

သူမငြိမ်သက်နေရ၏။ မာမီက သူမပေါင်ကို ဆွဲဆိတ်လိုက်၍ ဟုတ်ကဲ့ဟု ဖြေလိုက်ရသည်။ တော်ပါပြီ။ ဒီလူနဲ့ လက်မထပ်တော့ပါဘူး။ ဒီအသိုင်းအဝန်းကြီး ကြားထဲမှာ ဘယ်လိုနေရမလဲ။ သခင်ငြင်းပစ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"မှူး"

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘ

စိတ်ရှုပ်စရ ... ဉ်လာရမယ်၊ သားနဲ့

ပြီး သခင့်ဂ ... တွေ သင်ကြားထား

"မေ

"ဟု

"ဘယ ... ိတ်ညစ်ပြီး မာမီ့ကို

"မှူးသ

"အင်း ... အသိုင်းအဝန်းထဲမှာ

မင်းရဲ့ ပညာအဖိုလို ... ချင်လို့ပါ၊ စိတ်ညစ်

"သခင်ဂ ... ဘယ်လိုပြောင်းမလဲ

မှာပါ. . ."

"အို ... း မငြင်းလိုက်နဲ့နော်၊

မှူးလို့ ပြော ... ထပ်ခွင့်ရတာ မာမီတို့

... လက်ထပ်ရမယ်. . .

ထန်နေ

အင ... ယ် အရှူးတွေ. . ."

မှူး

သ ... နော်"

မာဂရ ... ဆံတော့ သူတို့လည်း



သခင့်ကို နှိမ်ချဆက်ဆံနေပြီ"

"တော်စမ်း . . . ဘာဆိုင်လဲ. . . သူတို့က အရမ်းချမ်းသာနေတာ မာမီတို့က အသေးအမွှားပဲ"

"သခင်လက်မထပ်ချင်ဘူး၊ သူတို့အသိုင်းအဝိုင်းထဲလည်း မဝင်ချင်ဘူး၊ သမီး ဒီလိုစည်းကမ်းချက်တွေ ကြားထဲမှာ သခင်လူ့အခွင့်အရေးဆုံးရှုံးရမှာပဲ"

"မှူးလို့ ပြောစမ်း၊ သူတို့က သခင်လို့ ခေါ်မလား၊ မှူးလို့ပဲသုံး"

"သခင် လက်မထပ်ဘူး မာမီ. . . သမီးအဖြစ်ကနေ စွန့်လွှတ်လိုက်တော့"

"ဘာ"

"သမီးထွက်ပြေးမှာပဲ၊ ဒီလူတွေနဲ့ မဖြစ်ပါဘူး၊ စိတ်ညစ်တယ်. . . စည်းစိမ်ချမ်းသာတွေ ဘာလုပ်ရမှာလဲလို့"

"မာမီ့ကို ရောဂါတိုးအောင်မလုပ်ပါနဲ့၊ အမယ်လေး ရင်ကျိုးတော့မယ်၊ ညည်းထွက်သွားမယ်ဆိုရင် ကျုပ်ကိုသတ်ပြီးမှသွား၊ မာမီကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ မှူးရယ်"

"မာမီ . . . ဘာမှူးလဲ တစ်သက်လုံး သခင်ပဲသုံးရမယ်လို့ပြောထားတယ်လေ"

"မှူးပဲ ဘာဖြစ်လဲ . . . ဒီနာမည်လေးပြောင်းတာကို. . ."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မနက်ဖြန်က စပြီး ဒီကိုနေ့စဉ်လာရမယ်၊ သားနဲ့ လက်မထပ်ခင် သင်ကြားပြသစရာရှိတာတွေ သင်ကြားထားရမယ်လေ. . ."

"ဟုတ်ကဲ့"

အိမ်ပြန်ရတဲ့လမ်းတွင် သခင်စိတ်ညစ်ပြီး မာမီ့ကို ဖွင့်အတင်းပင် ငြင်းဆန်နေသည်။

"မဖြစ်ဘူး . . . မာမီ၊ ဒီအသိုင်းအဝန်းထဲမှာ ဘယ်လိုနေရမလဲ၊ သခင် လက်မထပ်ချင်လို့ပါ၊ စိတ်ညစ်တယ် . . . သခင်ဆိုတဲ့ နာမည်က ဘယ်လိုပြောင်းမလဲ ပြောင်းနိုင်မှာ မဟုတ်ဘူး မာမီ. . ."

"မရဘူး . . . မရဘူး၊ ညည်း မငြင်းလိုက်နဲ့နော်၊ ဒီလို ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ခွင့်ရတာ မာမီတို့ ဘယ်လောက် ဂုဏ်တက်လိုက်မလဲ၊ လက်ထပ်ရမယ်. . . သူတို့နဲ့ သင့်မြတ်အောင်နေ. . ."

"ဟာ. . . သမီးစိတ်ညစ်တယ် အရှူးတွေ. . ."

"ဟဲ့"

"မာမီ ဝင့်လည်တော့မယ်နော်"

"ဘာပြောတယ်"

"မမညီပြောကို နှိမ်ချဆက်ဆံတော့ သူတို့လည်း



သခင့်ကို နှိမ်ချဆက်ဆံနေပြီ"

"တော်စမ်း . . . ဘာဆိုင်လဲ. . . သူတို့က အရမ်းချမ်းသာနေတာ မာမီတို့က အသေးအမွှားပဲ"

"သခင်လက်မထပ်ချင်ဘူး၊ သူတို့အသိုင်းအဝိုင်းထဲလည်း မဝင်ချင်ဘူး၊ သမီး ဒီလိုစည်းကမ်းချက်တွေ ကြားထဲမှာ သခင်လွှအခွင့်အရေးဆုံးရှုံးရမှာပဲ"

"မှူးလို့ ပြောစမ်း၊ သူတို့က သခင်လို့ ခေါ်မလား၊ မှူးလို့ပဲသုံး"

"သခင် လက်မထပ်ဘူး မာမီ. . . သမီးအဖြစ်ကနေ စွန့်လွှတ်လိုက်တော့"

"ဘာ"

"သမီးထွက်ပြေးမှာပဲ၊ ဒီလူတွေနဲ့ မဖြစ်ပါဘူး၊ စိတ်ညစ်တယ်. . . စည်းစိမ်ချမ်းသာတွေ ဘာလုပ်ရမှာလဲလို့"

"မာမီ့ကို ရောဂါတိုးအောင်မလုပ်ပါနဲ့၊ အမယ်လေး ရင်ကျိုးတော့မယ်၊ ညည်းထွက်သွားမယ်ဆိုရင် ကျုပ်ကိုသတ်ပြီးမှသွား၊ မာမီကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ မှူးရယ်"

"မာမီ . . . ဘာမှူးလဲ တစ်သက်လုံး သခင်ပဲသုံးရမယ်လို့ပြောထားတယ်လေ"

"မှူးပဲ ဘာဖြစ်လဲ . . . ဒီနာမည်လေးပြောင်းတာကို. . ."

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ သမီးလုံးဝ လက်မထပ်ဘူး၊ သမီးလည်း သေချင်တယ်"

အိမ်ပြန်ရောက်တဲ့အထိ မာမီက မလျှော့ပေ။ မနက်ဖြန် အဲ့ဒီတိုက်ကိုသွားပြီး သူတို့ စည်းကမ်းပေးတာကို နာခံဖို့ သူမငြင်းပစ်မိသည်။

"ဟိုလူကရော သခင့်ကို ကြိုဆိုသင့်နေတယ်မဟုတ်လား၊ အခုတော့ အရေးတောင်မလုပ်ဘူး . . . သမီးက ဘယ်လိုဘဝရောက်နေပြီလဲ. . . သခင်က တိုက်နဲ့ ကားနဲ့ နေတာ ပညာတတ်မိန်းကလေး၊ သူတို့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အရေးမစိုက်စရာလား"

"ဘာပဲဖြစ်ဖြစ်မောင်ထင်ရှားကျော်ကို လက်ထပ်ချင်တဲ့ သူတွေက တစ်ပုံတစ်ပင်ကြီးပဲ အရမ်းချမ်းသာတာ"

"သခင်ကတော့ လုံးဝ အထင်မကြီးဘူး"

"ဘာ"

"ယိုလူကိုလည်း မုန်းတယ် . . . သမီး လုံးဝ အထင်မကြီးဘူး"

"ဘာ"

" သမီးကို လုံးဝ အရေးမစိုက်ဘူး"

"မောင်ထင်ရှားကျော်က အလုပ်များတယ်လေ. . . ဘယ်လိုလုပ်မလဲကွယ်၊ ဘာဖြစ်လဲ အရေးကြီးတာက မောင်



ထင်ရှားကျော်နဲ့ လက်ထပ်ခွင့်ပဲ"

"သမီး လက်မထပ်ဘူး"

"မာမီ လက်ခံလိုက်ပြီးပြီ၊ မနက်ဖြန် အဲဒီကိုမာမီ ကိုယ်တိုင်လိုက်ပို့မယ်"

"မသွားဘူး"

"အမယ်လေး"

"ဟင်. . . မာမီ ဘာဖြစ်လို့လဲ. . . ဘာဖြစ်တာလဲ"

"မူး . . . မူးလို့"

"သမီးတွဲပေးမယ်. . . ဒေါက်တာကို ဖုန်းဆက်ခေါ်ပေးမယ်နော်"

မာမီလဲပြို မတတ်ဖြစ်သွား၍သခင်တွဲပြီး အိပ်ခန်းထဲပို့ပေးရသည်။ ဒေါက်တာကို ဖုန်းဆက်ခေါ်လိုက်သဖြင့် ဒေါက်တာမြတ်ကို ရောက်လာပြီး စစ်ဆေးတော့ မာမီစိတ်လှုပ်ရှားပြီးသွေးတွေ အဆမတန် တိုးသွားတာတဲ့။ သွေးကျဆေးထိုးမှ မာမီသက်သာသွားသည်။

"ဒေါ်ကြွေကြွေသွေးတက်နေတယ် . . . မှုးသခင်ဘာသွားပြောလဲ. . . သားကြီး အတွက်စိတ်သောကတွေလျှော့မှဖြစ်မယ်နော်"

"ဟုတ်ကဲ့ပါ"

ဒေါက်တာက မိသားစုဆရာဝန်ဆိုတော့ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မာမီ့အတွက် အကွက်ပဲ. . . ကိုထင်ရှားကျော်ကို လက်ထပ်ဖို့ပဲ တိုက်တွန်းနေသည်။

"သမီးလေး . . . မာမီစိတ်ချမ်းသာအောင်. . . မောင်ထင်ရှားကျော်နဲ့ လက်ထပ်ပါနော်. . . သမီးလေးဘဝ ပါကွယ်၊ ဒါမှလည်း သမီးလေးအတွက် မာမီစိတ်အေးရမှာ ဟိုသားကြီးလို ကလေကဝမိန်းကလေးနဲ့ တွေ့သွားရင် အား လုံးနစ်နာဆုံးရှုံးမှုတွေ ဖြစ်သွားမှာလေ"

သခင်ဘာမှ ဆက်မပြောချင်တော့ မမကို နှိမ်နှိမ်ချ ချ ပြောဆိုဆက်ဆံနေတာလည်း လက်မခံနိုင်၊ မာမီက မရ ပေ။ သမီးအတွက် စိတ်ပူပင်သောကတွေနှင့် ဂုဏ်ဒြပ် အတွက်ဇွတ်အတင်းပင် မျက်စိမှိတ်၍ ကိုထင်ရှားကျော်နှင့် လက်ထပ်ဖို့ပဲ ပြောနေသည်။

♠ ♠ ♠ ♠

## အခန်း(၉)

"မင်း . . . မင်း ငါ့ညီမနဲ့ ပတ်သက်နေတယ်. . . မဟုတ်လား၊ မင်းမှာ ဒီလောက်အထိ ဝင်ငွေရစရာမှ မရှိ တာပဲ. . ."

"ဟုတ်ပါတယ်. . . မောင်၊ ညီပြာတောင်းတာတော့ မဟုတ်ပါဘူး၊ ညီမလေး သခင်က အတင်းပေးသွားတာပါ"

"ဖြန်း"

"အမေ့"

"ဖြန်း"

"ဖြန်း"

မောင့်လက်ဝါးပြင်က သူမပါးပြင်ပေါ် ဘယ်ပြန် ညာပြန်ကျရောက်လာ၏။ မောင်က ဒေါသတွေပေါက်ကွဲ ပြီး ဝုန်းဒိုင်းကြဲတော့မှာပဲဖြစ်သည်။

"မင်း အဖေနဲ့ မောင်ဆီက ဘာဖြစ်လို့သွားမတောင်း ရတာလဲ၊ ငါ့ကို သဘောမတူလက်မခံနိုင်တဲ့ သဘောလား"

"မဟုတ်ပါဘူး မောင်၊ ညီပြာက မသွားတာပါ၊ မင်း သွားတောင်းစမ်း၊ မင်းမောင်ဆီက ငါ့ကို ကျွေးမွေးပြုစုရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားရှိတယ်လေ"

မောင်က ညိုပြာအား အညှိုးနှင့်နှိပ်စက်နေသည်။ သူ့ကို အတင်းအကြပ် လက်ထပ်ခဲ့တာဟု စွပ်စွဲပုတ်ခတ်ရင်း ဒေါသတွေပဲဖြစ်နေ၏။ ညိုပြာကွာရှင်း ပြတ်ဆဲပြီး မောင်လေးနှင့်ပြန်နေရရင် ကောင်းမလား။ မောင့်တာဝန်ဝတ္တရားတွေကို ဆက်ပြီး ထမ်းဆောင်ဖို့ဆိုတာ မလွယ်ပေ။ ရင်သွေးလေးအတွက် အဖေရှိသွားပြီဖြစ်သည်။

"မင်းတမင်သက်သက် ငါ့ကို ထောင်ချောက်ဆင်ဖို့ ကလေးယူတာ၊ မင်းလို မိန်းမတစ်ယောက်ရဲ့ သွေးကို ငါအသိအမှတ်မပြုနိုင်ဘူး၊ လူ့လောကထဲ ဝင်ရောက်လာမယ့် ငါ့ရင်သွေးက မင်းလိုမိန်းမတစ်ယောက်ရဲ့ သွေးမဖြစ်သင့်ဘူး"

မောင်က ဒေါသတကြီးနှင့် အော်ဟစ်နေသဖြင့် ပတ်ဝန်းကျင်ကြားရင် ဖေဖေနှင့်မောင်လေးဆီ သတင်းရောက်သွားမှာစိုး၍ ညိုပြာရှစ်ခိုးတောင်းပန်ရသည်။

"ကျွန်မ တောင်းပန်ပါတယ်. . . မောင်ရယ်နော်၊ ရှစ်ခိုးပါတယ်၊ ကျွန်မမှားသွားပါတယ်"

"မင်းမှားတာကို တောင်းပန်နေလည်း ငါ့ဘဝပျက်သွားပြီကွ. . . မင်းကြောင့် ငါ့ဘဝရော ငါ့ဂုဏ်သိက္ခာတွေရော. . . တစ်စစီကျိုးပဲ့ ပျက်စီးသွားပြီကွ"

"ဝုန်း"



"ဂျလွမ် . . . လွမ်"

"ဝုန်း"

"နောက်တစ်ခါ ညီမလေး ဘယ်လောက်ပဲပေးပေး မင်းလက်မခံနဲ့၊ မင်းမရှာနိုင်ရင် မင်းမောင်ဆီကတောင်း"

"ဟုတ်ကဲ့ပါမောင်"

"နောက်တစ်ခါ ညီမလေး သခင်ဘယ်လိုပဲပေးပေး ဘာမလက်မခံတော့ပါဘူးနော်"

"မင်းအဖေနဲ့ မင်းမောင်က ဘာအချိုးချိုးတာလဲ. . ငါ့ကို အဖက်မတန်သလိုဆက်ဆံနေတာလား . . . ငါ့လိုကောင်ကို ဦးညွှတ်ရမှာကွ"

"ဖြန်း"

"အမလေး"

"ဖြန်း"

"ကိုဆက်မော်. . . ခင်ဗျား ကျုပ်အစ်မကို ဘာဖြစ်လို့ မတရားနှိပ်စက် နေရတာလဲ"

"မင်း . . . မင်း"

သူ. . . ဒေါသတကြီး အော်ဟစ်ပြီး ကိုဆက်မော်ရဲ့ အင်္ကျီစကို ဆွဲကိုင်လိုက်သည်။

"မောင်လေး မလုပ်ပါနဲ့၊ မမ တောင်းပန်ပါတယ်၊ မောင့်မှာ အပြစ်မရှိပါဘူး၊ မမအပြစ်တွေပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖယ်စမ်း"

"မဖယ်ဘူး၊ ကျုပ်မမက ခင်ဗျားကို လက်ထပ်ဖို့ အတင်းအကြပ် အပိုင်ချိုင်လိုက်တာဟုတ်လား"

"ဟုတ်တယ်ကွ၊ ငါ့ကို အမိဖမ်းဖို့ ကလေးယူလိုက်တာလေ. . . ငါ့ဘဝတစ်ခုလုံး ဖျက်ဆီးပစ်လိုက်တာကွ"

"ခွပ်"

"ဟင်"

"ခွပ်. . . ခွပ်"

"ညီတာ"

သူဒေါသတွေ ပေါက်ကွဲပြီး မမခင်ပွန်းကိုဆက်မော်အား လက်သီးနှင့် အဆက်မပြတ်ထိုးပစ်မိသည်။ ကိုဆက်မော်က မှူးနေ၍ ညီတာ့အားမတွန်းလှန်နိုင်ပေ။ မမက ငိုယိုတောင်းပန်နေသည်။

"မမ အပြစ်ပါလို့ ပြောနေပြီပဲ. . . တောင်းပန်ပါတယ်၊ မလုပ်ပါနဲ့"

" ခင်ဗျားက ကျုပ်အစ်မနဲ့ သွေးမရောစပ်ချင်ဘူးဟုတ်လား၊ ကျုပ် အစ်မသွေးက မသန့်လို့မဟုတ်လား"

"ဟုတ်တယ်ကွ . . . ဟုတ်တယ် . . . မင်းအစ်မသွေးကို ငါက အသိအမှတ်မပြုဘူး"

"ခွပ်"



"ခွပ်"

"ညီတာ နင်ဘာလာလုပ်တာလဲ. . . ငါ့ဘဝနဲ့ ငါ့လို့ ပြောထားပြီးပြီပဲ၊ နင်ငါ့ယောက်ျားကို လာစော်ကားမနေနဲ့ ရပ်တော့"

မမ စကားကြောင့် သူလွှတ်ပေးလိုက်သည်။ ကိုဆက်မော် ပါးစပ်နှင့် နှာခေါင်းထဲမှ သွေးတွေယိုစီးကျနေ၏။ သူတဟားဟား အော်ရယ်ပစ်လိုက်သည်။

"ဟား ဟား ဟား . . . ခင်ဗျားတော်တော်ရယ်ရတဲ့လူပဲ. . . နှမချင်းကိုယ်ချင်းမစာမနာ လူယုတ်မာပဲ"

"ညီတာ"

"မမလိုက်ခဲ့ အဲဒီလိုယောက်ျားတစ်ယောက်ကို ဆက်ပေါင်းမနေပါနဲ့"

"မင်းပြန်စမ်း . . . ညီတာ၊ မမ အပြစ်နဲ့ မမပဲ၊ မင်းဝင်မရှုပ်သင့်ဘူး"

"မမ ဘာဖြစ်လို့ အနှိပ်စက်ခံနေရတာလဲ၊ သူဌေးသားတစ်ယောက်ရဲ့ အသုံးစရိတ်ကို မမဘယ်လိုရှာမှာလဲ၊ ဒီလူက ပညာရှိနှိပ်စက်နေတာပါ။ မမလိုက်ခဲ့နော်. . . ညီတာတစ်ယောက်လုံးရှိပါတယ်ဗျာ"

"ညီတာပြန်တော့ . . . မမ တောင်းပန်ပါတယ်ကွယ်. . . ပြန်နော်၊ မမကို ထားခဲ့ပါ၊ နောက်လည်း ဝင်မရှုပ်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မမကို ပစ်ထားလိုက်ပါ”

သူ . . . ကိုဆက်မော်ဆိုတဲ့ လူကို မာထန်စွာကြည့်မိသည်။ လူမဆန်တဲ့လူပဲ။ မမကိုခေါ်လို့မရ၍ ညီတာချာကနဲလှည့်ထွက်လာခဲ့၏။ ဟော့ကောင် . . . မင်းအစ်မကို ရအောင်မခေါ်နိုင်ရင် ငါ့တာဝန်တွေပါလာယူဟု အော်ဟစ်ပြောဆိုနေသည်ကို သူနာကြင်စွာ ကြားလိုက်ရပြီး ဒေါသတွေကို မျိုသိပ်ရင်း လှည့်ထွက်လာခဲ့သည်။

“မင်းလိုက်သွားလေ . . . ဘာဖြစ်လို့နေခဲ့ရတာလဲ ငါ့ဘဝကို နစ်သည်ထက်နစ်အောင် လုပ်မလို့လား၊ မင်းကို သတ်ပစ်မယ်”

သူလမ်းမပေါ် ရောက်လာတဲ့အထိ ထိုအသံကြီးကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ မမညိုပြာက သူ့အချစ်ဆုံးအစ်မ အရက်သမားအဖေကြောင့် ဆင်းရဲနွမ်းပါးစွာနေထိုင်ခဲ့ရတဲ့ မမက အရမ်းလှပချင် . . . ဝတ်စားပြင်ဆင်ခြင်လာရသလို၊ ညီတာ့ကိုလည်း ပြည့်ပြည့်စုံစုံထားချင်နေခဲ့သည်။

“မောင်လေးရော့ . . . ပိုက်ဆံ၊ အဝတ်အစားတွေ ဝယ်ဝတ်နော်၊ မမမောင်လေးက လူချောလေး စတိုင်လ်မိုက်တယ်၊ ကောင်မလေးချောချောလေးတွေ ဝိုင်းဝိုင်းလည်တာ မဟုတ်လား”



“မမ ဒီပိုက်ဆံတွေ ဘယ်ကရလာတာလဲ၊ မမမှာ အဲ့ဒီလောက်ဝင်ငွေမရှိပါဘူး”

တစ်နေ့ သူ့ကိုမမက အဝတ်အစားဝယ်ဝတ်ဖို့ ပိုက်ဆံနှစ်သိန်းလာပေးတော့ ညီတာအံ့ဩသွားရသည်။ မမဘယ်ကရလာတာလဲမေးတော့ မမချစ်သူက သူဌေးတဲ့၊ သူလက်မခံတော့ မမက ဖြူဖြူစင်စင်ရလာတဲ့ ငွေတွေပါတဲ့၊ မမကို သူဌေးသားနှင့် အဆက်အသွယ်ဖြတ်ဖို့ပြောခဲ့သည်။

“အဲ့ဒီသူဌေးသားက မမကို လက်ထပ်မှာပါ။ မမက မရိုးသားတာမှ မဟုတ်တာပဲ၊ ညီတာရယ် . . . သူက မမ့ကို အရမ်းချစ်ပါတယ်၊ ဖေဖေနဲ့ မောင်လေးကို အရမ်းချမ်းချမ်းသာသာထားချင်တယ် . . . ”

သူ့ရင်ထဲမှာ . . . နာကျင်ကြေကွဲနေသည်။ မမက လောဘရမ္မက်နှင့် အမှားအယွင်းတွေလုပ်ခဲ့မိတဲ့ ဒဏ်ကိုခံယူနေတော့မှာလား။ ကိုဆက်မော် . . . ခင်ဗျားကြီးသိမယ်၊ ကျုပ်မမအတွက် ခင်ဗျားကြီးမှာ ကိုယ်ချင်းစာနာစိတ်တွေ ရှိလာအောင်လုပ်ပြရမယ် နိမ့်ကျတဲ့ မိန်းမတစ်ယောက်ရဲ့ သွေးကို အသိအမှတ်မပြုနိုင်ဘူးတဲ့၊ သူ့နှလုံးသားတွေထဲမှာ နာကျင်စူးရှနေသည်။

“တီ . . . ”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ညီတာ"

မထင်မှတ်ပဲ သူတို့ရပ်ကွက်ထိပ်မှာ မှူးသခင်ကို ကားနှင့်တွေ့လိုက်ရသည်။

"ညီတာ ဘယ်ကနေပြန်လာတာလဲ၊ မျက်နှာလည်း မကောင်းဘူး၊ ဘာဖြစ်လာလို့လဲဟင်. . . ညီတာ"

"ကိုယ်တစ်နေရာရာကို သွားချင်တယ်. . . မင်း လိုက်ပို့ပေးနိုင်မလား မှူးသခင်. . ."

"အင်း . . . တက်လေ"

သူကားပေါ်တက်လိုက်သည်။ ယုန်က မတိုး ပိုက်က တိုးတာပဲလေ. . . ကိုယ်ဘယ်တော့မှ စိတ်ထား ယုတ်ညံ့ ကောက်ကျစ်တဲ့ ယောက်ျားတစ်ယောက်မဖြစ်ချင်ခဲ့ဘူး၊ ကိုယ်က ကိုယ့်အစွမ်းအစနဲ့ပဲ ကြိုးစားတည်ဆောက်ချင်ခဲ့တာပါ။ ကိုဆက်မော်. . . ခင်ဗျားကြီး တော်တော်ရက်စက်တာပဲ။ ယောက်ျားမပီသဘူး၊ မမကို မတရားနှိပ်စက်နေတာပဲဖြစ်သည်။

"ညီတာ"

"ဟင်"

"ဘယ်ကိုသွားမှာလဲ"

"မှူးသခင်"

"ပြော. . ."



"အရမ်းအေးချမ်းတဲ့ နေရာလေးတစ်ခုကို ပို့ပေးစမ်းပါ. . ."

"အဟက်. . . ညီတာ. . . ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ပြဿနာဖြစ်လာတာလဲဟင်. . . စိတ်အရမ်းညစ်နေတဲ့ပုံပဲ. . ."

မင်းအကိုနဲ့လေဟု ပြောချင်ပေမယ့်၊ သူနှုတ်ဆိတ်နေသည်။ သူ့ရင်ထဲမှာ နာကျည်းခံပြင်းမှုတွေနှင့် ဒေါသတွေပဲရှိနေ၏။ မှူးသခင်က ရယ်နေသည်။ တကယ်တော့ သူမှူးသခင်နှင့် အကင်းရှင်းဆုံးနေခဲ့တာပါ။ ညီတာဆိုတဲ့ ကောင်က မာနတွေမိုးထိနေသူ သူဌေးသမီး ရုပ်ရည်ချောမောလှပ အီစက်နေတဲ့ မှူးသခင်ကို သူစိတ်မဝင်စားပေ၊ အခုတော့ သူ့စိတ်တွေ ကြမ်းတမ်းခက်ထန်နေသည်။

"တစ်နေရာတော့ရှိတယ်"

"အင်း . . ."

"အရမ်းအေးချမ်းတဲ့ နေရာလေးလေ"

"ဘယ်မှာလဲ"

"လကမ္ဘာပေါ်"

"ဟာကွာ"

မင်းခေါ်သွားလေ မှူးသခင်၊ လကမ္ဘာပဲဖြစ်ဖြစ်. . . စကြာဝဠာကြီးရဲ့ အပြင်ဘက်ကိုပဲ ဖြစ်ဖြစ်လေ။မှူးသခင်က

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောရင်း ကားလေးကို မောင်းနေသည်။

"ညီတာ ကားမောင်းတတ်လားဟင်. . ."

"အင်း"

"အတော်ပဲ ညီတာမောင်း"

မှူးသခင်က လမ်းဘေးမှာ ကားကိုထိုးရပ်သည်။ နေရာခြင်းလဲကြ၏။ မထူးတော့ ညီတာ အရမ်းစိတ်ရှုပ်နေလို့ စိတ်ထွက်ပေါက်လေး တစ်ခုရှာချင်နေသည်။

"ကိုယ်က ကားမောင်း သင်ထားတာလေ၊ အခြေအနေမှကောင်းရင် ဒရိုင်ဘာလေးလုပ်မလို့"

"ရတာပဲ သခင်ကားကိုမောင်းလေ၊ သခင့်ရဲ့ ဒရိုင်ဘာလေးပေါ့"

"ဟား . . . ဟား . . . ဟား"

မှူးသခင် ကိုယ့်မမအတွက် ကို့ကိုပြန်လည်ပေးဆပ်ချင်နေတာလားကွာ၊ မင်းကတော့ ကိုယ့်အတွက် သားကောင်ပဲ. . . မင်းအကိုက ကိုယ့်တို့သွေးကို နိမ့်ကျလို့ အသိအမှတ်မပြုပေးနိုင်ဘူးတဲ့၊ မင်းအကို ဒီစကားအတွက် တာဝန်ယူရလိမ့်မယ်ထင်တယ်၊ သူ ကားကို မောင်းလာခဲ့သည်။

"ညီတာ. . . ဘယ်ကိုသွားမလို့လဲဟင်"

"ကိုယ်ဘယ်ပဲ သွားသွား၊ မင်းလိုက်မယ်မဟုတ်လား သခင်. . ."



ညီတာ အရမ်းထူးဆန်းနေသည်ဟု သခင်ထင်မိနေသည်။ မျက်နှာက မှိုင်းဝေမာထန်နေ၏။ ပြီးတော့ နာနာကျင်ကျင်ရယ်မောနေသည်။ သူမကို သခင်တဲ့၊ ရှင်ကိုကိုနဲ့ ပြဿနာတက်လာတာလား၊ သခင့်ကို လက်စားချေမလို့လား။ သူမကလည်း ညီတာ့အတွက် ဖြစ်ချင်သည်။

"သခင့် ကိုကိုက မမညီပြာကို အရမ်းနှိပ်စက်တယ်၊ ရိုက်နှက်တယ်၊ တကယ့်ကို ရက်ရက်စက်စက် ပညာရှိနှိပ်စက်နေတာဟ. . ."

သူငယ်ချင်းစန္ဒာက ညီတာတို့နှင့် တစ်ရပ်ကွက်ထဲဆိုတော့ ထိုသတင်းကို သခင်အမြဲတမ်းကြားနေရသည်။ ညီတာလည်း ကြုံတွေ့လာရပုံပင်။ သူမအား ညီတာယုတ်မာကောက်ကျစ်စွာ ဖျက်စီးပစ်လိုသည့် ဆန္ဒမရှိတာ. . . သခင်သိနေ၏။ ညီတာက ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဘာပဲဖြစ်ဖြစ် ညီတာခေါ်ဆောင်ရာ နောက်ကိုလိုက်ဖို့ဆုံးဖြတ်ထားသည်။

"ညီတာ"

"ဟင်"

"ညီတာကသာ အတူခေါ်မယ်ဆိုရင်. . . သခင်က နောက်တော်ပါးကနေ မခွဲမခွာ လိုက်ပါနေမှာပါနော်"

သူရယ်သည်။ မျက်နှာကြီးတင်းပြီး သခင့်ကို ငေးငေး

www.burmeseclassic.com

www.burmeseclassic.com



ကနေ ရှောင်နေတတ်တဲ့ ညီတာ. . . ရယ်မောနေတာဟာ နာကျင်ကြေကွဲနေတာကြောင့်ပဲ ဖြစ်မှာပါ၊ မာမီရယ်. . . သခင်လေ ကိုထင်ရှားကျော်ကို လက်မထပ်ချင်ဘူး၊ သူတို့ အသိုင်းအဝန်းထဲမှာလဲ သခင်နေလို့မရဘူးထင်တယ်။ သူတို့ တွေကလည်း စည်းကမ်းတွေနဲ့ သခင့်ကို နှိမ်ထားချင်ကြတာ ပါ။ သခင်မှ မချစ်တာ။ သူကရော သခင့်ကို မရခင်ထဲက ပညာပေးချင်နေတာလေ. . . ယောကျ်ားလေးတစ်ယောက် က မာနပြချင်နေရင် သခင်အရမ်းမုန်းတယ်မာမီ။ ကံကြမ္မာ ကိုက ကိုကို့ကြောင့် ညီမသခင်က ဝင့်ပြန်လည်ပေးရမှာပဲ လေ။ ညီတာ့ကို သခင်ချစ်မိနေလို့ပါပဲ။ ကားလေးက ညီတာ ရဲ့ ဦးဆောင်မှုနောက်သို့ ဦးတည်ရာမဲ့ပြေးနေသည်။

♠ ♠ ♠ ♠ ♠

အခန်း( ၁၀ )

"ညီတာ. . . သခင်တို့ ဘယ်သွားမလို့ ကားကို ဖြေး ဖြေးမောင်းပါ. . . အရှိန်လျှော့အုံးလေ"

"ကိုယ်ခေါ် သွားမယ့်နေရာ ဘယ်နေရာမဆိုမင်းပဲ လိုက်မယ်ဆို"

"ညီတာ. . . ညီတာ. . . ဟို"

တကယ်တမ်းကျတော့ မင်း. . . မလိုက်ရဲတော့ဘူး မဟုတ်လား၊ သခင်မျက်နှာလေး ဖြူရော်ရော်သွေးမရှိတော့ သလိုဖြစ်နေသည်။ မရတော့ဘူး . . . ကိုယ်ကတော့ မင်း ကိုခေါ် သွားရမှာပဲ။ ဘာဖြစ်လို့လဲ သိလား . . . ကိုယ့်အစ်မ အတွက်ပဲ မင်းတို့က ကိုယ်တို့သွေးကို မရောယှက်ချင်ကြဘူး လေ. . . နိမ့်ကျလို့တဲ့. . . ရမလား။ ညီတာကားကို မြို့ပြင် မှာရှိတဲ့ ခြံကျယ်ကြီးတစ်ခြံထဲ မောင်းဝင်လာခဲ့သည်။

"ညီတာပါလား . . . မင်း . . . မင်း မိန်းမခိုးလာ တာလားကွ၊ ကြိုတင်လည်း မပြောဘူး၊ လာ . . . လာ"

ခြံစောင့်ကြီး ဦးဖူးက ညီတာ့အဖေရဲ့ ညီဝမ်းကွဲပါ။

www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးထဲမှာ ခြံစောင့်တဲလေးကလွဲပြီး ဘာမှမရှိပေ။ ဦးလေးဖူးက တဲလေးထဲအရင်ဝင်သွားသည်။

"ညီတာ ဘာလုပ်တာလဲ၊ ဒါဘာလုပ်တာလဲဟင်"

"သခင့်ကို ခိုးလာတာ"

"ဘာ"

"မင်းပဲ ညီတာခေါ်ရင်နောက်တော်ပါးကနေ မခွဲမခွာလိုက်ပါမယ်ဆို. . ."

"အို"

ဘုရားရေ . . . ညီတာ ဘယ်လို လုပ်လိုက်တာလဲ တကယ်တမ်းကျတော့ သခင်အထိတ်တလန့်နှင့်ကြောက်လာရသည်။ ညီတာက သခင့်ကို ချစ်တာမှမဟုတ်တာဘဲ။ အမုန်းတွေနဲ့ လက်စားချေဖို့ ဖြစ်နိုင်သည်။

"မင်းပဲ ပေးဆပ်ချင်တယ်ဆို. . . ဘယ်လိုလဲ သခင် ကိုယ့်မမအတွက်လေ၊ အင်းလေ မင်းအဖို့ ဆန္ဒမပါလည်း ငါးမရရင် ရေချိုးပြန်ရမှာပဲ။

"ဘာ . . . ဘာပြောတယ် ညီတာ၊ ဟို . . . ဟို"

"မင်းနဲ့ အတူ နှစ်ကိုယ်တူ တဲအိုပျက်လေးထဲမှာ မင်္ဂလာဦးညလေးကို ကုန်ဆုံးမယ်၊ ပြီးရင် မင်းပြန်လို့ရပြီလေ. . ."

"ညီတာ"



"မင်းပဲ ပေးဆပ်ချင်တယ်ဆို၊ ကိုယ့်မမရဲ့ နစ်နာမှုအတွက်လေ၊ မင်းအကိုက ကိုယ့်မမကြောင့် သူ့ဘဝပျက်ရပါတယ်ဆိုပြီး နှိပ်စက်နေတယ်လေ၊ အဲ့ဒါမတရားဘူးဆိုတာ မင်းသိတယ် မဟုတ်လား သခင်"

"ဟို . . . ဟိုလေ ကျွန်မ ကျွန်မ"

"ကိုယ့် မမရဲ့ သွေးနဲ့ရောနေတဲ့ ကလေးကို အသိအမှတ်မပြုနိုင်ဘူးတဲ့"

"ဟို. . . ဟို"

"လာ"

"ညီတာ'

"မင်းရော ကိုယ့်ကို ဘာဖြစ်လို့ ပတ်သတ်ဖို့ ကြိုးစားရတာလဲ. . . ဘာကြောင့်လဲကွ"

ညီတာကို သခင့် ကိုကိုအတွက် ပေးဆပ်ချင်တာမျိုး မဟုတ်ပဲ နှလုံးသားထဲက စူးနစ်ပြီးချစ်မိနေတာပါ။ သခင်နေပါ့မယ်။ ညီတာ့ ဆန္ဒအတိုင်း ပါ့ပဲလေ။ ညီတာက သခင့်လက်လေးကိုဆွဲကာ တဲလေးထဲခေါ်သွားခဲ့သည်။

"လာထိုင်. . . ညီတာ ဒီညပဲ ရပ်ကွက်တရားရုံးမှာ လက်ထပ်ဖို့ ဦးလေးဖူး စီစဉ်မယ်၊ မိန်းကလေးရှင် ဘက်ကတော့ သဘောတူမှာ မဟုတ်ပါဘူး၊ ဦးလေးဖူး တူမှာ အပြစ်မဖြစ်အောင် တရားဝင်လက်ထပ်လိုက်မှ ဖြစ်မယ်ထင်တယ်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေးဖူး ကောင်းမယ်ထင်သလိုသာ စီစဉ်ပေးပါနော်"

"အေး . . . အေး ဦးလေးဖူး သွားပြီစီစဉ်မယ်၊ သမီးလေးကရော လက်ထပ်ဖို့ သဘောတူ လက်ခံတယ်မဟုတ်လား . . ."

"ဟုတ် . . . ဟုတ်ကဲ့"

မထူးတော့ပါဘူး၊ သခင်အတွက် ညီတာ့ဆန္ဒက ပထမပဲလေ။ ဟိုလူကိုထင်ရှားကျော်ကိုလည်း လက်ထပ်ရမှာ စိုးရိမ်ကြောက်လန့်နေသည်။ ညီတာနှင့် အတူနေရမယ်ဆိုရင် ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် သခင်နေဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲ စကားပြောအုံး လက်ထပ်ဖို့ကိစ္စတွေ သွားစီစဉ်မယ်. . . ညကျမှ ဦးလေး လာခေါ်မယ်နော်"

"ဟုတ်ကဲ့ ဦးလေးဖူး"

ဖေဖေကတော့ သူ့ကို အပြစ်တင်မှာ သေချာသည်။ သူထူပူပြီး ထွက်လာခဲ့တာ ဖေဖေ့အတွက် ဘာတစ်ခုမှ စီစဉ်မထားခဲ့ပေ။ သူ့လုပ်ငန်းတွေရောပဲ။ သူမှားလားမှန်လား မှူးသခင်ကို ညီတာ မချစ်ပေ မုန်းတီးနေမိသည်။

"မင်းက ငါ့ဘဝကြီးကို ဖျက်ဆီးပစ်လိုက်တာပဲ၊ မင်းလိုမိန်းမတစ်ယောက်ရဲ့ သွေးနဲ့ ရောထားတဲ့ ကလေးကို ငါ



အသိအမှတ်မပြုဘူး"

ခင်ဗျားစကားတွေ အတွက် ခင်ဗျားတာဝန်ယူရမယ် ခင်ဗျားညီမက ကျုပ်လက်ထဲရောက်နေပြီလေ။ အခုလောက်ဆိုရင် မှူးသခင်ရဲ့ မာမီဘယ်လောက်အထိများ မီးတောက်နေမလဲ။ မှူးသခင်ကတော့ ငုတ်တုတ်ကလေးထိုင်နေသည်။ သူဘာလုပ်ရမလဲ။ အရေးကြီးတာက မှူးသခင်က သူ့လက်ခုပ်ထဲက ရေဖြစ်ဖို့ပဲလေ။ တဲက တကယ့်ထဲစုတ် အိပ်စရာစောင်၊ ခေါင်းအုံးလည်းမရှိ။ ဦးလေးက ခြံစောင့်၊ ခြံကြီးက ညို့မှိုင်းပြီး တိတ်ဆိတ်နေသည်။

"သခင်"

"ဟင်. . . ညီတာ"

"လောကကြီးက တော်တော်ရယ်ရတယ်နော်. . . မထင်မှတ်တာတွေလည်း ဖြစ်ရတာပဲ၊ မကြာခင် မင်းက ကိုယ့်မယားဖြစ်ရတော့မယ်လေ"

"ညီတာက သခင့်ကို မချစ်ဘူး မဟုတ်လား၊ မုန်းတီးနေတာမဟုတ်လား"

"ထားလိုက်ပါတော့"

"ညီတာရယ်. . ."

ညီတာ့လက်တွေက သခင်ကိုယ်လုံးလေးအား ရစ်သိုင်းပွေ့ဖက်လိုက်စဉ်. . . သူလည်းနှလုံးသားတွေ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆတ်တုန်ရီပြီး မိန်းကလေးတစ်ယောက်နှင့် ထိတွေ့မှုမရှိခဲ့တာကြောင့် ညီတာစိတ်ကို ထိန်းချုပ်နေရသည်။ သခင်ကလည်းသူ့လက်တွေကို တွန်းဖယ်ရင်း တုန်တုန်ရီရီနှင့် ငြိမ်သက်နေသည်။ မင်းက ပေးဆပ်တာလား သခင်။ မင်းက ကိုယ့်ကို အရမ်းချစ်နေတဲ့ မိန်းမတစ်ယောက်လား။ သူ့ရင်ထဲမှာ အမုန်းတွေပဲ ရှိနေသည်။ ညနေဆောင်းတော့ ဦးလေးဖုးပြန်ရောက်လာ၏။ လက်ထပ်ဖို့ ကိစ္စစီစဉ်ထားခဲ့ကြောင်း ရပ်ကွက်ရုံးဖွင့်မည့် အချိန်တွင် သွားရောက်ရမည်ဖြစ်ကြောင်းပြောသည်။

"မိန်းကလေး"

"ရှင်"

"မင်းလည်းသဘောတူပါတယ်နော် . . ."

"ဟုတ်ကဲ့"

"ရုံးရောက်မှ ပြဿနာတွေတက်မှာစိုးလို့ပါကွယ်၊ မင်းတို့ ချစ်သူတွေလား"

"ဟုတ်ကဲ့"

"ဒီကားကိုရော"

"ဒီကားက သူ့မိဘတွေရဲ့ ကားပါ၊ ပြန်ပို့ပေးမှာပါ"

"ကားက ပြဿနာမရှိပါဘူး၊ သခင့်ဒယ်ဒီရှိတုန်းက စာမေးပွဲအောင်လို့ လက်ဆောင် ဝယ်ပေးတာပါ၊ သခင့်



နာမည်နဲ့ပါ"

"ပြန်ပို့ပေးရမှာပဲ သခင်ကိုယ်က သခင့်ဘက်ကပါလာတဲ့ ပစ္စည်းတွေအားလုံး ပြန်ပို့မှာ"

သခင့်မှာ လက်ဝတ်လက်စားတွေ ပါနေသည်။ ညီတာက ပြန်ပေးဖို့ပြောနေသည်။ သခင်ကတော့ ယူထားလို၏။ အရင်းအနှီးအတွက်လေ။ သခင့်ကိုယ်ပိုင်တွေပါပဲ။ မာမီကတော့ သခင့်ကို စိတ်ဆိုးတော့မှာပါ။ ကိုထင်ရှားကျော်နှင့် လက်ထပ်ဖို့ အကြီးအကျယ်စီစဉ်နေသည်။

"သမီးမငြင်းပါနဲ့၊ မာမီ စိတ်အေးချင်ပြီ . . . သားကြီးလို ကလေကဝတွေနဲ့ တွေ့သွားမှာ စိုးလို့ပါ"

မာမီစိတ်သောကတွေ ရောက်နေတော့မည်။ သခင်က ညီတာနှင့် နေချင်တယ်။ ဘဝကို ရင်ဆိုင်ချင်တယ်။ မမအပေါ်ကိုကိုနှင့် မာမီရဲ့ နှိမ်ချဆက်ဆံနေမှုတွေ၊ ပြီးတော့ ကိုကိုက မမကိုနှိပ်စက်နေသည် . . . သခင်ပေးဆပ်ရမည်ဖြစ်၏။ ညရောက်တော့ ရပ်ကွက်ရုံးလေးမှာ ညီတာနှင့် သခင်လက်ထပ်ကြသည်။

"ကလေးမက မောင်ညီညီတာကို ကျေကျေနပ်နပ်နှင့် လက်ထပ်တာနော်"

"ဟုတ်ကဲ့ပါ"

"ခြိမ်းခြောက်တာတွေ၊ အတင်းအကြပ်စေခိုင်းတာ

www.burmeseclassic.com

www.burmeseclassic.com



တွေမရှိပါဘူးနော်”

“ဟုတ်ကဲ့”

“ဒါဆို နှစ်ဦးသဘောတူ ကျေကျေနပ်နပ် လက်ထပ်လိုက်ကြတာဖြစ်လို့ ဦးလေးတို့ အဖွဲ့ကလည်း သည်လင်သည်မယား အိုအောင် မင်းအောင် ပေါင်းရပါစေလို့ ဆုတောင်းပေးပါတယ်၊ ကဲ . . . လက်မှတ်ထိုးကြတော့”

ညီတာက အရင်လက်မှတ်ထိုးသည်။ သခင်လည်း လက်မှတ်ထိုးလိုက်၏။ သူ့မရင်တွေ တဆတ်ဆတ်တုန်ရီလာသည်။ တကယ်ပဲ ဇနီးမောင်နှံတွေ ဖြစ်သွားပြီလား။ ဒီညက ညီတာနှင့် သခင်တို့ရဲ့ မင်္ဂလာဦးညပဲလား။ သခင် အိပ်မက်တွေ မက်နေတာလားဟင် . . . သည်အချိန် လောက်ဆိုရင်တော့ မာမီရှာနေပြီ။ မမရော ဘာတွေဆက်ဖြစ်မလဲ။ ကိုကိုက ဒေါသတွေ ပေါက်ကွဲပြီး မမကို သတ်ပစ်မလားပဲ။ လက်မှတ်ထိုးပြီး ရပ်ကွက်ရုံးလေးမှ ပြန်လာခဲ့ကြသည်။

“အိပ်ယာအခန်းအနားတွေတော့ မရှိပါဘူးကွယ်၊ ကလေးမကို အားနာတယ်”

ဦးလေးဖူးက ပြန်ထွက်သွားသည်။ တဲအိမ်လေးထဲမှာ ဦးလေးဖူးအိပ်တဲ့ အိပ်ယာလေးပဲရှိသည်။ ညီတာကတော့ သခင့်ကို ဒီအတိုင်းပဲ ဘဝကို စစေချင်၏။ ကိုယ့်လို နိမ့်ကျ



တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့တာပဲမဟုတ်လား။ သူ့လုပ်ရပ်က မှားနေတာဖြစ်ပေမယ့် ဒီလုပ်ရပ်ကိုပဲ သူ လုပ်ဖြစ်ချင်သည်။

“ညီတာ”

“ဟင်”

“သခင် ဘယ်လိုပဲဖြစ်ဖြစ်နေတတ်ပါတယ်၊ ညီတာနဲ့ ဆိုရင်လေ”

သူ့အကြည့်တွေက သခင့်ဆီ ဆတ်ကနဲ ရောက်သွားသည်။ သခင်က ကိုဆက်မော်ရဲ့ ညီမ၊ သူ့ဇနီးဖြစ်နေပြီ အချစ်ဆိုတာကို သူစဉ်းစားမရ။ သခင့်ကို မချစ်ပေ။ ချမ်းသာကြွယ်ဝတဲ့ မိန်းမတစ်ယောက်ကိုယူပြီး ချမ်းသာစည်းစိမ်တွေ ခံစားတာလုံးဝ မလိုလားပေ။ ကားရော ပစ္စည်းတွေရောပြန်ပို့ပေးမှာပဲဖြစ်သည်။

“သခင်ယူလာတဲ့ ပစ္စည်းတွေက သခင်ပိုင်တဲ့ ပစ္စည်းတွေပါ. . . ညီတာ၊ စိတ်ရှင်းရှင်းနဲ့ သုံးစွဲလို့ရပါတယ်”

“ပြန်ပို့ပေးရမယ်၊ မင်းဆီကနေ ကိုယ်တစ်ခုမှ မယူချင်ဘူး၊ ပြန်ပေးမယ်၊ ကိုယ်ဆင်းဆင်းရဲရဲနေရရင် မင်းလည်း ကိုယ့်လိုပဲနေရမယ်”

“ညီတာ့ သဘောပါပဲ သခင်နေနိုင်ပါတယ်၊ ဘယ်ဘဝပဲဖြစ်ဖြစ် သခင်နေလို့ရပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



သခင် ဆုံးဖြတ်ပြီးသွားပြီဖြစ်သည်။ ညီတာကို သခင်ချစ်တယ်။ ကိုထင်ရှားကျော်ကို မချစ်ပေ။ ဆင်းရဲချင်တာလား။ မာမီကတော့ စိတ်ပူနေတော့မှာပဲ။ ကိုကိုကြောင့် သခင့်ကို ညီတာလက်ထပ်လိုက်တာပါ။ သခင်သိသည်။ အရာရာကို ရင်ဆိုင်မယ်။ ကိုကိုက မမညှိုပြာ့ကို အလွန်အမင်းနှိပ်စက်နေတာလည်း သခင်ကြားနေရ၏။ ညီတာကို ဖေးမ ကူညီချင်နေသည်။

"သခင်"

"ညီတာ"

"မင်းကို ဘာဖြစ်လို့ ကိုယ်လက်ထပ်တာလည်း သိလား"

"မုန်းလို့မဟုတ်လား"

"မင်းအကိုက အရမ်းရက်စက်တယ်၊ ကိုယ့်မမရဲ့ သွေးကို နိမ့်ကျလို့တဲ့ ဟား . . . ဟား"

"ညီတာ"

"အသိအမှတ်မပြုနိုင်ဘူးတဲ့ . . . မင်းရော ကိုယ့်သွေးရောယှက်ဖို့ ရွံရှာနေတာလား"

"ညီတာရယ် . . . သခင်က တခြားကိစ္စတွေ ဘာမှ မစဉ်းစားပဲ ညီတာနောက်လိုက်ခဲ့တာပါ၊ ညီတာ ထားရာ နေ . . . စေရာသွားမှာပါ"



သခင့် ခန္ဓာကိုယ်လေးကို ဖက်ဖို့ပင် ညီတာတွန့်ဆုတ်နေမိသည်။ ဘာဖြစ်လို့လည်း မင်းတို့အသိုင်းအဝန်းတွေကို ငါမုန်းတီးမိနေလို့ပဲ သခင်၊ မိန်းမတစ်ယောက်ဆီက နေရယူပိုင်ဆိုင်ချင်တဲ့ ဆန္ဒတွေ ကိုယ့်မှာမရှိဘူး။ သူဦးလေးဖူးအိပ်ယာလေးပေါ် ပစ်လှဲချလိုက်သည်။ သခင်က ငုတ်တုတ်လေးထိုင်နေ၏။ သခင် ကိုယ့်ဘဝတွေ အဖတ်ဆယ်လို့တောင်မရတော့ဘူး။ မမအကြောင်းတွေးမိတော့လည်း သခင်ကို သူ ရယူပိုင်ဆိုင်ဖို့ကြိုးစားရမည်ဟု ခါးသည်းနာကျည်းမှုတွေတိုးဝင်လာသည်။

"ညီတာရယ်"

ညီတာ လက်တွေက သခင့်ကိုယ်ကို သိုင်းဖက်ထားစဉ် . . . သူ့လက်တွေမှာ အင်အားမဲ့နေသည်။ မိန်းကလေးတစ်ယောက်ကို လက်စားချေတုန့်ပြန်ဖို့ သူဘယ်တုန်းကမှ မစဉ်းစားခဲ့ပေ။ အောက်တန်းကျလွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အပြုအမူတွေဟု ညီတာထင်မိနေသည်။ ကိုဆက်မော် . . . ခင်ဗျားကြောင့်ပဲ။ ယောကျ်ားရဲ့ မတရားညှင်းပမ်းနှိပ်စက်မှုတွေကို ခံစားနေရသည်။

"မင်းလို မိန်းမတစ်ယောက်နဲ့ရတဲ့ သွေးကို ငါအသိအမှတ်မပြုနိုင်ဘူး"

ညီတာ့ စိတ်တွေ ကယောင်ကတမ်းနှင့် သခင်ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လေးအား သိမ်းကျုံးပွေ့ဖက်ထားလိုက်သည်။ မင်းပေးဆပ်ရလိမ့်မယ် . . . သခင်။ ကံကြမ္မာပဲ အချစ်တွေက ကြမ်းတမ်းနေ၏။ နာကျင်ကြေကွဲမှုတွေနှင့် ငြီးငြူရှိုက်ငင်သံတွေက အမှောင့်ထုထဲမှာ လွင့်ပြန့်နေသည်။

♠ ♠ ♠ ♠ ♠

BURMESE CLASSIC .com

အခန်း ( ၁၉ )

"သမီးလေး . . . သခင်၊ ဘာဖြစ်လို့ ပြန်မရောက်လာတာလဲ၊ မာဂရက် . . . ကြွေသမီးလေးရော . . . ဘာဖြစ်လို့ ခုထိပြန်မရောက်သေးတာလဲ" .

ဒေါ်ကြွေကြွေ အချိန်တွေကြာလာသည်နှင့် အမျှ ပူပင်သောကတွေနှင့် သူငယ်ချင်းတွေဆီ ဖုန်းဆက်မေးပေမယ့်မသိဘူး . . . မလာဘူးဆိုတဲ့ အဖြေပဲရသည်။ မာဂရက်လည်း ရောက်လာ၏။ သမီးမလာလို့တဲ့၊ မောင်ထင်ရှားကျော်ကို သမီးက လက်မထပ်လိုပေ။ သမီးမှာ ချစ်သူရှိနေလား။ ဘယ်သူလဲ. . . အမယ်လေး သားကြီးလိုပဲလား။ ဒေါ်ကြွေကြွေရင်ဝကို ဖိထားရသည်။

"မှူးသခင်က မာဂရက် သားကို လက်မထပ်ချင်တာလား . . . ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ ကြွေ . . ."

"မဟုတ်ပါဘူး မာ. . . မောင်ထင်ရှားကျော်ကို ငြင်းစရာမှ မရှိတာဘဲ၊ ဘယ်လို အန္တရာယ်နဲ့ တွေ့ကြုံနေရလဲ"

"မင်းသမီးက ကိုယ်ကျင့်တရား ပျက်ပြားနေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မာဂရက်တို့ အသိုင်းအဝန်းထဲကို ဒီလိုမိန်းကလေးမျိုးအဝင် မခံနိုင်ဘူး၊ စေ့စပ်ဖို့ဖျက်တယ်၊ အဆင့်မရှိဘူး"

"မာဂရက်"

"ကြွေ့ သမီးက ဒီလိုဘာဖြစ်လို့ လုပ်ရတာလဲ. . . အောက်တန်းကျတယ် . . . ရှက်စရာကောင်းလိုက်တာ မာဂရက်တို့ အသိုင်းအဝိုင်းမှာ တကယ့်ကို ဂုဏ်သိက္ခာမဲ့စေတာပဲ၊ သားကို လက်ထပ်ချင်တဲ့ ဂုဏ်သရေရှိအသိုင်းအဝန်းက မိန်းကလေးတွေ အများကြီးပဲဟာ. . . မာဂရက် သား အတွက် ဘယ်လောက်ထိခိုက်နစ်နာလဲ. . ."

"ဟုတ်ပါတယ်. . . မာဂရက်၊ ကြွေတောင်းပန်ပါတယ်၊ သမီးဘာဖြစ်နေလဲမသိဘူး၊ တောင်းပန်ပါတယ်လေ"

"လုံးဝအောက်တန်းကျတယ်၊ မင်းနဲ့လည်း ပတ်သက်စရာမလိုတော့ဘူး၊ ဒါပဲ. . ."

မာဂရက် ရန်တွေ့ပြောဆိုပြီးထွက်သွားသည်။ ဒေါ်ကြွေကြွေကိုယ်တိုင်က မာန်မာနတွေ မောက်မာပြီး လူတွေကို မတူမတန်သလို ဆက်ဆံလာတာပါ။ မာဂရက်ပြောဆိုသမျှခံရမယ့် ဘဝရောက်နေသည်။ မာဂရက်သားနဲ့ သမီးကို လက်ထပ်ဖို့တောင်းဆိုခဲ့စဉ်က သူ့သားရဲ့ ရွေးချယ်မှုကိုပဲ ခံရမယ်တဲ့။ မိန်းကလေးက သူ့သားကို ရွေးချယ်တာမျိုး မဖြစ်စေရဘူးတဲ့။ မင်းသမီးဘက်က သေချာပေါက် သူ့သားကိုလာ



ကြည့်ခိုင်းမယ်တဲ့။ အမယ်လေး . . . သခင် ညည်းဘာတွေလုပ်သွားတာလဲ။ ချစ်သူနောက်များလိုက်သွားတာလား။ သမီးက သူမ လက်ကိုင်ဖုန်းကိုလည်း ပိတ်ထားသည်။ သားကြီးဆီဖုန်းဆက်ရ၏။ ထိုသတင်းကြားကြားခြင်း သားကြီး ရောက်လာသည်။

"သခင် ပျောက်နေတယ် ဟုတ်လား၊ မာမီ"

BURMESE CLASSIC .com

"အင်း"

"ဒီကောင်မလေး ဘယ်ရောက်နေလဲ၊ ဒီကောင်မလေးမှာ ချစ်သူရှိလား မာမီ"

"မာမီတော့ မကြားမိပါဘူး၊ မာဂရက်သားနဲ့ လက်မထပ်ချင်ဘူးလို့ပဲ ငြင်းနေတယ်"

"ချစ်သူ ရှိလို့ပဲဖြစ်မှာပေါ့ မာမီ"

"သားကြီး၊ မင်းကြောင့်ပဲ. . . မင်းက အဆင့်မရှိတဲ့ အလုပ်တွေလုပ်တော့ သမီးကလည်း လုပ်မှာပဲလေ"

"သားက ဒီမိန်းမရဲ့ ထောင်ချောက်ထဲကိုတိုးဝင်သွားမိတာပါ. . . မာမီ၊ မကြာခင် ကွာရှင်းပစ်မှာပါ"

"ကောင်းတယ်. . . ကွာရှင်းပစ်လိုက်၊ ဒင်းရဲ့ သွေးကိုလည်း မာမီလက်မခံနိုင်ဘူး၊ မင်းပြန်လာခဲ့၊ အခု မင်းညီမလေးကိုရှာပါအုံး . . . ရဲစခန်းကို သွားတိုင်ပါ၊ မာမီ အရမ်းပဲ စိတ်တွေပူနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီးပြီလား၊ ဘာပြောလဲ. . ."

"သခင့်မှာ ချစ်သူတော့မရှိဘူးတဲ့၊ သခင်ကြိုက်နေတဲ့ ကောင်လေးတော့ရှိတယ်တဲ့ ညီတာတဲ့"

BURMESE CLASSIC .com

"ဗျာ"

"မင်းသိလို့လား"

"မာမီ စိတ်အေးအေးနေပါ၊ သားညီမလေးကို ရှာလာခဲ့မယ်"

ညိုပြာ့မောင်ပဲ. . . ဒီကောင် နေ့လည်ကပဲ သူနှင့် ပြဿနာတက်သွားသည်။ ညီမလေးသခင် ချစ်နေတာက ညီတာတဲ့ ဘယ်လိုဖြစ်ရတာလဲ။ ညီမလေးကို ဒီကောင်ခေါ်သွားတာပဲဖြစ်မည်။ ဆက်မော် ဇနီးဖြစ်သူညိုပြာဆီ ပြန်ရောက်လာသည်။

"မင်းမောင် ညီတာ ဘယ်မှာလဲ၊ မင်းအိမ်ကို လိုက်ပြစမ်း . . ."

"ဘာဖြစ်လို့လဲ. . . မောင်"

"မင်းမောင် ယုတ်မာပြီး ငါ့ညီမလေး သခင်ကို ခိုးပြေးပြီ. . ."

"ဟင် . . . မဖြစ်နိုင်ပါဘူးမောင်၊ ညီတာက အဲ့ဒီလို အကျင့်စရိုက်တွေမရှိပါဘူး"



"ဘာမရှိတာလဲ၊ ငါ့ညီမကို လက်စားချေဖို့လေ၊ အခုသခင် မရှိတော့ဘူး၊ မာမီ စိတ်ပူနေတယ်၊ မင်းအိမ်ကိုလိုက်ပြစမ်းလာ. . ."

ဆက်မော် အိမ်ကနေ ကားယူလာခဲ့သည်။ ညီတာမင်းဒီလို လုပ်ရမလား။ မင်းတန်လို့လား ညီမလေးဘဝကို ဒီကောင်ဖျက်စီးပစ်တော့မှာပါ၊ ဆက်မော် ကားကို ဒရကြမ်းမောင်းနေသည်။

"မင်းမောင် ငါ့ညီမလေးကို ယုတ်မာပြီး ဖျက်ဆီးပစ်တော့မယ်၊ ကားနဲ့ လက်ဝတ်ရတနာတွေပါသွားတယ်၊ စခန်းမှာ အမှုဖွင့်မယ်"

ညိုပြာလည်း မောင်လေးညီတာ့အတွက် စိတ်တွေပူရသည်။ မောင်လေးက စိတ်ထားတည်ကြည် ဖြည့်ဝတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဘဝကို ကိုယ့်အစွမ်းအစတွေနဲ့ ကြိုးစားတည်ဆောက်နေသည်။ မဖြစ်နိုင်တာပဲ။ နေ့လည်ကတော့ ညိုပြာ့အတွက် ညီတာနှင့်မောင်တို့ ထိုးကြိတ်တဲ့အထိပြဿနာတက်ခဲ့ကြသည်။

"ဒီကောင်က တန်ရာ တန်ရာ မလုပ်ဘူး၊ မင်းတို့မောင်နှမတွေရဲ့ စိတ်က အောက်တန်းကျလွန်းတယ်၊ မင်းမောင်ကို အချုပ်ထဲထည့်ပြစ်မယ်"

"အဲ့ဒီလို မလုပ်ပါနဲ့ မောင်ရယ်၊ ညိုပြာတောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ မောင်လေးကို ခွင့်လွှတ်ပေးပါ၊ ညီမလေး သခင် မောင့်ဆီကို ပြန်လိုက်သွားစေရပါမယ်"

"တိတ်စမ်း"

"ဖြန်း"

"အမေ့"

"မင်းကြောင့်ကွ၊ ငါ့ဘဝကို ဖျက်ဆီးပစ်လို့ အားမရ သေးလို့ ငါ့ညီမလေးရဲ့ ဘဝကိုပါ ဖျက်ဆီးပစ်ကြတာ"

"ညီပြာမောင့်ကို ကွာရှင်းပေးပါ့မယ်. . . မောင့် မိဘအိမ်ပဲပြန်ပါ"

"ပြန်မှာပဲ၊ မင်းနဲ့ ဆက်မပေါင်းနိုင်တော့ဘူး"

ညီပြာတို့ အိမ်ရောက်တော့ ဖေဖေကနေမကောင်း ၍ အိပ်ယာပေါ်မှာလဲနေသည်။ မောင်က အားနာမှုမရှိပဲ အိမ်လေးပေါ်ပြေးတက်သွားသည်။

"ညီတာ ဘယ်မှာလဲ၊ ဒီကောင် မတန်မရာ၊ ကျုပ် ညီမကို ခိုးပြေးသွားတယ်၊ ဘယ်မှာလဲ"

"ဖေဖေ ညီတာရော"

"မရှိဘူး၊ ပြန်မှမလာသေးတာ . . . မင်းတို့ဒီကို ဘာလာလုပ်တာလဲ"

"ခင်ဗျားသားညီညီတာ ကျုပ်ညီမလေးကို ခိုးပြေး လို့လာရှာတာ. . . အချုပ်ထဲ မရောက်ခင်ပြောပါ"



"မင်းရိုင်းလှချည်လားကွ၊ ဘာဖြစ်လို့လာစော်ကား နေရတာလဲ၊ မင်းညီမနဲ့ ငါ့သားက အရွယ်ရောက်နေတဲ့ သူတွေပဲ၊ ငါက ဘယ်မှာ ဝှက်ထားရမှာလဲ"

"ဘာဗျ"

"ဖေဖေ တောင်းပန်ပါတယ်၊ မောင်လေးရော ညီတာ့ကို ရှာတွေ့မှဖြစ်မယ်ထင်တယ်"

"မရှိဘူး . . . ငါလည်းမသိဘူး၊ ဝှက်ထားစရာ လည်းအကြောင်းမရှိဘူး၊ မင်းလုပ်ချင်တာလုပ် ၊အရေးကြီး တာက မင်းညီမဆန္ဒပဲ ငါ့သားထောင်ကျလည်း သူ့အပြစ် သူ ခံတာပဲလေ"

"ဖေဖေ"

"သွာ. . . နင်ငါ့သမီးမဟုတ်ဘူး၊ ထွက်သွားတော့ နင့်ကြောင့်လိမ္မာရေးခြားရှိတဲ့ ငါ့သားလေးဘဝပါ ပျက်ရပြီ ထင်တယ်"

ဆက်မော်ဆိုတဲ့ကောင်ကို မိမိလုံးဝအလျှော့မပေး လိုပေ။ လူမဆန်တဲ့ ကောင်. . . သမီးကို ညှင်းပမ်းနှိပ်စက် နေတဲ့ သတင်းတွေက မိမိနားနှင့် မဆန့်အောင်ကြားနေရ သည်။

"ဟော့ကောင် . . . ဆက်မော်၊ မင်းတို့ဟာ မင်းတို့ ချမ်းသာတာ ငါကရုမစိုက်ဘူးကွ၊ ငါ့သားကိုရှာပြီး မင်းညီမ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်အပ်ပေးမယ်စိတ်ချ. . . မင်းပြန်တော့ မပြန်ရင် ငါ ရိုက်သတ်ပစ်မယ်"

"ဖေဖေ"

ဦးမောင်မောင်တာက ဒုတ်တစ်ချောင်းကို ဆွဲကိုင်လိုက်သဖြင့် သမက်ဖြစ်သူ ဆက်မော်ဒေါ်သတကြီးပြောဆို ကြိမ်းမောင်းထွက်သွားသည်။

'နင်လည်းလိုက်သွားလေ. . . ဘာဖြစ်လို့ နေခဲ့ရတာလဲ. . . ပြန်"

"သမီး ယောက်ျားနဲ့ ကွာရှင်းမှာပါ ဖေဖေ. . . မောင်လေးကိုရှာပါ၊ မောင်လေးကို သူတို့ ထောင်ထဲထည့်ကြတော့မယ်"

သမီးဖြစ်သူကို မသိတင်ကဲနှင့် ဦးမောင်မောင်တာ ကြည့်မိသည်။ သမီးက ပိန်ခြုံးနေ၏။ မိမိကြောင့်ပဲ. . . သားရော တကယ်ပဲ သမီးညိုပြာရဲ့ ယောင်းမကို ခိုးပြေးတာလား။ မိမိနေမကောင်း၍ အိပ်ယာပေါ်မှာ လဲနေသည်။ မရှာနိုင်။ အစ်မအတွက် သားငယ်ဘဝကို အဖျက်ဆီးခံလိုက်တော့မှာလား။ ဦးမောင်မောင်တာ ရင်ထဲမှာ နာကျင်သွားရသည်။

"သမီးကိုခွင့်လွှတ်ပါ ဖေဖေ . . . အမိုက်'မ'ပါ မောင်လေးကို ပြန်ရှာပေးလိုက်ပါ၊ သခင့်ကို ပြန်ထည့်ပေး



ပါ၊ မောင်လေးက မချစ်ပဲ သမီးအတွက် လက်တုန့်ပြန်တော့မှာပါ၊ သခင်က စိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးပါ"

"ဖေဖေ လုံးဝမသိဘူး . . . သမီး၊ ဘာတွေဖြစ်ရတာလဲ၊ ဖေဖေ့သားငယ်က ဘဝကို အားမာန်အပြည့်နဲ့ ကြိုးစားနေတာပါ"

"ဘယ်လိုလုပ်မလဲ . . . ဟင်၊ မောင်လေးကို သူတို့ ရက်စက်ကြတော့မယ်"

"မိန်းကလေးက ပါရင်ဘာမှမဖြစ်ဘူး၊ အခုလောက်ဆိုရင် လက်ထပ်ထားပြီးကြရောပေါ့"

"ဖေဖေ"

"ကံကြမ္မာပဲ"

"သမီးမွေးတဲ့ မီးပါ၊ မောင်လေးနဲ့ ဖေဖေ့ကိုပါလောင်မြိုက်နေပါပြီ"

မောင်က ဒီအကြောင်းပြချက်နဲ့ ညိုပြာ့ကို ထားခဲ့ပါပြီ။ သူမမှာ ကိုယ်ဝန်ငါးလနှင့် ကျန်ခဲ့သည်။ သူမငှားထားတဲ့ အိမ်လေးမှာပဲ နေဖို့ ဆုံးဖြတ်ထား၏။ ဖေဖေနဲ့ မောင်လေးရှေ့မှာ မနေလိုပေ။ ယခု ခက်နေတာက ညီတာပဲ. . . သခင့်မိဘ အသိုင်းအဝိုင်းတွေက တောင့်တင်းကြသည်။ မောင်လေးကို ထောင်ထဲပို့တော့မယ်။ ညိုပြာရှာလည်း မရှာတတ်၊ ဖေဖေက အေးဆေးစွာထိုင်နေ၏။ ညိုပြာဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှန်းပင်မသိတော့။ ဖေဖေက မရှာနဲ့ ပြန်ဟုပဲပြော သည်။

"သမီးကြီး"

"ရှင်"

"ပိုက်ဆံရှိလား"

"ဟုတ်ကဲ့၊ ရှိပါတယ်ဖေဖေ ... သခင်လာပေး ထားတာပါ"

"ဘာမှ အားမငယ်နဲ့၊ ဒင်းက ပစ်ထားတော့ အား ငယ်စရာမလိုပါဘူး၊ အခု သမီးတစ်ယောက်ထဲ အေးပြီလို့ သာမှတ်၊ ဒီမှာ လာပြန်နေချင်နေ"

"ညိုပြာငှားထားတဲ့ အိမ်က လတွေကျန်သေးလို့ ဟိုမှာပဲနေမယ်၊ သခင်က သမီးကို အမြဲတမ်းပေးကမ်း ထောက်ပံ့နေတာပါ"

"ပြန်တော့"

ဦးမောင်မောင်တာကတော့ သားကိုရှာဖို့ မြို့ပြင်က ခြံကြီးဆီသွားတာဟုထင်မိသည်။ တစ်ညပဲအိပ်ပြီးနေပြီ။ သမီးကြီးကြောင့် သားမှားယွင်းတဲ့ လမ်းပေါ် လျှောက်လှမ်း နေပြီလား။ ဦးမောင်မောင်တာရဲ့ တာဝန်မကျေပွန်မှုတွေ လည်းပါနေသည်။

"ဖေဖေ့ တာဝန်တွေပါ. . ."



"ဘဝတစ်လျှောက်လုံး အဖေ တာဝန်မကျေခဲ့တာ ကြောင့်ပါ . . ."

သမီးကြီးကို ယောက်ျားဖြစ်သူက ပစ်သွားသည်။ ကိုယ်ဝန်ကြီးနှင့် ကျန်ရစ်ခဲ့၏။ မိမိလည်း ဘာမှ မတတ်နိုင် ပဲ၊ အိပ်ယာပေါ်မှာ လဲနေ၏။ ညီတာပြန်ရောက်လာရင် တော့ ကလေးမလေးကို ပြန်ပို့ရမယ်။ သားငယ်နဲ့ ပေါင်းလို့ မဖြစ်ဘူး။ သားငယ်ဘဝပါ ပျက်စီးရတော့မည်ဖြစ်သည်။ ဦးမောင်မောင်တာ ခေါင်းတွေမူးနောက်ရီဝေနေသည်။ သား ပြန်ရောက်မလာ၍ စိတ်သောကတွေရောက်ပြီး ဒ[illegible]ပျော် ခဲ့။ ရင်တွေလေးလံအရာဝတ္ထုတစ်ခုနှင့် ဖိထားခြင်းခံရသလို မွန်းကြပ်နေသည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၂ )

သားကြီးပြန်ရောက်လာ၍ ဒေါ်ကြွေကြွေစိတ်သက်သာရာရပေမယ့် သမီးကို ဟိုကောင်လေးညီတာ တမင်အရွဲ့တိုက်ပြီး ခိုးယူသွားတာဖြစ်နိုင်၍ စိတ်မအေးနိုင်အောင် ဖြစ်ရသည်။ မိမိဝင့်လည်းဖို့ အကြောင်းဖန်လာတာများလား။ အမယ်လေးရင်တွေပူလိုက်တာ။ မတွေ့ရင်ဘယ်လိုလုပ်ရမလဲ။ တစ်ညတောင်အိပ်ပြီးပြီဆိုတော့ သမီးလေး အပျိုရည်ပျက်ပါပြီ။ ဒင်းလူယုတ်မာ. . . သူငယ်ချင်းတွေက ပြောတော့ သခင်က ကြိတ်ပြီးကြိုက်တာတဲ့။ ညီတာက ရှောင်တယ်တဲ့။ ဘယ်လိုဖြစ်ရတာလဲဟင်။ မိမိက ရွှေမှုန်စားပြီး ရွှေလင်ဗန်းနဲ့ အချင်းဆေးလာတာပါ။ သူဌေးသား လုပ်ငန်းရှင်ကြီးကိုတော့ ငြင်းတယ်။ စည်းစနစ်တွေကြားထဲမှာ မနေနိုင်ဘူးတဲ့။ အခုတော့ ဘယ်ဘဝရောက်နေပြီလဲ။ ဒေါ်ကြွေကြွေစိတ်သောက ရောက်နေရသည်။

"မာမီ . . . ညီမလေးရှိတဲ့ နေရာသားသိလာခဲ့ပြီ၊ ဟိုမိန်းမ ညိုပြာပြောပြတာ မြို့ပြင်က သူတို့ ဦးလေးစောင့်ရတဲ့ ခြံကြီးထဲကို သွားတာဖြစ်နိုင်တယ်တဲ့"

"မာမီလည်းလိုက်မယ်. . . သား၊ သမီးကို အတင်း



ပြန်ခေါ်လာမယ်၊ ဒင်းက ချစ်လို့ လက်ထပ်တာမှ မဟုတ်တာပဲ. . . နှိပ်စက်တော့မှာပါ"

သမီးကို အညှိုးနဲ့ နှိပ်စက်တော့မှာပဲ ဖြစ်သည်။ ဒေါ်ကြွေကြွေပါလိုက်၍ သမီးကို ခေါ်မည်။ ရက်စက်လိုက်ကြတာ။ သမီးလေး နုနုထွတ်ထွတ် လှလှပပလေးကိုများ တန်ရာတန်ရာ မလုပ်ကြဘူး။ ပြန်ခေါ်မယ်။ ခွဲပစ်ရမယ်။ မြို့ပြင်ခြံကြီးဆီ ရောက်ခါနီးတွင် သက်ဆိုင်ရာရပ်ကွက်အဖွဲ့အစည်းထဲဝင်ပြီး မေးမြန်းတော့ တရားဝင်လက်ထပ်ပြီးသွားပြီတဲ့။ သမီးကိုယ်တိုင်က လိုလိုလားလား လက်ထပ်ခဲ့တာတဲ့။ ပစ္စည်းတွေလည်း အပ်ထားပြီးပြန်ပေးဖို့ပါပဲတဲ့။ ဒေါ်ကြွေကြွေယိုင်ခွေ လဲကျမတတ် စိတ်ထိခိုက်သွားရသည်။

" ကျွန်မသမီးကို တွေ့ပါရစေ၊ ဒီကောင်ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားတာပါ"

"အန်တီ့ သမီးမျုးသခင်က အသက်ပြည့်နေပါပြီ၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်တဲ့ အရွယ်ပါ"

"ရှင်တို့ ဘာဖြစ်လို့ ကာကွယ်နေရတာလဲ၊ ကျွန်မတို့မှာ ငွေရှိတယ်၊ ကျွန်မသမီးကို ကျွန်မတို့ပြန်ခေါ်နိုင်အောင်ပဲ ကြိုးစားပေးပါ"

"ဟုတ်တယ်၊ ဒီကောင် ဖြားယောင်းသွေးဆော

www.burmeseclassic.com

www.burmeseclassic.com



ပြီးခိုးပြေးတာပဲ၊ ကျုပ်တို့ သက်ဆိုင်ရာတိုင်မယ်”

“တိုင်ချင်လည်းတိုင်ပါ၊ ခင်ဗျားတို့ မျက်နှာပျက်ရမှာစိုးလို့ပါ၊ မှုးသခင်ကိုယ်တိုင်က သူချစ်မြတ်နိုးလို့လိုက်လာတာပါလို့ ဖြေပါတယ်၊ ပြဿနာတွေ မကြီးကျယ်စေချင်လို့ပါ၊ မိန်းကလေးက ဖြားယောင်းသွေးဆောင်ပြီးခါ ရမယ့်အသက်အရွယ်မဟုတ်လို့ပါ”

“တောက်”

ဆက်မော် လုံးဝမကျေနပ်နိုင်ပဲ ဖြစ်နေသည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုတ်ထားမိ၏။ ဒီကောင်အညှိုးနဲ့ ခိုးပြေးတာပါ။ သူ့အစ်မအတွက် လက်စားချေမလို့ ခွေးကောင် ငါ့ညီမဘဝကို ဖျက်ဆီးပစ်ချင်တာ။ သတ်မယ်၊ ခြံကြီးထဲရောက်တော့ တဲစုတ်လေးကို တွေ့ရ၍ ဒေါသတွေက ပို၍ပင်ပေါက်ကွဲသွားရသည်။

“ဟေ့ကောင်. . . မင်းဘာ ဖုတ်မာတာလဲ၊ ငါ့ညီမနဲ့ မင်းက တန်လို့လားကွ၊ ထွက်ခဲ့စမ်း မင်းကို ငါသတ်ပစ်မယ်”

“သမီး သခင်. . . မာမီရောက်လာပြီလေ၊ ပြန်လိုက်ခဲ့ပါကွယ်၊ ဒီကောင်က ယုတ်မာပြီး သမီးကို နှိပ်စက်မှာပါ”

ညီတာကတော့ ပြဿနာက စပြီဆိုတာသိလိုက်သည်။ သခင်က သူ့လက်တွေကို ဆုတ်ကိုင်ထား၏။ မတူ



မတန်ဘူးဆိုတာ ဘာကိုပြောတာလဲ။ အခုလောက်ဆိုရင် မမညိုပြာ အကြီးအကျယ်ရိုက်နှက် ပြောဆိုခံပြီးလောက်ပြီဆိုတာ သူသိသည်။

“သခင်ပြန်မလိုက်သွားပါဘူး၊ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ညီတာ့အနားမှာပဲ သခင်နေမှာပါ”

“သခင်”

“ညီတာ”

“ကိုယ့်ကိုချစ်တယ်မဟုတ်လားကွာ”

“အင်း”

သူသခင့်ကိုယ်လေးကို ရင်ခွင်ထဲမှာ တင်းကျပ်စွာပွေ့ဖက်ထားလိုက်သည်။ မင်းပြန်လိုက်သွားလို့ မဖြစ်ဘူး သခင် ရက်စက်ပြီးစော်ကားလွန်းတဲ့ လူတွေအတွက် မင်းကိုယ့်အနားမှာပဲနေရမယ်။ လူလူချင်းမတူမတန်ဘူးဆိုတာ အဓိပ္ပါယ်မှ မရှိတာပဲ။ ကိုယ့်မမညိုပြာညက်အတွက် မင်းပေးဆပ်ရလိမ့်မယ်။ ကမ္ဘာမီးလောက်သားကောင်ချနင်းလေ၊ မင်းမှာ အပြစ်မရှိတာထက် ကိုဆက်မော်ရဲ့ သွေးသားအနေနဲ့ မင်းလိုအပ်တယ်၊ သူ့လက်တွေနှင့် သခင့်မျက်နှာလေးကို ဆွဲမော့စေကာ နှုတ်ခမ်းလေးကို နမ်းပြစ်လိုက်သည်။

“ညီတာရယ် ဘာပဲဖြစ်ဖြစ် သခင်လေ ညီတာ့ကို ချစ်တယ်၊ မမညိုပြာရဲ့ မောင်၊ ညီညီတာဆိုတာကို စပြီးမြင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ချင်းတတည်းကပါနော်. . .

သခင့်မျက်ဝန်းလေးတွေက ရီဝေစိုစွတ်ကာ၊ ခယ တောင်းပန်ဝန်ချနေတဲ့ အရိပ်တွေလွှမ်းနေသည်။ ညီတာ့ ရင်ထဲမှာ နာကျင်သွားရ၏။ မင်းက အပြစ်မဲ့တဲ့ မိန်းကလေး ပါသခင်. . . ဒါပေမယ့် ငါလူယုတ်မာတစ်ယောက် အဖြစ် ပဲ ခံယူရမယ်ထင်တယ်။ သခင့်ကို သနားလို့မဖြစ်ဘူး။ ချစ် တာမချစ်တာထက် သခင်က သူ့ဇနီးမယားအဖြစ်ပဲ ရှိနေဖို့ လိုအပ်သည်။

"ဟော့ကောင်. . . ခွေးမသား၊ ညီညီတာ မင်းထွက် လာခဲ့ . . . မင်းကို ထောင်ထဲပို့ ပစ်မယ်၊ ထွက်လာစမ်း"

သူ့အံသွားတွေကို တင်းကြပ်စွာ ဖိကိုက်ထားမိ သည်။ ခွေးမသားတဲ့ ခင်ဗျားရဲ့ စော်ကားမှုတွေက ကမ်းကုန် နေပြီပဲ ကိုဆက်မော်၊ သခင့် မာမီကလည်း ရှိုင်းရှိုင်းစိုင်း စိုင်းနှိမ့်ချပြောဆိုကာ သမီးကိုခေါ်နေသည်။

"သခင် ထွက်သွားပါ၊ ပစ္စည်းတွေပြန်ပေးပြီး ရှင်း ပြလိုက်ပါ၊ ကိုယ်ဒီမှာပဲနေမယ် . . . မင်းမလိုက်သွားပါနဲ့ ကိုယ်အနားမှာပဲ သခင်နေပါ၊ ကိုယ်သခင့်ကို ချစ်တယ်"

သခင့်လက်တွေက သူ့ကို တင်းကြပ်စွာဖက်တွယ် လာသည်။ ခင်ဗျားသမီး ဘယ်တော့မှ ပြန်မလိုက်စေရဘူး။ အောက်တန်းကျတဲ့ ကျုပ်ရဲ့ ဇနီးပဲဖြစ်နေစေရမယ်။ မိခင်



ကိုပါ နှိုင်းပြီး ဆဲဆိုနေ၍ ညီတာ ဘယ်လိုနည်းနှင့်မှခွင့် မလွှတ်နိုင်တော့ပေ။ သခင်ကို ဖက်ထားတဲ့ သူ့လက်တွေက သံမဏိလိုမာကြောတောင့်တင်းနေသည်။

"ညီတာ ငါ့တူပြဿနာကို ဖြေရှင်းပါ၊ ကလေးမ ထွက်ပြီးတွေ့ပါ၊ သမီးဆန္ဒကို ပြောပြပါ၊ လာ. . . ဦးလေး ဖူးနဲ့ လိုက်ခဲ့"

ဦးလေးဖူးက သခင့်ကို ခေါ်သွားသည်။ ညီတာ ကလည်း အရာရာရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်၏။ သူက ဒီလို နိမ့်ကျတဲ့ အလုပ်တွေကို လုပ်ရန်ဘယ်တုန်းကမှ မစဉ်းစား ခဲ့ပေ။ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဂုဏ်သိက္ခာကြီး မားစွာ အောင်မြင်ဖို့ပဲ ကြိုးစားနေခဲ့သည်။ ကံကြမ္မာပဲထင် တယ်။ သခင့်ကို သူဘယ်လိုမှ မချစ်နိုင်တာတော့ အမှန်ပဲ ဖြစ်သည်။

"ညီမလေး ကိုကိုတို့နဲ့ ပြန်လိုက်ခဲ့။ မာမီလည်း အရမ်းစိတ်ထိခိုက်နေတယ် ညီမလေးကို မဆူဘူး၊ လာ ပြန်မယ်"

"သမီးလေး မာမီ ရင်ကျိုးအောင်လုပ်လိုက်တာ လားကွယ်၊ ဒီလိုအဆင့်အတန်းမရှိတဲ့ ယောကျ်ားတစ် ယောက်နဲ့ နေတာ ဘယ်လောက်ရှက်စရာကောင်းလဲ၊ ပြန် လိုက်ခဲ့နော်၊ ဒီကောင်က ဖြားယောင်းခဲ့သွေးဆောင်ပြီး သမီး

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်လာတာမဟုတ်လား"

"မဟုတ်ပါဘူး၊ မာမီ သခင်ကိုယ်တိုင်က အလိုတူအလိုပါလိုက်လာခဲ့တာပါ၊ ညီတာ့ကို သခင်ချစ်တယ်"

"ဘာ"

"ဘာပြောတယ် သမီး"

"သခင်နေခဲ့မယ် ညီတာနဲ့ မခွဲနိုင်လို့ပါနော်၊ ညီတာက လူကောင်းပါ မာမီတို့ ထင်သလို ယုတ်မာကောက်ကျစ်တာမျိုးမဟုတ်ရပါဘူး"

"တိတ်စမ်း"

ကိုဆက်မော် ဒေါသတကြီးနှင့် အော်ဟစ်လိုက်၍ ညီတာ့ နှုတ်ခမ်းတွေ တွန့်မဲ့ပြုံးလိုက်သည်။ ခင်ဗျားဘာတတ်နိုင်သေးလဲ။ သူများအစ်မကို စော်ကားချင်တိုင်းစော်ကားပြီး ကိုယ့်ညီမကိုထိတော့ အရမ်းဆတ်ဆတ်ခါနာနေတာလား။ သခင်ဘယ်လို နည်းနဲ့မှ မိဘတွေနောက်ပြန်မလိုက်ဘူးဆိုတာ ညီတာသိနေသည်။

"လိုက်ခဲ့ရမယ်၊ ဒီကောင်က ညီမလေးကို နှိပ်စက်မှာ၊ ဒီကောင်လူယုတ်မာ. . . ညီမလေးကို မချစ်ပဲ သူ့အစ်မအတွက် လက်စားချေဖို့ ခိုးလာတာ. . ."

"မာမီသေတာကို သမီးတွေ့ချင်လို့လား ဟင်၊ ပြန်လိုက်ခဲ့ . . . လာစမ်း၊ သားကြီး ကားပေါ် အတင်းဆွဲတင်"



"သမီး မလိုက်ဘူး၊ မာမီပြန်ပါ၊ သမီးကို သမီး အဖြစ်ကနေစွန့်လွှတ်လိုက်ပါ၊ တကယ်လို့ ညီတာက သူ့မမအတွက် လက်စားချေမယ်ဆိုရင်တောင် သခင်ကျေနပ်ပါတယ်၊ ပေးဆပ်မယ်"

"ဟင်"

"ဘာ"

"သခင် နေခဲ့မယ်၊ ညီတာ့ကို မခွဲနိုင်လို့ပါ၊ သမီး သဘောဆန္ဒနဲ့ပဲ လက်ထပ်လိုက်တာပါ၊ ညီတာရဲ့ ဖြားယောင်းသွေးဆောင်မှုမပါပါဘူး"

သခင်တဲလေးထဲသို့ ပြန်၍ပြေးဝင်လာခဲ့သည်။ ညီတာ့ရင်ခွင်ထဲပဲ ပြေးဝင်ဖက်တွယ်ထားမိ၏။ ပြဿနာတွေအားလုံး ကိုကိုကြောင့်ပဲလေ။ မမညီပြာအား မတရားညှင်းပမ်းနှိပ်စက်နေတာ သခင် သိနေသည်။ ပေးဆပ်ရမှာပဲ။ ကိုကို ယုတ်မာလို့ဖြစ်ရတာပါ။ ညီတာက သာမာန်ဘာမဟုတ်တဲ့ ကိစ္စလေးနှင့် မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို ဖျက်ဆီးပစ်မယ့် ယောကျ်ားမဟုတ်ပါဘူး။ ညီတာ့ စိတ်ဓာတ်ကို သခင်အသိဆုံးဖြစ်သည်။

"ခင်ဗျားတို့ ပြန်ကြပါ၊ မိန်းကလေးက သူ့ဆန္ဒပါလို့ပြောနေပြီပဲ၊ ဥပဒေအရလည်း ဘာမှ လုပ်လို့မရဘူး၊ မိန်းကလေး ယူလာတဲ့ ပစ္စည်းတွေလည်း ပြန်ပေးလိုက်ပြီ ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကြပါ"

သက်ဆိုင်ရာလူကြီးတွေနှင့် ဦးလေးဖူးက ဖြောင်းဖျပြောဆိုနေသည်။ ကိုဆက်မော်က ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းနေ၏။ သခင့်မာမီ ငိုကြီးချက်မနှင့် လဲပြိုကျသံကြားတော့ သခင်က သူ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ အပြင်ကိုပြေးထွက်မည်ပြုစဉ် သူ့လက်တွေက သခင့်ကိုယ်လုံးလေးအားတင်းကြပ်စွာ ပွေ့ဖက်၍ သူ့ရင်ခွင်မှာ အပ်ထားပစ်လိုက်သည်။

"ဟော့ကောင် အမျိုးယုတ် မင်းသိမယ်. . . ဆက်မော်အကြောင်း မင်းကောင်းကောင်းသိစေရမယ်"

ကားတွေပြန်၍မောင်းထွက်သွားသည်။ သခင့်ပါးပြင်ပေါ်မှ လိမ့်ဆင်းကျလာတဲ့ မျက်ရည်တွေက သူ့ရင်ဘတ်ပေါ်မှာ စိုစွတ်နေသည်။ သူပြုံးပစ်လိုက်၏။ ကိုဆက်မော်ခင်ဗျားတို့ပဲကျဆုံးစေရမှာပါ။ ခင်ဗျားတို့မှာ ကိုယ်ချင်းစာနာစိတ်လေးနည်းနည်း ရှိနေရင်တောင် အရာအားလုံးအေးချမ်းမှာပါ။ ဦးလေးဖူးက ပြန်ဝင်လာသည်။

"ညီတာ"

"ဗျာ. . . ဦးလေး"

"မင်းဘာဆက်လုပ်မှာလဲ၊ ဦးလေးဖူးလည်း မင်းအစ်မညီုပြာ့ သတင်းတွေကြားပါတယ်၊ ဒါပေမယ့် ဦးလေး



အမြင်မှာတော့ ဒီမိန်းကလေးက ရိုးသားဖြူစင်ပါတယ်"

သခင်ရဲ့ငိုရှိုက်သံက ညီတာနှလုံးသားအထိနက်ရှိုင်းစွာတိုးဝင်လာခြင်း မရှိပေ။ မင်းတို့ အသိုင်းအဝိုင်းတွေရဲ့ ရက်စက်ပြီး ကိုယ်ချင်းစာတရား ကင်းမဲ့မှုတွေက မင်းကို ငါဘယ်တော့မှ ချစ်လာနိုင်မှာ မဟုတ်တော့ဘူး . . . မှူးသခင်၊ အမုန်းတွေရဲ့ ရက်စက်မှုတွေပဲ ဖြစ်လာမှာပါ။ မတတ်နိုင်ဘူး။ မှူးသခင် သူကတော့ သူ့လုပ်ရပ်က တရားမျှတသည်ဟုပဲထင်သည်။

"မနက်ဖြန် ကျွန်တော်တို့ပြန်မယ်. . . ဖေဖေနေမကောင်းဘူး၊ အရက်ဖြတ်ထားလို့ပါ ဦးလေးဖူး"

"အေး . . . လက်တုန့်ပြန်တာတွေ လက်စားချေတာတွေ မလုပ်ပဲ မိန်းကလေးကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာပေါင်းပြီး ကြိုးစားပါကွာ၊ ဦးလေးတူက အရမ်းထက်မြက်ပြီး ကြိုးစားတဲ့ လူတော်လူကောင်းပါ"

တဲအိမ်လေးက တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဦးလေးဖူးက ခြံထဲမှာ ရှိတဲ့ ကွပ်ပျစ်မှာ အိပ်နေ၏။ ဖျာကြမ်းလေးတစ်ချပ်ခင်းပြီး ခေါင်းအုံးလေး တစ်လုံးထဲသာ ရှိနေတဲ့ ဦးလေးဖူးရဲ့ အိပ်ယာပေါ်မှာ သူနှင့် သခင်အိပ်စက်ခဲ့ကြသည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၃ )

"သခင် ပြန်ပါ ညီမလေးရယ်. . . ဒီမှာက ညီမလေးနဲ့ ဘယ်လိုမှ မအပ်စပ်ပါဘူး၊ မောင်လေးညီတာ ကလည်း သခင့်ကို ချစ်ခင်မြတ်နိုးနေမှာ မဟုတ်ပါဘူးကွယ်"

သခင်ကတော့ ညီတာ့ အနားမှာပဲနေဖို့ ဆုံးဖြတ်လိုက်သည်။ ညီတာ့ ခံစားချက်တွေကို သခင်နားလည်မိနေ၏။ အမှန်ဘက်က နေရပ်တည်နေတဲ့ ညီတာ့အတွက်ပဲ သခင်ဖြစ်စေချင်သည်။ ညီတာ့ကို သခင်ချစ်တယ်။ ညီတာကလည်း သခင့်ကို ချစ်လာမှာပါ။ မေတ္တာဆိုတာ အသွားအပြန်ရှိတာပဲလေ။ မမညိုပြာက ပြန်ဖို့ပဲ တိုက်တွန်းနေသည်။

"သခင်က ညီတာ့ကို လက်ထပ်တာ မမညိုပြာနဲ့ ဘာမှမဆိုင်ပါဘူး၊ ညီတာ့ကို သခင်ချစ်လို့ပါ"

"ဟင်"

"သခင်မပြန်ပါဘူး၊ ညီတာနဲ့ပဲနေမယ်၊ သခင့် ဆန္ဒပါ. . . ညီတာနဲ့ အတူတူဘဝကို ရင်ဆိုင်ဖြတ်သန်းချင်ပါတယ်"



"စဉ်းစားပါအုံး သခင်ရယ်. . . လက်တွေ့က ခက်တယ်လေ၊ ညီတာက ဘာမှ အလုပ်အကိုင်ပြေလည်သေးတာမှ မဟုတ်တာပဲ"

"သခင်နေနိုင်ပါတယ်"

"ညီတာက မမအတွက် သခင့်ကို နှိပ်စက်မှာပါကွယ်. . . အချစ်ဆိုတာ ရှိမှာမဟုတ်ပါဘူး၊ မမသိတယ် သခင်ရယ် ပြန်ပါနော်"

"သခင်မပြန်ပါရစေနဲ့ မမညိုပြာ၊ ညီတာ့ကို ချစ်လို့ပါ. . . ညီတာ့အနားမှာ သခင် ဘယ်လိုပဲနေရနေရပါ နေပါ့မယ်"

"သခင်ရယ်"

ညိုပြာလည်း ဘယ်လိုမှ ပြောမရသဖြင့် စိတ်ထိခိုက်ကြေကွဲရသည်။ ညိုပြာ့ကိုလည်း မောင်က စွန့်ပစ်ထားခဲ့ပြီဖြစ်၏။ ညိုပြာ့အမှားတွေပါ။ ညိုပြာမိုက်မဲလို့ မဆင်မခြင်လုပ်ချင်တာလုပ်ခဲ့လို့ ပြဿနာတွေ မဆုံးနိုင်အောင်တက်နေရသည်။

"မမပြန်ပါ၊ သခင်ဒီမှာပဲ နေမယ်၊ ဘာမှ စိတ်မပူပါနဲ့နော်၊ မာမီတို့ ပစ္စည်းတွေ သခင်မှ ယူမလာတာပဲ"

"အင်းလေ သခင့် ဆန္ဒပါပဲကွယ်၊ ညီတာက အရမ်းနှိပ်စက်နေရင် မမဆီလာခဲ့နော်. . . "

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မမညိုပြာက သီးသန့် ငှားထားတဲ့ အိမ်လေးမှာပဲ ဆက်နေသည်။ မမညိုပြာပြန်သွားတော့ ကိုကိုရောက်လာ၏။ သခင့်ကို အတင်းအကြပ်ခေါ်သည်။

"သခင်လိုက်ခဲ့ . . . မာမီနေမကောင်းဘူး၊ ဒီလိုနိမ့်ကျတဲ့နေရာမျိုးမှာ ညီမလေးနေနိုင်မှာ မဟုတ်ဘူး၊ နစ်သည်ထက်နစ်တော့မှာပါ. . . ပြန်လိုက်ခဲ့"

"မလိုက်ဘူး၊ ကိုကိုက လူလူချင်း ဘာဖြစ်လို့ ဒီလောက်အထိ နှိမ့်ချမဆက်ပါနဲ့"

"သခင်"

"ညီမလေး မလိုက်ဘူး ညီတာနဲ့ပဲနေမယ်၊ ညီတာနဲ့ သခင်က တရားဝင် လက်ထပ်ထားပြီးသားပါ"

"ဖြန်း"

"အမေ့"

"တိတ်စမ်း ခွေးမ နင်ဘယ်လို ဘယ်ဝရောက်သွားမယ်ထင်လဲ၊ အညှိုးနဲ့ နှိပ်စက်ကြမှာသိလား"

"သခင် မလိုက်ဘူး၊ သခင့်ဘဝနဲ့ သခင်ပဲ. . . သမီးအဖြစ်ကနေသာ စွတ်လွှတ်လိုက်ကြပါတော့"

"လာစမ်း"

"မောင်ရင် ကလေးမကို မလုပ်ပါနဲ့၊ သူပြန်လာချင်



တဲ့ အချိန်ပြန်လာလိမ့်မယ်၊ မောင်ရင်ရဲ့ စော်ကားမှုတွေကို ရပ်ပါ၊ ဒီထက်ပိုပြီး သည်းမခံနိုင်တော့ဘူး"

ဦးမောင်မောင်တာ ဒေါသတကြီးကြိမ်းမောင်းတော့မှ ဆက်မော်ပြန်သွားသည်။ တော်တော်စော်ကားတဲ့ ကောင်ပဲ။ သမီးကိုလည်းစွန့်ပစ် သွားခဲ့၏။ မိုက်ရိုင်းတဲ့ကောင် ချွေးမဖြစ်သူ မှူးသခင်ကိုပင် မိမိခပ်ကင်းကင်းပဲ ဆက်ဆံနေခဲ့သည်။

"သခင် တောင်းပန်ပါတယ် ဖေဖေ. . . ကိုကို မှားတာပါ၊ ညီတာ့ကို သခင်ချစ်မြတ်နိုးလို့ နေတာပါ၊ ကိုကို့ရဲ့ ရိုင်းပြ စော်ကားမှုတွေအတွက် သခင် ဘယ်အရာမဆိုပေးဆပ်ချင်ပါတယ်၊ တောင်းပန်ပါတယ်နော်. . . "

"ကောင်းပြီလေ မင်းကြောင့် ငါ့သားဘဝပျက်စီးရပြီ၊ မင်းတို့ကြောင့်လေ. . . သားညီတာက အရမ်းမျှော်လင့်ချက်ကြီးပြီး ကြိုးစားတာ . . . အခု ငါတို့မိသားစုတွေအားလုံးပြိုကွဲမတတ်ဖြစ်နေပြီ၊ သတိထားပါ"

"ဟုတ်ကဲ့"

ညီတာ့ ဖေဖေကိုလည်း သခင်အပြစ်မတင်မိ. . . သခင်တို့ မိသားစုဝင်တွေရဲ့ ရက်စက်မှုကြောင့် ညီတာတို့ မိသားစု တွေပတ်ဝန်းကျင်မှာ မျက်နှာမဖော်ရဲလောက်အောင်အရှက်ရခဲ့ရသည်။ သခင့်မှာ ပိုက်ဆံတော့ ရှိနေ၍

www.burmeseclassic.com

www.burmeseclassic.com



ညီတာက မသုံးရဘူးတဲ့။ ဘာပဲဖြစ်ဖြစ် သခင်ကတော့ ညီတာ့ရဲ့ ဇနီးကောင်းအဖြစ် ကြိုးစားပြရမည်ဖြစ်သည်။ အိမ်မှုကိစ္စတွေ သခင်ကိုယ်တိုင်လုပ်တော့ လက်တွေက ပေါက်ချင်လာ၏။ သခင်တို့အိမ်မှာက အလုပ်သမားတွေရှိနေသည်။ သခင့်အတွက်ပင် သီးသန့်တစ်ယောက်ရှိနေ၏။ ဒါပေမယ့် ချစ်သူစိတ်တွေ ကျေနပ်ပျော်ရွှင်ဖို့ သခင်ဘယ်လိုပဲဖြစ်ဖြစ် ပေးဆပ်ချင်သည်။

"ဖေဖေ ထမင်းစားတော့မလားဟင်. . . သမီးပြင်ဆင်ပေးပါ့မယ်"

"ရတယ် မှူးသခင် ငါမစားချင်သေးလို့"

"ဟုတ်ကဲ့"

ဖေဖေ ဘယ်လိုပဲ ဆက်ဆံပါစေ သခင်စိတ်မဆိုးမိ။ ညီတာ့ကို ချစ်တယ်။ ညီတာနဲ့ ဘယ်လိုဘဝမျိုးပဲဖြစ်ပါစေ သခင်နေမည်။ ညီတာ့ကို ကျေနပ်စေချင်သည်။ သူမ ထမင်းပင် မချက်တတ်။ ဒါပေမယ့် ညီတာ့အတွက် အိမ်ရှင်မပီသစွာ ထမင်းတွေ ဟင်းတွေချက်ဖို့ ကြိုးစားနေရ၏။ အိမ်နီးချင်းတွေက သခင့်ကို ကူညီနေကြသည်။

"သခင် ထမင်းဟင်းတွေ ချက်တတ်ချင်ပါတယ်၊ သင်ပေးပါနော်"

"ကလေးမရယ် ဘာဖြစ်လို့များ ဒုက္ခလာခံရတာလဲ၊



ညီတာကတော့ လူကောင်းပါ ကိုယ်ကျင့်တရားလည်းအရမ်းကောင်းတယ် ကြိုးစားတယ်"

"ဟုတ်ကဲ့ သခင်က ညီတာကို အရမ်းချစ်တော့ ဒုက္ခခံတာမျိုးမဟုတ်ပါဘူး၊ အဒေါ်ရယ် ချစ်သူနဲ့ အေးအတူပူအမျှနေတာပါ"

ပတ်ဝန်းကျင်က လူတွေ ကူညီကြ၍ သခင်ထမင်းဟင်းတွေချက်တတ်လာသည်။ ညီတာ ကုမ္ပဏီကနေ ပြန်လာပြီး သူမကို အေးစက်စက် ဆက်ဆံနေပေမယ့် သူမဘက်မှတာဝန်ကျေချင်သည်။

"ညီတာ ညစာစားဖို့ သခင်ပြင်ထားမယ်၊ ညီတာရေချိုးလေ. . . "

သူကတော့ သခင်လို မိန်းကလေးတစ်ယောက်က သူ့မိသားစုတာဝန်တွေကို လုပ်ဆောင်နေတာ ကျေနပ်နေမိသည်။ ကိုယ်က ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ်ချင်တာ သခင် မင်းနဲ့ လက်ထပ်လိုက်ရလို့ ကိုယ်စိတ်ပျက်တယ်။ မင်းတို့ မိသားစုထက် သာအောင်တော့ ကိုယ်ကြိုးစားရမယ်။ မင်းအကို ဆက်မော်က စီးပွားရေးထက် မိန်းကလေးကိစ္စတွေနှင့် ရှုပ်ပွေကာ နာမည်ပျက်သူ။ ညီတာ့ မမကို ရက်စက်စွာ စွန့်ပစ်ခဲ့သည်။ အခုတော့ ညီမအတွက် ခံစားနေရပြီ။ ဒါလည်း ခင်ဗျားတို့မှာ ကိုယ်ချင်းစာစိတ်ရှိမှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ညီတာ ရေချိုးဖို့ သွားတော့ ဆပ်ပြာ၊ တဘက်၊ ရေလဲပုဆိုး သွားပွတ်တံ သွားတိုက်ဆေး အဆင်သင့်ရှိနေသည်။ မင်းတာဝန်ကျေသားပဲ။ လုပ်သင့်တာပဲလေ. . . ကိုယ့်မမကို မင်းအကို မတရားနှိပ်စက်ခဲ့တာပဲ။ သူရေချိုးသည်။ ထမင်းပွဲက ပြင်ထားပြီးသား သခင်က အိမ်နီးနားချင်းတွေနှင့် ချက်ပြုတ်ပြင်ဆင်ထားတာ သူသိထားသည်။

"ဖေဖေ လာပါ. . . ညစာစားမှ အားရှိမှာပါ၊ ဖေဖေ အားနည်းနေတယ် မဟုတ်လား"

သခင်က ဖေဖေ့ကိုလည်း တရိုတသေတွဲခေါ်လာသည်။

"ညီတာရော၊ ဖေဖေရော စားပါနော်. . . သခင် မီးပူတိုက်လိုက်မယ်. . ."

သခင်က အခန်းလေးထဲပြန်ဝင်သွားသည်။ သူက မင်းရောလို့ မေးချင်ပေမယ့် သူ့နှုတ်ခမ်းတွေ စေ့ပိတ်နေ၏။ သခင့်ကို ပြေပြေလည်လည် ပြောဆိုဆက်ဆံချင်စိတ် မရှိဘဲ ဖြစ်နေသည်။

"ကောင်မလေးကတော့ မဆိုးပါဘူးသားငယ်၊ မင်းကိုတော့ အရမ်းချစ်ရှာတယ်"

"ထားလိုက်ပါ ဖေဖေ. . . ညီတာက သခင့်ကို ဒေါသအလျောက်ပဲ လက်ထပ်ခဲ့မိတာ၊ အချစ်ဆိုတာထက်



အမုန်းတွေပဲ ရှိနေတယ်လေ. . . မမလိုပဲ တစ်နေ့ကျရင် စွန့်ပစ်ရမှာလေ. . ."

"သားညီ"

"ဗျာ ဖေဖေ"

"အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုတော့ လက်စားမချေသင့်ဘူးထင်တယ်"

ဦးမောင်မောင်တာ သားကိုမြောက်မပေးချင်ပေ။ မှူးသခင်က အပြစ်မဲ့သူ. . . မိမိကိုယ်တိုင်လည်း မှူးသခင်နှင့် ခပ်စိမ်းစိမ်းပဲနေသည်။ မှူးသခင်က သမီးညိုပြာကို ကူညီထောက်ပံ့နေ၍ ဖေဖေ့သားမနှိပ်စက်ပါစေနဲ့တဲ့။ သမီးညိုပြာရဲ့ ခင်ပွန်းက လူမဆန်တဲ့ကောင်။ ဦးမောင်မောင်တာ သက်ပစ်ချင်လောက်အောင် ဒေါသဖြစ်ရသည်။ သားကိုတော့ လူမဆန်တဲ့ ယောက်ျားတစ်ယောက် မဖြစ်စေလိုပေ။ မိမိက လူကြီးပဲ။ ကောင်မလေးကို ပြန်ပို့ပေးဖို့ပဲပြောရသည်။

"သားက ခေါ်ထားတာတော့ မဟုတ်ပါဘူးဖေဖေ၊ သူက နေတာပါ. . . ဒါပေမယ့် သားက မချစ်ဘူး၊ အကြွင်နာအယုအယတွေလည်း မလုပ်ချင်ဘူး"

"ဖေဖေလည်း ဆက်မော်ဆိုတဲ့ကောင်ရဲ့ ညီမဖြစ်နေလို့ မုန်းနေမိသလိုပဲ. . . ဖေဖေတို့ မိသားစု ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် လုပ်ပစ်ခဲ့တာ မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သမီးမှူးသခင်က အပြစ်ကင်းမဲ့ပါတယ်"

ညီတာကတော့ နှုတ်ဆိတ်နေလိုက်သည်။ သခင့်ကို ညီတာမချစ်ပေ။ အတူနေရတာပင် စိတ်မသက်မသာဖြစ်ရ၏။ အမုန်းတွေနှင့် ဒေါသတွေပဲရှိသည်။ ညီတာ ထမင်းစားပြီး သူ့အိပ်ခန်းထဲရောက်တော့ သခင်က အိပ်ယာတွေ ပါသေသေသပ်သပ်လေး ခင်းထားသည်။

"ညီတာ အနားယူတော့နော်. . . ကော်ဖီလေး တစ်ခွက်လောက် သောက်မလားဟင်"

"သခင်"

"ရှင်"

"မင်းကိုယ့်ကို စကားတွေလိုက်ပြောနေတာ ကိုယ်မကြိုက်ဘူး . . ."

"ဟင်"

"ကိုယ့်နားထဲမှာ ဆူဆူညံညံပြောဆိုနေတာ မကြိုက်လို့"

"ဒါဆိုလည်း ညီတာ့ သဘောပါပဲ. . . လိုအပ်တာ ပြောနော်၊ အားမနာပါနဲ့ . . . သခင်က ညီတာ့ ဇနီးလေ"

သခင်စကားက သူ့နှလုံးသားတွေထဲအထိ စူးနစ်ထိုးဝင်ကာ လက်မခံချင်ဘဲ ဖြစ်သွားရသည်။ မင်းက ငါ့ရဲ့ ထာဝရလက်တွဲဖော် မဖြစ်နိုင်ပါဘူး။ သူကွာရှင်းပြတ်ဆဲဖို့



ပဲစဉ်းစားနေသည်။

"သခင်"

"ဟင်"

"မင်းပြန်ချင်ရင်လည်း ပြန်လို့ရတယ်နော်. . ."

"သခင်မပြန်ပါဘူး၊ ညီတာ့အနားမှာပဲ နေမှာလေ၊ ညီတာ ထားရာနေမှာပါ. . ."

ညီတာ ဘာမှ ဆက်မပြောတော့၊ နေလေ မင်းကို မချစ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့အနားမှာ နေချင်တယ်ဆိုရင်ပေါ့။ သူဒေါသစိတ်တွေနှင့် သခင့်ကို ခိုးပြေးသွားပေမယ့် နောင်တတွေရနေသည်။ ညီတာက မိန်းကလေးတစ်ယောက်ကို မှီခိုနေထိုင်ဖို့ စိတ်ကူးပင်မရှိ။ သခင့်မိဘတွေဆီကနေ ဘာမှမယူခဲ့။ သူ့ဘဝကို ကြိုးစားတည်ဆောက်ရမည်ဖြစ်သည်။ သခင်မီးပူတွေ တိုက်ပြီး အခန်းလေးကို ရှင်းလင်းကာ အိပ်ယာပေါ်မှာ ခွေခွေလေး အိပ်နေသည်။ ကြီးကျယ်ခန်းနားပြီး အိစက်ညက်ညောတဲ့ မွေ့ယာပေါ်မှာ အိပ်စက်လာခဲ့ရသော မိန်းကလေးကို ညီတာ အမှတ်မထင် ကြည့်မိသွားသည်။

"မင်းက အရမ်းအိစက် ချောနေတဲ့ မိန်းကလေးပါ၊ ငါ့ကို ပေးဆပ်နေတာလား၊ မင်းကို ငါမုန်းတီးလို့ လက်ထပ်တာမင်းသိတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သခင့် ဘေးနားမှာ သူဝင်၍ အိပ်လိုက်သည်။ မီးမှိတ်လိုက်၏။ အမှောင်ထုအောက်မှာ သူမ ကိုယ်သင်းနံ့လေးက မွှေးပျံ့နေသည်။ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးတစ်ယောက်က သူ့အိမ်မှာ အိမ်မှုကိစ္စတွေလုပ်ရင်း အိမ်ရှင်မပီသနေသည်။ ညီတာလက်မခံချင်ပေ။ မမ အပေါ်မတရားညှင်းပမ်းနှိပ်စက်မှုကို သူမေ့ပစ်၍မရ။ သခင့်လက်လေးက ညီတာ ခန္ဓာကိုယ်လေးအား သိုင်းဖက်လာသည်။

"ညီတာ"

"ပြော"

"သခင် တကယ်ပဲတောင်းပန်ပါတယ်. . . တောင်းပန်ပါတယ်နော်၊ သခင့်ကိုကိုကြောင့် ညီတာတို့ မိသားစုဝင်တွေအရှက်သိက္ခာကျခဲ့ရတယ်၊ သခင် စိတ်မကောင်းပါဘူး"

"မင်းအိပ်တော့"

"အင်း"

သခင် ငြိမ်သက်စွာ အိပ်စက်သွားသည်။ ညီတာ့ရင်ထဲမှာ မွန်းကြပ်နာကျင် နေရ၏။ သခင်က အပြစ်မဲ့တဲ့ မိန်းကလေးလား မဖြစ်နိုင်ဘူး။ မင်းက ဆက်မော်ရဲ့ ညီမပဲ။ လူယုတ်မာရဲ့ ညီမ။ ညီတာ ရင်တွေနာကျင်စူးနစ်နေရသည်။ မမကိုယ်ဝန်ကြီးနှင့် ဘယ်လောက်အထိ အားငယ်နေရမလဲ။ သူနာကျင်စွာဖြင့် သခင့်အား ဥပက္ခာပြုထားလိုက်သည်။

## အခန်း( ၁၄ )

"သမီး သခင် အခုလောက်ဆိုရင် နှိပ်စက်ခံနေရပြီလား . . . မာမီ ဘယ်လို လုပ်ရမလဲဟင်၊ ခေါ်လို့လည်း မရဘူးထင်တယ်၊ ဘာဖြစ်လို့ ဒင်းကို ပေးဆပ်ရမှာလဲ၊ ဒင်းအစ်မက ငါ့သားကြီးဘဝကို ဖျက်ဆီးပစ်လိုက်တာလေ"

"ညီမလေးက ဘယ်လိုမှ မပြောလို့မရဘူး၊ ဒီကောင့်ကို ချစ်နေတယ်. . ."

ဆက်မော်ဒေါသတွေ အကြီးအကျယ်ထွက်နေပေမယ့် ညီမလေးက ဘယ်လိုမှ ပြောမရပေ။ ညှိုပြာက သူ့ကိုလက်ထပ်ယူဖို့ ကြိုးစားခဲ့တာပဲ။ သူ့ဘဝကို ဖျက်ဆီးခဲ့တာပါ။ သူ့ညီမလေးကို ဒီကောင်က နှိပ်စက်တော့မှာပဲ။ မင်းသိမယ်. . . ငါ့အကြောင်းမင်းသိစေရမယ်။ ညီမလေးကို ဘယ်လိုပြန်ခေါ်ရမလဲဆိုတာ ဆက်မော်စဉ်းစားနေသည်။

"သား ညှိုပြာဆိုတဲ့ မိန်းမနဲ့ ကွာရှင်းမယ်၊ ဒီကလေးကိုလည်း လုံးဝလက်မခံဘူး၊ နိမ့်ကျတဲ့ သွေးကို လက်မခံနိုင်ဘူး၊ သားကို ဇွတ်အတင်း အပိုင်ချိုင်လိုက်တာ. . ."

"ဟုတ်တယ်. . . ကွာရှင်းလိုက်၊ အပြတ်လုပ်ခဲ့၊ သမီးသခင်လည်း ဆက်မပေါင်းနိုင်ရင် ပြန်လာမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မာမီသား အပြတ်လုပ်ဖြစ်မယ်"

ဆက်မော် ကတော့ ညိုပြာ့အားလုံးဝ လက်မခံနိုင်ပဲ ဖြစ်နေသည်။ ကွာရှင်းပြီး သူ့ဘဝကို ပြန်ပြီးစရမည်။ ညိုပြာ မင်းကြောင့်ပဲ ညီမလေးကိုပါ ဖြားယောင်းသွေးဆောင်ပြီး လက်စားချေဖို့ပဲ။ မင်းသိမယ်. . . ဆက်မော် ဒေါသတကြီး နှင့် ညိုပြာဆီရောက်လာပြီး ကွာရှင်းဖို့ပြောသည်။

"မင်းမောင်က ငါ့ညီမကို နှိပ်စက်တော့မယ်၊ ချစ်လို့လက်ထပ်တာမှ မဟုတ်တာပဲ၊ မင်းငါနဲ့ ကွာရှင်းပေး"

"မောင်"

"မင်းငါ့ကို မောင်လို့ မခေါ်နဲ့ မင်းနဲ့ ငါတန်လို့လား၊ မင်းနဲ့ တရားဝင် ကွာရှင်းမယ်. . ."

"ရပါတယ်. . . ကိုဆက်မော်၊ ကျွန်မ ကွာရှင်းပေးပါ့မယ်"

ညိုပြာကတော့ ဘဝကိုရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်လိုက်ပြီး ကိုဆက်မော်အား ကွာရှင်းပေးတော့မည်။ သူမကို ရွံရှာမုန်းတီးနေသော ယောကျ်ားတစ်ယောက်နှင့် အတူတူနေနိုင်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ညိုပြာ့အမှားပဲ။ အချောင်ချမ်းသာချင်တဲ့ သူမအတ္တတွေကြောင့် မဆိုင်တဲ့ သူတွေပါ ဒုက္ခရောက်ကြရသည်။ သခင်အပြစ်ကင်းမဲ့ဆုံးပဲ။ ညိုပြာကိုယ်ချင်းစာနာစွာသနားနေသည်။



"ညိုပြာ ကွာရှင်းပေးပါ့မယ် . . . ကြိုက်တဲ့ပုံစံမျိုးနဲ့ ကျွန်မကို ကွာပါ ကိုဆက်မော်၊ ကျွန်မတောင်းပန်ပါတယ်၊ ရှင့်ဘဝကို ကျွန်မဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားလို့ပါ. . ."

"ဖျက်ဆီးပစ်လိုက်သလို မဟုတ်ဘူးကွ၊ ဖျက်ဆီးပစ်လိုက်တာ၊ ငါ့ဘဝအဖက်ဆယ်လို့ မရအောင် ပျက်စီးသွားရတာပဲ၊ ပြီးတော့ အပြစ်မဲ့တဲ့ ငါ့ညီမလေးကို မင်းမောင် မဖျက်ဆီးစေနဲ့ . . . မနှိပ်စက်စေနဲ့ ၊ ငါသည်းခံနေမှာ မဟုတ်ဘူးနော်"

"ကျွန်မတာဝန်ယူပါတယ်၊ သခင့်ကိုလည်း ပြန်သွားဖို့ ကျွန်မနားချပေးပါ့မယ်. . ."

"မင်းကိုငါမယုံဘူး၊ ဘာပဲဖြစ်ဖြစ် မင်းက ငါ့ညီမကို ခုတုန်းလုပ်ထားမှာပဲ၊ တစ်ပတ်အတွင်း ငါ့ညီမကို ပြန်ခိုင်းပါ၊ တစ်ပတ်ကျော်သွားရင်တော့ အမွေပြတ်ပဲ. . ."

ညိုပြာ ဘာမှ ဆက်ပြောမနေတော့ပဲ သူခေါ်ဆောင်ရာ တရားရုံးကိုပဲ အေးချမ်းစွာလိုက်လာခဲ့သည်။ ညိုပြာ့ ရင်သွေးလေးအတွက် ဖေဖေခေါ်နိုင်ပြီပဲ။ ကိုဆက်မော် စိတ်တိုင်းကျပဲ ကွာရှင်းပေးလိုက်သည်။

"ရှင် ကျေနပ်ပါတယ်နော် ကိုဆက်မော်၊ ကလေးအတွက်လည်း ရှင့်ဆီကို လုံးဝလာပြီး ပတ်သက်မှာ မဟုတ်ပါဘူး . . ."

www.burmeseclassic.com

www.burmeseclassic.com



"ပတ်သက်လို့လည်း ငါက အသိအမှတ်မပြုဘူးကွ၊ ငါ့သွေးမဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ရှင့်သွေးမဟုတ်ပါဘူး . . . ကျွန်မကလည်း ဘယ်တော့မှ ထုတ်ဖော်ပြောမှာ မဟုတ်ပါဘူး"

"တောက်"

ကိုဆက်မော်ဒေါသတကြီးနှင့် ပြန်သွားသည်။ ညိုပြာယိုင်ခွေကျသွား၏။ မဖြစ်ဘူး၊ ညိုပြာအားလျှော့လိုက်လို့ မဖြစ်သေးပါဘူး။ ရင်သွေးလေးက ရှိသေးတယ်။ ညိုပြာပြုစုစောင့်ရှောက်ရမယ်။ ဘယ်သူ့သွေးပဲ ဖြစ်ဖြစ် ညိုပြာမိခင်ပါပဲ။ တကယ်တမ်းပြောရရင်တော့ မောင့်ကြောင့် ညိုပြာလခနှင့် မလောက်ပဲ အကြွေးတွေဝိုင်းသွားရသည်။ ဘယ်တတ်နိုင်မလဲ ညိုပြာ့ဘဝပဲလေ။ ကိုဆက်မော်နှင့် ကွာရှင်းပြီးသွား၍ မေ့ပစ်ဖို့ပဲ ကြိုးစားမည်။ အရေးကြီးတာက သခင်ပဲ. . . မောင်လေးအမုန်းဆုံး မိန်းကလေး ဖြစ်နေသည်။ ညိုပြာဖေဖေ့ဆီရောက်လာခဲ့၏။ သခင်က အဝတ်တွေလျှော်နေသည်။

"သခင် ဘာတွေလုပ်နေတာလဲ ဖယ်ပါကွယ်. . . မမ လျှော်ပေးပါ့မယ်"

"ရပါတယ် မမ၊ သခင်က အခုညီတော့မိန်းမ ဖြစ်နေပြီလေ. . . အရင်ကလို သူဌေးသမီးမှ မဟုတ်တော့တာပဲ"



"အမယ်လေး သခင်ရယ် မမစိတ်မကောင်းအောင် မလုပ်ပါနဲ့၊ ဖယ်. . . သခင့် လက်နုနုဖတ်ဖတ်လေး ဖယ်"

"ဟင့်အင်း . . . မမက ကိုယ်ဝန်ကြီးနဲ့ မဖြစ်ပါဘူး သခင်လုပ်ပါရစေ၊ ညီတာရဲ့ အိမ်ရှင်မပဲ ဖြစ်ချင်တယ်"

သခင်က မဖယ်ပေးသဖြင့် ညိုပြာလည်း မတတ်နိုင်တော့သဖြင့် အိမ်လေးပေါ်တက်လာခဲ့သည်။ ညီတာရှိနေ၏။ ညိုပြာ ဒေါသတွေပင်ဖြစ်သွားသည်။

"ညီတာ"

"ဟင်"

"ဘာလုပ်တာလဲ၊ သခင်လေးက အပြစ်ကင်းမဲ့ပြီး စိတ်သဘောထားပြည့်ဝတယ်၊ ညီတာ့ကိုလည်း မိဘတွေရှေ့ကနေ မားမားမတ်မတ် အကာအကွယ်ပေးခဲ့တာပဲ မဟုတ်လား၊ ကိုဆက်မော်နဲ့ မတူဘူးလေ. . ."

"ဘာဖြစ်လို့လဲ"

"အခုအဝတ်တွေလျှော်နေရတယ်၊ သခင့်လက်လေးတွေက ဘယ်လောက်နုလဲ၊ မင်းဘာဖြစ်လို့ ရက်စက်နေရတာလဲ ညီတာ. . ."

"မမနဲ့ မဆိုင်ပါဘူး"

"ဘာပြောတယ် ညီတာ"

"ကိုဆက်မော် ညီမမို့ သံယောဇဉ်မကုန်သေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဘာမှ မဆိုင်ဘူး ညီတာ၊ သခင်က စိတ်သဘောထားပြည့်ဝတဲ့ မိန်းကလေးပဲ၊ မမကိုလည်း ကူညီတယ်. . . ကိုဆက်မော်နဲ့ မမလည်း ကွာရှင်းလိုက်ပြီ၊ ဘာသံယောဇဉ်မှ မရှိဘူး . . ."

"ဘာ. . . ကွာရှင်းလိုက်ပြီလား၊ မိန်းကလေးတစ်ယောက်ကို လက်ထပ်ပြီး ကွာရှင်းတော့လည်း ဒီလောက်လွယ်လို့လား"

"မမက ကွာရှင်းပေးလိုက်တာပါ၊ ကိုဆက်မော်နဲ့ သခင်ဘာဆိုင်လို့လဲ၊ မမအမှားတွေပါလို့ ပြောထားပြီးပြီပဲ"

"သူ့ဟာသူ အိမ်ရှင်မ ပီသချင်တယ်ဆိုပြီး၊ အိမ်အလုပ်တွေလုပ်နေတာပါ"

"ညီတာ. . . မင်းရက်စက်လိုက်တာ၊ သခင်နဲ့ ဘာဆိုင်လို့လဲ"

"မသိဘူး"

"ညီတာ"

"မမပြန်ပါ. . . ညီတာက သူ့ကို အတင်းအကြပ် ခိုင်းစေတာမှ မရှိခဲ့တာပဲ. . ."

"တော်စမ်း ညီတာ. . . မမ တောင်းပန်ပါတယ်၊ သခင်က စိတ်သဘောထားပြည့်ဝတဲ့ မိန်းကလေးပါ၊ မင်း



လက်စားမချေပါနဲ့"

"ဟား ဟား ဟား "

"ညီတာ"

"ဟား ဟား ဟား"

"မင်း . . . မင်း ဘာဖြစ်လို့ အောက်တန်းကျတဲ့ စိတ်ဓာတ်တွေ မွေးနေရတာလဲ ညီတာ. . ."

"ဟုတ်တယ်လေ၊ အောက်တန်းကျတဲ့ စိတ်ဓာတ်တွေ ညီတာ့နှလုံးသားထဲ ထိုးဝင်လာအောင် ဘယ်သူလုပ်ခဲ့တာလဲ. . ."

"မမပါ. . . မမပါလို့ ပြောထားပြီးပြီပဲ"

"သူ့ကို ညီတာ ဘာမှ မခိုင်းဘူး၊ သူ့ဇွတ်လုပ်နေတာပါ၊ ညီတာ့ ဇနီးတစ်ယောက်အနေနဲ့ ဘာဝတ္တူဖြစ်သင့်တာပဲလေ. . . အဝတ်အစားတွေကို ဖေဖေလျှော်ရမှာလား"

"သေချင်တာပဲ ဟယ်. . . သခင့်ကို မမအရမ်း သနားလို့ပါ. . ."

"မမ ကိုယ်မမ သနားစမ်းပါ၊ မမ ဘာလုပ်ပေးနိုင်လို့လဲ၊ ညီတာက သူ့ကို အတင်းမနေခိုင်းဘူး၊ အချိန်မရွေး ပြန်နိုင်တယ်လို့ ပြောထားတယ်လေ. . ."

"ညီတာ"

"နောက် အိမ်ကို မမသိပ်မလာပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ညီတာက ညိုပြာ့ကို မကြည့်ပေ။ ဖတ်လက်စ စာအုပ်ကို သဲသဲမဲမဲကြည့်နေသည်။ မင်းဆီမှာ ရက်စက်တတ်တဲ့ နှလုံးသားတွေ ဘယ်တုန်းကများ ရှိနေရတာလဲ ညီတာရယ်. . . ညိုပြာ ယိုင်ခွေလဲ ချင်သွားရသည်။ သူ့မစိတ်တွေကို ခိုင်ခိုင်ရပ်တည်နေနိုင်ရန် အတော်လေးကြိုးစားနေခဲ့ရတာပါ။ သခင်ကို ဘယ်လိုပြောဆိုဖျောင်းဖျရမလဲ ကိုဆက်မော်အပြစ်တွေက သခင်နှင့်လုံးဝမသက်ဆိုင်ပေ။ ညီတာက ညိုပြာရှိနေသည်ဟုပင် ထင်မှတ်ပုံပင်မရ။ .သေချင်တော့တာပဲ ညီတာရယ်။ ညိုပြာဖေဖေ့ ကိုရှာသည်။

"ဖေဖေရော. . . ညီတာ"

"မသိဘူး"

"ဖေဖေ့ကိုယ်တိုင်ကရော သခင့်ကို_ အရမ်းပဲမုန်းနေတာလား"

ညီတာက ့အေးစက်စွာ စာအုပ်ကိုပဲ ဖတ်နေသည်။ သခင့်ဆီရောက်တော့ အပြုံးမပျက်တဲ့ သခင့်မျက်နှာလေးကိုကြည့်ရင်း ညိုပြာနာကျင်သွားရ၏။ ခဏကြာတော့ ဖေဖေ အရက်မူးပြီးပြန်ရောက်လာသည်။

"ဖေဖေ"

"သမီးမိုက်. . . ဘာလာလုပ်တာလဲ၊ နင့်ယောက်ျားကိုကွာရှင်းပေးလိုက်ပြီဆို၊ ကောင်းတယ်. . . ဒါနင်ရွေးချယ်



တဲ့လမ်းပဲ၊ နင့်ကိုကြည့်ပြီး ငါ့သားညီတာ၊ လိမ္မာတဲ့သားအတွက် ငါကြေကွဲရတယ်၊ နင်မလာခဲ့နဲ့ ဘာလဲ နင့်ယောက်မအတွက်လာပြီး ကာကွယ်ပေးတာလား"

"ဖေဖေ. . . ညိုပြာတောင်းပန်ပါတယ်၊ အပြစ်တွေအားလုံးက ညိုပြာ့အပြစ်တွေပါ. . . အပြစ်ပေးချင်ရင် ညိုပြာ့ကိုပေးပါ. . . "

"ငါဘယ်သူ့ကိုမှ အပြစ်မပေးဘူး၊ ငါက တာဝန်မဲ့တဲ့ အဖေပဲ၊ ဘယ်သူ့ကိုမှ အပြစ်မပေးဘူး၊ နင်လည်းမလာခဲ့နဲ့ နင်ရွေးချယ်တဲ့လမ်း နင်တစ်ယောက်ထဲလျှောက်စမ်း"

ဦးမောင်မောင်တာ စိတ်တွေကို ထိန်းချုပ်လို့မရအောင်ဒေါသတွေ ပေါက်ကွဲနေရသည်။ သမီးက ဟိုကောင်ကို အသာတကြည်ကွာရှင်းပေးလိုက်တယ်တဲ့။ ယောက်ျားတစ်ယောက်ရဲ့ ရက်စက်မှုတွေကို ခံလိုက်ရ၏။ ပညာတတ်သမီးချောလေး ဆင်းရဲနွမ်းပါးမှုရဲ့ သားကောင်ဖြစ်သွားတာပါ။ ဦးမောင်မောင်တာ မကြည့်လိုပေ။ တာဝန်မဲ့တဲ့ အဖေတစ်ယောက် အဖြစ်နာကျည်းနေသည်။ ဖြတ်ထားတဲ့ အရက်ကို အရူးအမူးသောက်ပစ်မိ၏။ အရာအားလုံးကို မေ့ပစ်နိုင်အောင်ပါ။ ညိုပြာငိုပြီး ပြန်သွားတော့သည်။

"ဖေဖေ သတိထားပါ၊ ကျန်းမာရေး မကောင်းပဲနဲ့ ဘာဖြစ်လို့ အရက်တွေ သောက်နေရတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်း . . . နင်လာမတွဲနဲ့ နင်တို့မိသားစု ကြောင့်လို့လည်း ထင်မနေနဲ့ ငါက တာဝန်မကျေတဲ့ အဖေ ဖြစ်နေလို့ . . ."

"ဖေဖေ"

"သွားစမ်း"

"အမေ့"

"ဝုန်း"

အပြင်ဘက်မှ အသံတွေကြောင့် ညီတာ အပြေး ထွက်လာတော့ သခင် ကြမ်းပြင်ပေါ်မှာ ခွေခွေလေးလဲနေ သည်။ ဖေဖေက ဒယိမ်းဒယိုင်နှင့် သူ့အိပ်ခန်းလေးထဲ ဝင် သွားသည်။

"ညီတာ ဖေဖေ့ကို ပြောပါဦး . . . ကျန်းမာရေး မကောင်းဘူးလေ"

သူဖေဖေ့ဆီရောက်သွားတော့ ခေါင်းငိုက်စိုက်ချ ကာ. . . မျက်ရည်တွေ စီးကျနေသည်။ ပါးစပ်ကလည်း ငါတာဝန်မကျေဘူး၊ အဖေမပီသဘူးဟု တတွတ်တွတ်ပြော နေ၏။ ညီတာလည်း ဘာမှမပြောချင်တော့ပေ။ သခင်က တော့ လဲကျနေရာကထပြီး ဖေဖေ့ကိုကြည့်သည်။ သခင်က သူ့ကိုချစ်မြတ်နိုးသည် ဆိုတာသိပေမယ့် သူကတော့ မုန်းနေ မိ၏။ မမအဖြစ်တွေကို မကြည့်မမြင်ရက်ပေ. . . ငါမတတ်



နိုင်ဘူး သခင်၊ မင်းကို ငါမချစ်ဘူး၊ မင်း အကိုကြောင့်ပဲ မင်းနဲ့ လက်ထပ်ဖြစ်တာ။ မင်းကံကြမ္မာပဲ. . . ငါ့နှလုံးသား တွေက မင်းကိုဘယ်လိုနည်းနဲ့မှ ချစ်လာနိုင်မှာ မဟုတ်ဘူး။ ညီတာ အခန်းလေးထဲပြန်ဝင်လာခဲ့သည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၅)

သခင်မငိုပါဘူး၊ မျက်ရည်တွေလည်း မကျချင်. . . ထိန်းချုပ်ထားသည်။ ညီတာက သခင့်ကို မချစ်တာလည်း သခင်သိနေ၏။ အလုပ်တွေလုပ်ရတာ အကျင့်မရှိလို့လား မသိပါဘူး ပင်ပန်းနွမ်းနယ်ကာ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေရ၏။ ညီတာက စာဖတ်နေသည်။ ယောက္ခမကြီး ဦးမောင်မောင်တာ ကိုယ်တိုင်ကလည်း သခင့်ကို အသိအမှတ်မပြုခဲ့။ သခင်နေမယ်။ တစ်နေ့ကျရင်တော့ ညီတာရဲ့ သံယောဇဉ်တွေကို သူမရယူနိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်မိသည်။

"ညီတာရယ်. . . သခင်လေ၊ ဘာဖြစ်လို့လည်း မသိဘူး၊ ညီတာ့ကို ချစ်နေတယ်. . . အပြစ်လည်း မမြင်ချင်ပါဘူး၊ ညီတာ့ဆီက အချစ်တွေကို ပိုင်ဆိုင်ခွင့်ရောရှိလာမှာလား"

ကိုကိုကြောင့်ပဲ. . . မမညီပြာ့ အပေါ်မတရားအနိုင်ကျင့်ခဲ့တာပါ။ ညီတာ ကျေနပ်တဲ့အထိ ခွင့်လွှတ်ပြီး ချစ်လာနိုင်တဲ့အထိ အချိန်ကာလတွေ ဘယ်လောက်ပဲကြာပါစေ။ သခင်စောင့်နိုင်ပါတယ်။ ရပါတယ်. . . ညီတာ



ရယ်။ သခင်ကပဲ ညီတာကို တစ်ဖက်သက်ချစ်ခဲ့တာပါပဲ။ သခင်အိပ်စက်ဖို့ ကြိုးစားနေသည်။ အချိန်တော်တော်ကြာမှ ညီတာဝင် အိပ်၏။ ပြီးတော့ အံ့ဩထိတ်လန့်သွားရလောက်အောင် ညီတာလက်တွေက သူမခန္ဓာကိုယ်လေးအားဖက်သည်။

"သခင်သိပါတယ်. . . အချစ်ကြောင့် မဖြစ်နိုင်ပါဘူး၊ ယောက်ျားတစ်ယောက်ရဲ့ ဆန္ဒကြောင့်ပဲ မဟုတ်လား"

ညီတာကတော့ သခင်ပင်ပန်းနွမ်းနယ်နေတာကို တွေ့မြင်ရတော့လည်း သူ့နှလုံးတွေက မမာကျောနိုင်တော့ပဲဖြစ်နေသည်။ သူ့ဥပက္ခာပြုပြီး နေပေမယ့် တကယ်တမ်းကျတော့ သခင့်အပေါ် မတရားလုပ်မိပြီဟုတွေးရင်း နာကျင်နေသည်။ ဒါပေမယ့် ထုတ်ဖော်မပြောချင်မိ။ မမကြောင့် သခင်တို့ မိသားစုအား ရွံရှာမုန်းတီးနေသည်။

"ညီတာ"

"ဟင်"

"ညီတာ့ကို သခင်ချစ်တယ်၊ သခင့် အပေါ် ညီတာ့ သဘောဆန္ဒအတိုင်းပဲ ပြုမူချင်သလိုပြုမူပါ"

ညီတာ့ နှလုံးသားတွေ စူးရှနာကျင်သွားသည်။ မင်းပြောချင်တဲ့ သဘောကို ကိုယ်သိပါတယ်။ မင်းထင်သလို မဟုတ်ဘူး၊ သခင်. . . ဒါပေမယ့်လည်း မင်းကို ကိုယ်မချစ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဘူး၊ မုန်းတယ်. . . ကိုယ်က အောက်တန်းကျတဲ့ အတွေး အခေါ်တွေကို အရမ်းမုန်းတယ်။ သခင့် လက်ကလေးက သူ့ကို တုန့်ပြန်သိုင်းဖက်လာသည်။

"သခင်က ညီတာ့ဇနီးပါ. . . တရားဝင် လက်ထပ်ထားတာလေ၊ အရမ်းချစ်တယ် ညီတာရယ်"

မင်းကိုမချစ်ချင်ဘူး။ မင်းနဲ့လည်း ကိုယ့်ရဲ့ ရင်သွေးလေးမယူချင်ဘူး။ မင်းကိုကိုယ့် အစ်မလိုစွန့်ပစ်ရမယ်။ ကိုယ်ကာမဆန္ဒတစ်ခုတည်း အတွက်နဲ့ မိန်းမတစ်ယောက်နဲ့ မပေါင်းသင်းချင်ပါဘူး။ သူ့လက်တွေက အားပျော့နေသည်။

"သခင်လေ သန္ဓေတားဆေးထိုးထားပါတယ်"

"ဟင်"

"ညီတာက သခင်နဲ့ ရင်သွေးမလိုချင်တာသိလို့လေ"

"ဟင်"

သခင့် ကိုယ်လုံးလေးအား သူကယောင်ကတမ်းနှင့် သိုင်းဖက်မိသွားသည်။ မင်းကိုယ့်အတွက် ဘာဖြစ်လို့များ ဒီလောက်အထိ နားလည်သိတတ် ပေးနေရတာလဲ။ သခင်က သူ့ကို မုန်းတီးပြီးထွက်သွားစေချင်သည်။

"သခင့်ကြောင့် စိတ်တွေ တင်းကြပ်ညစ်နွမ်းရှုပ်ထွေးမနေစေချင်ပါဘူး၊ ညီတာရယ် သခင်က ညီတာ့ အနားမှာ ဘယ်လိုပဲ နေရနေရပါ. . . သခင့်ကို တော့ စွန့်ပစ်ဖို့



မကြိုးစားပါနဲ့နော် ညီတာ"

သခင့် လက်လေးက ညီတာ့ မျက်နှာပြင်အား ပွတ်သပ်ချော့မြူနေသည်။ ညီတာ့ ရင်ထဲက အမုန်းတွေကို တဖြေးဖြေးပဲဖွဲ့ခြွေ ဖယ်ရှားပစ်ဖို့ပဲ သခင်ကြိုးစားချင်သည်။ ညီတာလက်တွေက ရွေ့လျားမှုကင်းမဲ့ကာ အားအင်တွေ လျော့နေ၏။ သခင်ကပဲ သူ့မလက်လေးတွေနှင့် ခပ်တင်းတင်းပွေ့ဖက်ထားသည်။

"သခင့်ကို မမုန်းပါနဲ့၊ စွန့်ပစ်လိုက်ဖို့လည်း မကြိုးစားပါနဲ့နော်. . ."

ကိုယ်မင်းနဲ့ ကလေးမယူချင်ဘူး၊ အဲဒီကလေးကိုလည်း ကိုယ်အရမ်းမုန်းနေမှာပဲ၊ မင်းပြန်ပါ သခင်၊ ကိုယ့်အနားမှာ မင်းအတွက် ဆိုးကျိုးတွေပဲ ရှိနေမှာပါ"

"ဟင့်အင်း"

"ကိုယ့်အဖေကလည်း မင်းကို လက်စားမချေဖို့ ပြောထားပြီးပြန်ပါစေတဲ့"

"ဟင့်အင်း သခင်က ညီတာ့ဇနီးပဲ၊ ဒါကိုပဲ သခင်လိုလားနှစ်သက်တယ်. . ."

သခင်ကတော့ သူ့ဇနီးအဖြစ်ပဲနေထိုင်ဖို့ ဆုံးဖြတ်ထားကြောင်းပြောသည်။ ညီတာနှလုံးသားတွေ နာကျင်မွန်းကြပ်နေ၏။ မင်းပြန်ပါသခင်။ ကိုယ်လူယုတ်မာ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်ဘူး။ ကိုယ်က အမြဲတမ်း ယောကျ်ားကောင်းတစ်ယောက်ပဲ ဖြစ်ချင်တာပါ။ မင်းမှာ အပြစ်ရှိလား။ မရှိဘူးလား။ တကယ်တော့ ကိုယ်က ဒေါသ အလျှောက်မင်းကို အရယူခဲ့တာ အမှန်ပဲ။ သူ့လက်တွေက ပြေလျော့သွားပြီး သခင်ကိုယ်လေးနှင့် ပူးကပ်နေတာကို ခွာပစ်လိုက်သည်။

"ညီတာ"

"မင်းအိပ်တော့"

"အင်းပါ"

သူမက ဘာမှ စောဒကမတက်တော့ပဲ။ တဘက်ကို စောင်းပြီး ငြိမ်သက်နေသည်။ သခင်မင်းက ကိုယ့်အတွက် ဇနီးကောင်းဖြစ်ချင်ဖြစ်နိုင်ပေမယ့် ကိုယ်က မင်းအတွက် ခင်ပွန်းကောင်းတစ်ယောက်တော့ မဖြစ်နိုင်ဘူး။ သူမျက်လုံးတွေမှိတ်ထားလိုက်သည်။ သူ့အသဲနှလုံးတွေ တဆတ်ဆတ်တုန်ရီနေ၏။ သခင်က အရမ်းလှပချောမော အိစက်နေတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။ ညီတာ့စိတ်တွေ မငြိမ်မသက်ပဲ လှုပ်ရှားတုန်ရင်နေတာကိုပဲ မကျေမနပ်ဖြစ်နေရသည်။

"သခင် မင်းပြန်ပါ၊ မင်းကိုယ့်အနားမှာ ရှိနေတာ ကိုယ့်စိတ်တွေ မွန်းကြပ်တယ်. . . ထွက်သွားတော့ကွာ"

သူထလိုက်သည်။ သခင့်အနားမှာ အိပ်စက်နေရ



တာ စိတ်တွေမလုံပေ။ ယောကျ်ားတစ်ယောက်ရဲ့ ဆန္ဒကြောင့်လား။ အဲ့ဒါမဖြစ်သင့်ဘူး။ ညည့်နက်မှ အိပ်ပျော်သွား၏။ သခင်ကတော့ အိပ်မပျော်ဘူးလား၊ အိပ်ပျော်သွားလားမသိ ငြိမ်သက်နေသည်။

မိုးလင်းသည်နှင့် သခင်ကတော့ လူးလဲထလိုက်သည်။ ညီတာညည့်နက်မှ အိပ်ပျော်သွားတာလည်း သခင်သိနေ၏။ သူမ ထလိုက်တဲ့ အချိန်တွင် ညီတာက အိပ်မောကျနေသည်။ ညီတာမနိုးအောင် သူမ တိတ်တိတ်လေးထလိုက်၏။ သခင့်မျက်ဝန်းလေးတွေက ညီတာ့ကို စူးစိုက်ကြည့်နေမိသည်။

"ညီတာရယ်. . . သခင်တို့နှစ်ယောက် အဲဒီလိုကြီးတော့ မတွေ့ဆုံသင့်ပါဘူးနော်. . . သခင်လေ ညီတာ့ကို အရမ်းချစ်တယ်"

ယောကျ်ားပီသစွာ ချောမောခန့်ညားနေတဲ့ မျက်နှာချောချောကို သူမ အသာအယာ နမ်းရှိုက်လိုက်သည်။

"ညီတာ့ အနားကနေ သခင် ဘယ်တော့မှ ထွက်မသွားပါဘူး၊ အရမ်းချစ်တယ် ညီတာ့ဇနီး ဘဝကို သခင် အရမ်းနှစ်သက်မြတ်နိုးပါတယ်. . ."

သူမထလိုက်သည်။ ဖေဖေ့အတွက်လည်း စားစရာတွေ သခင်စီစဉ်ပေးချင်နေသည်။ သခင့်တို့ မိသားစုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ညီတာတို့ မိသားစု ဘဝပျက်ရတာပါ။ သခင်သိပါတယ်။ ညီတာက မျှော်လင့်ချက်နဲ့ ကြိုးစားတည်ဆောက်နေတဲ့ ယောက်ျားပါ။ သူမ အိပ်ယာကနေ ထလာပြီး မျက်နှာသစ်သည်။ သနပ်ခါးပါးပါးလေး လိမ်းကာ မီးဖိုခန်းထဲဝင်လာပြီး မနက်စာအတွက် စီစဉ်သည်။ မနက်စာ စီစဉ်ပြီး ဖေဖေ့အခန်းထဲဝင်လာခဲ့၏။ ဖေဖေက မအိပ်ပဲ အိပ်ယာပေါ်မှာ ခွေနေသည်။

"ဖေဖေ"

"ဟင်"

"နေမကောင်းဘူးလား၊ အားနည်းနေလားဟင်"

"ရပါတယ်"

"ထနိုင်လား၊ မျက်နှာသစ်ရအောင်နော်. . . ရေပုံးကို ဒီနားအထိယူလာပေးရမလား ဟင်. . ."

ချွေးမ ဖြစ်သူ မှူးသခင် မျက်နှာလေးကိုကြည့်ရင်း ဦးမောင်မောင်တာ စိတ်တော့မကောင်းမိ။ အရမ်းချမ်းသာတဲ့ ကောင်မလေးက သူ့သားကို ချစ်မြတ်နိုးစွာ အဆင်းရဲအပင်ပန်းခံနေသည်။ မဖြစ်သင့်တာပဲ။ အစ်မကြောင့် ယောက်ဖရဲ့ ညီမကို လက်စားချေတာ အောက်တန်းကျတဲ့ စိတ်ဓာတ်ဖြစ်နေသည်။

"ဖေဖေ"



"ဟင်"

"သခင့်ကို အားမနာပါနဲ့၊ သခင်က ညီတာရဲ့ ဇနီးပါ၊ ချွေးမအနေနဲ့ ယောက္ခမကို ပြုစုပေးချင်ပါတယ်. . ."

"မှူးသခင်"

"ရှင်"

"ပြန်တော့ မင်းက ဒီမှာမနေသင့်ဘူး၊ မင်းက အပြစ်မရှိဘူးလေ၊ ညီတာက မင်းကိုချစ်လာမှာ မဟုတ်ဘူးဆိုတာ ငါသိနေလို့ပဲ. . ."

မှူးသခင် ဒီမှာ ရှိနေတာလည်း ဦးမောင်မောင်တာ မနှစ်သက်မိပေ။ သားစိတ်တွေ ရှုပ်ထွေးပြီး အောင်မြင်မှုလမ်းကြောင်းတွေပေါ်မှ သွေဖယ်နေသည်။ မိမိလည်း စိတ်ညစ်တယ်။ သခင် အိမ်မှုကိစ္စတွေလုပ်နေတာ ပင်ပန်းလွန်းသည်ဟု သိနေခဲ့ပေမယ့် မင်းမလုပ်နဲ့လို့လည်း မပြောချင်။ ဦးမောင်မောင် ကိုယ်တိုင် မှူးသခင်အပေါ်မုန်းတီးနေသည်။

"မင်းပြန်ပါ၊ အကောင်းဆုံးက မင်းမိဘအိမ်ပဲ"

"သခင် ဘယ်တော့မှ မပြန်ပါဘူး၊ ညီတာ့ဇနီးတစ်ယောက်ဘဝကို နှစ်သက်ပါတယ်ဖေဖေ၊ သခင် မျက်နှာသစ်ဖို့ စီစဉ်ပေးပါ့မယ်"

"နေ. . . နေ ငါထနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်တာလည်း အရက်သောက်တာများ သွား၍ခေါင်းတွေက အုံခဲနေသည်။ သမီး ညီပြာညက် အတွက် ဖခင်တစ်ယောက်အနေနှင့် ရင်ကွဲမတတ်ခံစား နာကျင်နေရ၏။ သမီးကြီးကိုလည်း မတွေ့မမြင်ချင်။ အိပ်ယာကနေထတော့ ပြန်၍လဲကျသွားသည်။

"အား . . . ကျွတ် . . . ကျွတ်"

"ဖေဖေ"

"နေပါ"

"သခင့်ကို အားမနာပါနဲ့နော်၊ ဖေဖေ အားနည်းနေတာဖြစ်မယ်၊ ခဏလှဲနေပါ. . . သမီးအစားတစ်ခုခုယူလာပြီး စားလိုက်ပါ၊ ပြီးတော့ ဆေးသောက်ပါ"

ဦးမောင်မောင်တာ ဘယ်လိုမှ ခေါင်းမထောင်နိုင်တော့ပဲ၊ အိပ်ယာပေါ်ပြန်လှဲချလိုက်ရသည်။ ခေါင်းတွေက ကိုက်နေတာပဲ. . . ချွေးမက အပြင်ပြန်ထွက်သွားပြီး စားစရာတွေ ယူလာပြီး စားစေသည်။

"အကိုက်အခဲ သောက်ဆေးတွေက အစာရှိမှ ဖြစ်မယ်ထင်တယ်. . ."

ဦးမောင်မောင်တာ ခေါင်းကိုက်တာ မခံနိုင်တော့သဖြင့် မှူးသခင် ပြုစုပေးတာခံယူနေရသည်။

"ဖေဖေ ခဏလောက် အိပ်လိုက်ပါ၊ အနားယူလိုက်



တာအကောင်းဆုံးပါပဲ နားနော်"

"အင်း"

"ဖေဖေ"

"ဟင်"

"အားမနာပါနဲ့နော်၊ သမီးကိုလည်း ဖေဖေ့သမီးငယ်အဖြစ်ပဲ လက်ခံပေးပါနော်"

"မဖြစ်နိုင်ဘူး၊ တို့မိသားစုက မင်းကိုဘယ်လိုမှ နွေးနွေးထွေးထွေး မကြိုဆိုနိုင်ဘူး၊ မင်းပဲ ဒုက္ခရောက်လိမ့်မယ်"

"သခင်က ညီတော့ဇနီးပါ"

"အင်းလေ မင်းဆန္ဒပဲ မင်းစိတ်သောကရောက်ရမှာတော့ သေချာတယ်လေ"

ဦးမောင်မောင်တာ ဆက်ပြီး မပြောချင်တော့ပေ။ သားသမီးချင်းတော့ ကိုယ်ချင်းစားသည်။ သမီးညီပြာကို ဟိုကောင် နှိပ်စက်သွားတာ ယုတ်မာကောက်ကျစ်လွန်းနေ၏။ လူမဆန်တဲ့ကောင် မိမိစိတ်တွေ ဒေါသနဲ့ ပေါက်ကွဲလာမည်စိုး၍ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

"ဖေဖေ"

"မင်းသွားတော့"

"သခင် ကြက်သားပြုတ်ပေးထားပါ့မယ်၊ အိပ်ရေးဝအောင် အိပ်လိုက်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ် သခင့်ကို မုန်းနေသင့်ပါတယ်၊ မမညို ပြာ ဘဝက သောကဒုက္ခတွေ ပင်လယ်ဝေခဲ့ရတာပဲ။ ကိုကို က မတရားလုပ်ခဲ့တာပါ၊ အခုလည်း ကိုယ်ဝန်ကြီးနှင့် မမ ကိုစွန့်ပစ်ထားခဲ့သည်။ မာမီရော ကိုကိုရော အရမ်းရက်စက် တယ်၊ လူလူချင်း ဘာဖြစ်လို့များ မတူမတန်ဘူး ဖြစ်ရတာလဲ၊ ညီတာဘယ်လောက်အထိ အရှက်ရလဲ။ သခင်ကတော့ ညီတာ့ဇနီး အဖြစ်ပဲနေမယ်၊ အိမ်မှုကိစ္စတွေ လုပ်ရတာတော့ ပင်ပန်းနွမ်းနယ်နေသည်။ အကျင့် မရှိ၍ ခန္ဓာကိုယ်တစ်ခု လုံး နာကျင်ကိုက်ခဲနေ၏။ ဘာဖြစ်လဲ၊ သခင်က သူဌေး သမီးမှ မဟုတ်တော့တာပဲ ၊ ညီတာ့ဇနီးလေ. . . သခင့်လက် လေးတွေ သွေးချေဥနေသည်။ နောက်တော့ အလေ့အကျင့် ရသွားမှာပဲလေ၊ သခင်ကတော့ ညီတာ့ဇနီး အဖြစ်နေထိုင် ခွင့်ရရင်ပဲ ကျေနပ်နေသည်။

♠ ♠ ♠ ♠ ♠

အခန်း( ၁၆ )

"ကိုဆက် သတင်းတွေ ကြားပါတယ်. . . ကောင်မ တစ်ယောက်ရဲ့ မာယာကျော့ကွင်းထဲ တန်းဝင်သွားတယ် ဆို. . ."

"ဘယ်ရမလဲ. . . မြိုင့် ဆက်မော်ပဲ ကိုယ့်ကိုအပိုင် ချီလို့ ဘယ်ရမလဲ၊ အခုကွာရှင်း ပြတ်ဆဲလိုက်ပြီလေ. . . ကိုယ်က လူလွတ်လေ"

"တဆင့်နိမ့်ကျသွားပြီလေ. . ."

"မြိုင်"

"ပြော"

"ကိုယ့်ကို ပြန်စဉ်းစားလို့ရပြီမဟုတ်လား"

"အင်း ဘယ်လိုပြောရမလဲဟင် . . . လူအိုကြီး တစ်ယောက်ကို စဉ်းစားရမယ်ဆိုတော့"

ဆက်မော်က လက်မြန်မြန်နှင့် မြိုင့်လက်လေးကို ဆွဲယူကာ သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားသည်။

"ကိုဆက် ဘာလုပ်တာလဲ မြိုင့်ကို အဲ့ဒီလိုတော့ လျှော့တွက်မထားနဲ့နော်. . . လွှတ်"

"ကိုယ်တို့ လက်ထပ်ကြမယ် မြိုင်. . . ကိုယ်လူလေ

www.burmeseclassic.com

www.burmeseclassic.com



ဘဝနဲ့ မနေချင်ဘူး၊ လူကြီးစုံရာနဲ့ တခမ်းတနားကို လက်ထပ်မယ်. . ."

"လွှတ်ပါကွာ"

"ဘာဖြစ်လို့လွှတ်ရမှာလဲ မြိုင်. . . ဟိုမိန်းမကြောင့် မြိုင်နဲ့ ကိုယ် အချစ်တွေဝေးနေခဲ့ရတာလေ၊ ကိုယ်လက်ထပ်မယ်. . . မာမီကလည်း သဘောတူပြီးသားပဲဟာ"

ဆက်မော်နှင့် မြိုင်က ချစ်သူတွေ မိဘချင်းကလည်း ဂုဏ်ဒြပ်တူ၍ နှစ်ဘက်မိဘတွေ သဘောတူထားကြသည်။ ညှိုပြာညက်ကြောင့်ပဲ ဆက်မော်က မြိုင့်ကို ပွဲတက်မယားအဖြစ်တော့လက်ထပ်ချင်သည်။

"အရင်က ချစ်သူတွေ ဖြစ်ခဲ့ကြပေမယ့် အခုတော့ ဆက်က တစ်ခုလပ် ကလေးအဖေနော်"

"တော်စမ်းပါကွာ၊ ဆက်မပြောနဲ့တော့မြိုင်. . . ကိုယ့်မှာ ဘာကလေးမှ မရှိဘူး၊ အသိအမှတ်လည်းမပြုဘူး"

"အဟင်း ဟင်း ဟင်း ရှင့်ရင်သွေးလေ တကယ်ပဲ ပြတ်လို့လား နောင်တစ်နေ့မှာ ရင်သွေးဆိုပြီးလာ ပတ်သတ်နေရင်ရော. . ."

"မဆိုင်ဘူး ကိုယ့်အကြောင်း မြိုင်သိပါတယ်၊ ဒီလို မိန်းမတစ်ယောက်နဲ့ ရတဲ့ကလေးကို ကိုယ်ဘယ်တော့မှ အသိအမှတ်မပြုဘူးကွ၊ ကျက်သရေမရှိတဲ့ စကားတွေပြော



မနေနဲ့တော့ ကိုယ်ချစ်တာ မြိုင်ပဲ. . ."

"တကယ်လား"

"တကယ်ပါ မြိုင်ရာ. . . ကိုယ်တို့ လူကြီးတွေကို ဖွင့်ပြောမယ်၊ အကြီးကျယ်အခမ်းနားဆုံး မင်္ဂလာပွဲကြီး ကျင်းပမယ်နော်. . ."

မြိုင်ကတော့ ဆက်မော်နှင့် ချစ်သူတွေ ဖြစ်ခဲ့ဘူးပေမယ့် အချစ်ထက် ကိုဆက်ဆီက ဘာရမလဲဆိုတာပဲ စဉ်းစားတာဖြစ်သည်။ မဆိုးပါဘူး။ ကိုဆက်ကအမွေတွေ အများကြီးတစ်ယောက်တည်းရမှာ။သခင်က အမွေဖြတ်ထားပြီးပြီ။ ကိုဆက်ပဲ လုပ်ငန်းတွေဦးစီးနေသည်။

"မြိုင်"

"ဟင်"

"ကိုယ်နဲ့ လက်ထပ်မယ် မဟုတ်လားကွာ. . ."

"မြိုင့်မာမီကို ပြောပြရမယ်လေ. . . စိတ်တွေအရမ်း လောမကြီးပါနဲ့ဦး . . . ကိုဆက်ရယ်၊ မာမီက ဘာပြောဦးမလဲမှ မသိတာ. . . မြိုင်ကတော့ ငြင်းပယ်စရာမရှိပါဘူးနော်. . ."

"မြိုင်ရယ်. . ."

ဆက်မော်ကတော့ ညှိုပြာညက်လာပြီး ပတ်သက်ဆက်နွယ်နေမှာစိုး၍ မြိုင်နှင့် အမြန်ဆုံးလက်ထပ်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မာမီကလည်း ဖြစ်စေချင်နေ၏။ ညိုပြာနဲ့ ရှင်းလင်းသွားအောင်ပါ။ မြိုင်က မိဘရော ငွေကြေးချမ်းသာတာရော ပြောစရာမရှိအောင် ပြည့်စုံနေသည်။

"မြိုင်ကိုယ့်ကို အရင်ကလိုပဲ ချစ်သေးတယ် မဟုတ်လား. . ."

"နည်းနည်းတော့ပေါ့သွားပြီ. . ."

"မြိုင်ရာ"

ဆက်မော် မချင့်မရဲနှင့် မြိုင့်ကိုယ်လေးအား ပွေ့ဖက်ကာ မျက်နှာလေးအနှံ့နမ်းပစ်သည်။ မြိုင်က ဆတ်ကနဲဖယ်ရှားပစ်လိုက်၏။ သူ့ရင်ခွင်ထဲက နေရုန်းထွက်သည်။

"ကိုဆက်မော်ကို မြိုင်လုံးဝမယုံဘူး . . . ရှင်ကရောယုံရလို့လား၊ မြိုင့်ကို ဘယ်လောက်ထိချစ်လဲဆိုတာ သက်သေပြ. . ."

"ကိုယ်ဘယ်လို သက်သေပြမှ မြိုင်က ယုံမှာလည်းကွာ. . . ပြော"

"ကိုဆက်မော်က ခပ်ရှုပ်ရှုပ်လေ၊ ကလေးကလည်းရှိသေးတယ်၊ ရှင့်ကို မယုံဘူး"

"မြိုင် ဘာဖြစ်ချင်လဲ. . . ပြော၊ ကိုယ့်ကို ယုံအောင်ကိုယ်ဘာလုပ်ပေးရမလဲ. . ."

"မြိုင် ယုံကြည်အောင် ကိုဆက်တို့ ပိုင်ဆိုင်တဲ့ ခြံ



ရော၊ ကားရော မြိုင့်နာမည်နဲ့ပဲ ထားရမယ်လေ၊ လင်မယားနှစ်ယောက်ပိုင်ဆိုင်တဲ့ ပစ္စည်းက ဘယ်သူ့နာမည်နဲ့ပဲ ထားထား နှစ်ယောက်ပိုင်ဆိုင်တာပဲလေ. . ."

"ကဲပါ မြိုင်ရာ ကိုယ်က မြိုင့် ဆန္ဒပဲလေ. . . အားလုံးစီစဉ်ပေးမယ်. . . အမွေတွေက ကိုယ်ပဲရမှာပဲဟာ"

"ကိုဆက်. . . မြိုင် ယုံပါပြီ. . . မာမီ့ကိုပြောပြီးလက်ထပ်ကြမယ်လေ . . . အခမ်းနားဆုံး လက်ထပ်ပွဲကြီးကျင်းပကြမယ်. . ."

"ကောင်းတယ်၊ ကိုယ်အမြန်ဆုံး စီစဉ်မယ်၊ မြိုင့်စိတ်တိုင်းကျတွေ အားလုံးဖြစ်စေရမယ်"

"ကိုဆက်ရယ်. . ."

မြိုင်က အလိုက်သင့်ပင် ကိုဆက်ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ရှင်က လူရှုပ်လူပွေပဲ ကိုဆက်မော်. . . ရှင့်ကိုမယုံဘူး။ မြိုင်ဆိုတာ ဘယ်လိုမိန်းကလေးမျိုးလည်း ဆိုတာရှင်သိစေရမယ်။ ကိုဆက်က မြိုင့်နှင့် ချစ်သူတွေ ဖြစ်နေတဲ့အချိန်မှာပင် ကောင်မလေးတွေ အများကြီးနှင့် ပတ်သက်ဆက်နွယ်နေသည်။ သခင်ကလည်း အမွေဖြတ်ထားပေမယ့်အဘွားကြီးဒုက္ခရောက်လာလျှင် ကြည့်နေနိုင်မှာ မဟုတ်ပေ။ အခုထဲက အပိုင်ချီထားမှ မြိုင်. . . မာမီ့ကို ပြောပြတော့အားလုံးတစ်ယောက်ထဲ အပိုင်စီးထားဖို့ပဲပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြိုင်က မာမီရဲ့မွေးစားသမီးဆိုပေမယ့် အမွေတော့ ဆက်ခံခွင့် မရှိဘူးလေ၊ မြိုင်လက်ထပ်လိုက်ရင် မြိုင်သုံးတဲ့ အသုံးအဆောင်တွေ ပစ္စည်းတွေ အားလုံးထားခဲ့ရမယ်လေ၊ သိတယ်မဟုတ်လား. . ."

မြိုင်က မာမီရဲ့ တူမသမီး စာချုပ်စာတမ်းတွေနှင့် မွေးစားထားခြင်းလည်း မဟုတ်။ မာမီ့အမွေတွေက မြိုင့်ရဲ့ အကိုဝမ်းကွဲ မာမီ့သားတစ်ယောက်ပဲ ရပိုင်ခွင့်ရှိသည်။

"မာမီက မြိုင် ယောက်ျားကောင်းကောင်းရှာနိုင်အောင် ပံ့ပိုးထားတာလေ၊ ကောင်းတယ်၊ သမီးနဲ့ လက်ထပ်မယ့် ဆက်မော်ဆိုတာကို အပိုင်ကိုင်ထား၊ သူက အိမ်ထောင်နဲ့လည်း ကွဲထားတဲ့ တစ်ခုလပ်ဆိုတော့ မြိုင့်ဘက်က တောင်းဆိုချင်တိုင်းတောင်းဆိုလို့ ရတယ်လေ. . ."

"ဟုတ်ပြီ၊ မာမီက ဘာလုပ်ပေးရမလဲ၊ သူတို့ရှိန်သွားအောင်တော့ မောင်ဆက်မော် အမေကို အပြိုင်ကြမယ်"

"ကောင်းတယ်"

မြိုင့်ကို အထင်တကြီးနှင့် အတင်းအကြပ် လက်ထပ်ဖို့ ကြံစည်နေသည်။ ကုန်တိုက်ကြီးကို ပိုင်တာက မာမီနဲ့ ကိုကိုကြီး ပဲပိုင်တာပါ။ မြိုင်က လခနှင့် စီမံအုပ်ချုပ်နေရတာ။ ကိုဆက်မော် မသိပေ။ မာမီ့ညီမမြိုင့် အမေက တောမြို့လေးတစ်မြို့မှာနေတဲ့ မရှိနွမ်းပါးသူ။အမေဆုံးသွားတော့



အမေအစ်မက လာရောက်ခေါ်ငင်ကာ သမီးအရာမှာ ထားခဲ့သည်။

"မြိုင်က ရုပ်ရည်လေးက တစ်သွေးတစ်မွေးနှင့် ချောတယ်. . . ယောက်ျားကောင်းကောင်းရှာ။ မာမီ့သမီးအဖြစ် တင့်တင့်တယ်တယ်ထားမယ်လေ. . ."

မြိုင့်ကို ငါးနှစ်သမီးအရွယ်ထဲက မွေးစားပြီး သမီးအရာထားသည်။ စည်းစိမ်ဥစ္စာတွေကတော့ ကိုကိုကြီးပဲပိုင်ဆိုင်မှာပါ။ ကိုကိုကြီးမိန်းမကလည်း ဇလာဘကြီးတော့ အဒေမွတွေ အထိမခံခဲ့။ တကယ်တော့ မြိုင့်မှာ ပိုင်ဆိုင်တာ ဘာမှ မရှိပေ။ ကိုဆက်ရှင်က မြိုင့်ကို အထင်ကြီးပြီး လက်ထပ်တာပါ။ မြိုင်မန်နေဂျာလုပ်နေတဲ့ ကုန်တိုက်ကြီးက မြိုင်နဲ့ ဘာမှ မဆိုင်ပါဘူး။ မာမီရဲ့ လူယုံအဆင့်ပဲရှိနေတာပါ။ ကိုဆက်မော်က ကွာရှင်းထားတဲ့ ညိုပြာနှင့် ကင်းရှင်းစေရန် မြိုင့်ကို အသည်းအသန် လက်ထပ်ယူဖို့ ကြိုးစားနေသည်။

"မနက်ဖြန် ယောက္ခမလောင်းကြီးနဲ့ သွားတွေ့ရမယ်. . . မာမီ ဟိတ်လုံး ဟန်လုံးတွေနဲ့ မာမီအပြတ်အစွမ်း ပြလိုက်နော်. . ."

"စိတ်ချ. . . မာမီအားလုံးစီစဉ်ပေးမယ်၊ မြိုင်က မာမီ့တူမအရင်းပဲဟာ ကောင်းစားတာပဲ ဖြစ်ချင်တာပါလေ"

ကိုကိုကြီး မိန်းမက မြိုင့်ကိုပင် ပထုတ်ဖို့လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အမွေကိစ္စအရှုပ်မခံနိုင်ဘူးတဲ့။ အခုမြိုင်က သူတို့ထက်တောင် သာတော့မယ်။ အပိုင်ပဲ. . . မနက်ဖြန် ယောက္ခမကြီးနဲ့ စကားပြောရမယ်။ ကိုဆက်နဲ့ ချစ်သူတွေ ဖြစ်ခဲ့ပေမယ့် လူကြီးတွေနှင့်တော့ မတွေ့ဆုံခဲ့။ ကိုဆက် မာမီက ငွေမက်ပြီး မောက်မာသူတဲ့။ မြိုင်နှုတ်ခမ်းလေးတွေ ကွေးညွှတ်သွားအောင် ပြုံးပစ်လိုက်သည်။

♠ ♠ ♠ ♠ ♠

## အခန်း(၁၇)

"ကျွန်မ သမီးလေးကို . . . ဘဝတစ်လျှောက်လုံး အကောင်းဆုံးတွေပဲ ပေးအပ်ခဲ့တာပါ၊ အရာအားလုံးပြည့်စုံစေခဲ့တယ်. . . အခုမှ အိမ်ထောင်ရေး ကံမကောင်းတော့ ကျွန်မ အရမ်းကြေကွဲ ထိခိုက်နေရပါတယ်"

"ဟုတ်ပါတယ်ရှင်. . . ကြွေလည်းတောင်းပန်ပါတယ်နော်၊ သားကြီးက ကံမကောင်းတာပါ၊ ဟိုကောင်မက အပိုင်ချိုင်လိုက်လို့ သားနာမည်ပျက်ရတာပါ"

မြိုင်ဆိုတဲ့ မိန်းကလေးနှင့် သားကို အမြန်ဆုံးလက်ထပ်စေလို၍ ဒေါ်ကြွေကြွေ မိန်းကလေးရှင်ရဲ့ ဆန္ဒတွေကို အစွမ်းကုန် လိုက်လျောပေးနေရသည်။ သမီးသခင် အခုလောက်ဆို နှိပ်စက်ခံရလို့ မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေလောက်ပြီဖြစ်သည်။ လူယုတ်မာတွေ ကြွေ့သားနဲ့ သမီးကို အညီးကြီးကြီးနှင့် လက်စားချေနေကြသည်။ မြိုင့်ကို သဘောကျတယ်။ ကုန်တိုက်ပိုင်ရှင်ကြီးရဲ့သမီး . . . အမယ်လေး တင့်တယ်လိုက်တာ။ သားအတွက် စိတ်အေးရပြီ . . . မိန်းကလေးရှင် တောင်းဆိုသမျှ အားလုံးဖြည့်စွမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ကျွန်မသမီးလေး ရှေ့ရေးပါ. . . မောင်ဆက်မော်မှာ ကလေးရှိတော့ တစ်နေ့နေ့ လာရှုပ်နိုင်တယ်"

"ဟုတ်ပါတယ်. . . ကြွေလည်း လက်ခံပါတယ်၊ သမီးလေးမြိုင် စိတ်တိုင်းကျ အားလုံးဖြစ်စေရပါ့မယ်ရှင်"

"ကလေး ကိစ္စတော့ ခေါင်းထဲထည့်မစဉ်းစားပါနဲ့ မာမီ၊ ကျွန်တော့်လုံးဝ အသိအမှတ်မပြုပါဘူး၊ ဒီအကြောင်း စဉ်းစားမိရင်တောင် နာကျည်းလွန်းလို့ပါ"

ဆက်မော် မတွေးချင်. . . ညိုပြာလို မိန်းမတစ်ယောက်နဲ့ရတဲ့ ရင်သွေးကို သူဘယ်လိုမှ သူ့ရင်သွေးအဖြစ် လက်မခံနိုင်ပါဘူး။ မြိုင့်ဆန္ဒတွေအတိုင်း လိုက်လျောပြီး လက်ထပ်မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပဖို့ပဲ ကြိုးစားနေသည်။

"မာမီ စိတ်အေးပါတော့ . . . မြိုင့်ကို ကျွန်တော် အကောင်းဆုံးတွေပဲ ဖြည့်စွမ်းပေးမှာပါ၊ ဘာမဆို မြိုင့်ဆန္ဒတွေအတိုင်းပဲ ဖြစ်စေရပါ့မယ်"

"ကျေးဇူးပါပဲကွယ်၊ မာမီ့သမီးအပျိုနုနုထွတ်ထွတ်လေးတော့ မောင်ဆက်မော်ဘက်ကနေ ဖြည့်စွမ်းပေးသင့်တာပေါ့ . . ."

မြိုင်ကတော့ ဆက်မော် မလှုပ်နိုင်အောင်ပဲ ချည်



နှောင်နေရသည်။ တကယ်တော့ မြိုင်က အမွေစားအမွေခံ မဟုတ်။ အဒေါ်အိမ်မှာ ကပ်နေရတာပါ။ ကိုကိုကြီးက မြိုင့်ကိုတောင် အမွေကိစ္စရှုပ်ထွေးမှာစိုး၍ ပထုတ်ချင်နေ၏။ အဒေါ်ကြောင့်ပါ။ယောက္ခမလောင်းကြီး ဒေါ်ကြွေကြွေက မောက်မာ သူတစ်ယောက်ဖြစ်ကြောင့် မြိုင်သိထားသည်။ အပိုင်လုပ်ပစ်ထားရမယ်။ မြိုင်က တူမဆိုတာသိလျှင် အခြေအနေက ပြောင်းပြန်ဖြစ်သွားနိုင်၏။ ဒေါ်ကြွေကြွေမျက်လုံးတွေကလည်း စိန်တွေပဲ ပြူးပြကြည့်နေတာ။ အန်တီချစ်ကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ စိတ်တွေကို ဝတ်ဆင်ထားသဖြင့် ဒေါ်ကြွေကြွေဖြုန်နေသည်။

"သမီးလေး ဘာဖြစ်ချင်လဲ မင်္ဂလာပွဲအတွက် စိတ်တိုင်းကျစီစဉ်နော်. . . အမြန်ဆုံး စီစဉ်ကြရအောင်ကွယ်"

"မြိုင်ကတော့ ငွေကြေး စည်းစိမ်ဥစ္စာတွေကို မက်မောတာမျိုးမဟုတ်ပါဘူး၊ မာမီ စိတ်ပူလို့ပါနော်. . . မြိုင်က ဒီထက်မက အမွေတွေ ရဖို့ရှိနေတာပါ. . ."

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ မာမီတို့ဘက်က လုပ်ပေးရမှာပေါ့လေ. . ."

မိန်းကလေးရှင်ဘက်က တောင်းဆိုမှုထက် ပိုမို၍ ဒေါ်ကြွေကြွေလုပ်ပေးနေသည်။ မြိုင့်လို ဂုဏ်ကျက်သရေနဲ့ ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ခွင့်ရ၍

www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်း ကျေနပ်ပီတိဖြစ်နေရသည်။ ဖိတ်စာက အစ အရာရာအကောင်းဆုံးတွေနှင့်ပဲ ဖြစ်နေစေသည်။

"မြိုင်က အရမ်းချမ်းသာတယ် သား . . . အမယ်လေး မာမီစိတ်ချမ်းသာလိုက်တာ၊ မိသခင်ကိုတော့ အမွေပြတ်ပဲ၊ ဘာမှကို မပေးဘူး၊ မြိုင့်နာမည်တွေနဲ့ပဲ အားလုံးလွှဲပစ်မယ်. . ."

"ဟုတ်တယ် မာမီ. . . တော်ကြာ တန်ရာတန်ရာ မလုပ်ပဲ အမွေလာဆိုင်နေဦးမယ်၊ သူတို့က ညစ်ပတ်ချင်တယ်လေ. . ."

"အင်း"

ဆက်မော်ကလည်း သူ့နာမည်နှင့်ဘာမှ မထားချင်ပေ။ မြိုင့်နာမည်နှင့်ပဲ သီးသန့်လွှဲပြောင်းထားသည်။ မင်္ဂလာပွဲကိုလည်း ခြိမ့်ခြိမ့်သဲ ကြီးကျယ်ခန်းနားစွာ ကျင်းပခဲ့၏။ မြိုင်က ဆက်မော်တို့ အိမ်ရောက်လာသည်။

"ကိုဆက်. . . မြိုင်လည်း လုပ်ငန်းတွေ နားလည်အောင်လုပ်မယ်၊ လုပ်ငန်းတွေကလည်း မြိုင့်နာမည်နဲ့ပဲ မဟုတ်လား၊ မြိုင်နားလည်ထားမှ ဖြစ်မယ်လေ. . ."

"ဟုတ်တယ် မြိုင်၊ ကိုယ်က ဒီလိုစီးပွားရေးမှာလည်း အားကိုးအားထားပြုရတဲ့ ဇနီးမျိုးလိုချင်တာလေ"

"မြိုင်က ကိုယ့်ကို အစွမ်းကုန် ကူညီပါ့မယ်နော်"



မြိုင်က ကိုဆက်ခန္ဓာကိုယ်အား သူမလက်တွေနှင့် အားကိုးတကြီး ဖက်တွယ်ထားလိုက်သည်။ မာမီကတော့ လောလောဆယ် ယုံကြည်အောင် စိန်တွေလက်ဝတ်လက်စားတွေ ချွတ်ထားခဲ့သည်ဟုပြောသဖြင့် ယောက္ခမကြီးဒေါ်ကြွေကြွေက ဘိုးစဉ်ဘောင်ဆက် လက်ဝတ်ရတနာတွေကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်ထားခဲ့သည်။

"ကိုဆက်"

"ဟင်"

"မြိုင်လေ . . . ဘာပဲပြောပြော တစ်ခုလပ် ကလေးအဖေယောကျ်ားတစ်ယောက်နဲ့ လက်ထပ်လိုက်ရတာ ရည်ရည်လည်လည် ငုတ်တယ်ကွာ. . ."

"မြိုင်ရယ် ကိုယ်တောင်းပန်ပါတယ်၊ တကယ်စိတ်မကောင်းဘူးကွာ၊ ကံကြမ္မာတွေပါ. . ."

"မြိုင့်က ကိုဆက်ကို အရမ်းချစ်လို့လေ၊ ဘာပဲဖြစ်ဖြစ် မျက်နှာငယ်ငယ်နဲ့ပဲ ရင်ဆိုင်လိုက်ရတာပါ"

"မြိုင်ရယ်"

"မာမီ့ ဆီကလည်း ဘာမှ ယူမလာချင်ဘူး၊ ကိုကိုကြီးက သိပ်သဘောတူတာမှ မဟုတ်တာဘဲ. . ."

"ကိုယ်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေက မြိုင်ပိုင်ဆိုင်နေတာပဲဟာ၊ ကြိုက်သလိုသုံးစေဗျာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ကိုဆက်ရယ်"

မြိုင်က ကိုဆက်အား ခပ်ကြမ်းကြမ်းလေးနမ်းရှိုက်လိုက်သည်။ မြိုင်က အရမ်းလောဘကြီးပြီး အတ္တကြီးတာရှင်မသိလို့ပါ။ မြိုင့်လက်ထဲ အားလုံးရောက်စေရန် နည်းပရိယာယ်မျိုးစုံနှင့် ကိုဆက်အား စည်းရုံးသိမ်းသွင်းနေသည်။ တဖြေးဖြေးနှင့် ဒေါ်ကြွေကြွေပါ မြိုင့် အာဏာအောက်သို့ ကျရောက်လာသည်။

"သမီး မာမီဆီကနေ သမီးဘာမှ မလိုချင်ဘူး မာမီ၊ ယောက်ျားက ဒီလောက်ချမ်းသာနေတာပဲ. . . အမွေတွေက တစ်နေ့နေ့ရမှာပဲလေ. . ."

"အင်းပါကွယ်၊ သမီးအတွက်ပဲ ရှိတော့တာပါ။ မြိုင်ပဲဝတ်ပါ. . . သားလည်းဂုဏ်ရှိတာပေါ့လေ"

ချွေးမဖြစ်သူက တဖြည်းဖြည်း လက်ဝါးကြီးအုပ်လာသည်ဟု ဒေါ်ကြွေကြွေထင်မှတ်လာသည်။ မိဘတွေဆီကနေ ချွေးမက ဘာတစ်ခုမှ မယူခဲ့၊ မိမိပိုင် စည်းစိမ်ဥစ္စာတွေအားလုံး ချွေးမလက်ထဲရောက်နေသည်။ သားကနေတစ်ဆင့် တောင်းတာမျိုးလည်းရှိနေ၏။ ဒေါ်ကြွေကြွေ စိတ်ပူလာရသည်။

"မာမီ"

"ဘာလဲဟင်သား"



"ဘွားဘွားပေးထားတဲ့ ရှေးစိန်တွေလေ. . . မာမီသိမ်းထားတာ ရှိတယ်မဟုတ်လား"

"အင်းဘာဖြစ်လို့လဲ"

"ပေးပါ၊ မြိုင့်လက်ထဲပေးလိုက်လေ၊ ဒါမှ သားကယောက္ခမတွေဆီမှာ မျက်နှာရမှာလေ"

"ဟင်. . . လုပ်ငန်းတွေလည်း မင်းမိန်းမလက်ထဲမှာပဲဟာ. . . မာမို့အိုစာမင်းစာလေးပါကွယ်"

"မာမို့သမီးအတွက် ထားတာလား၊ ဒီကောင်မလေးက သူ့ယောက်ျားမှ သူ့ယောက်ျားဖြစ်နေတာ. . . မြိုင်ပဲသိမ်းထားပါစေ၊ သားက ကြွားထားတော့ မြိုင်ကလည်း သူ့မာမီကို ကြွားချင်လို့တဲ့၊ ယောက္ခမရဲ့ အချစ်တွေကို ပြလိုက်စမ်းပါ"

သားက အတင်းအကြပ် တောင်းနေတော့လည်း ဒေါ်ကြွေကြွေမပေး၍မဖြစ်တော့၊ သားမျက်နှာငယ်မှာလည်းစိတ်ပူမိသည်။ အင်းလေ သား မျက်နှာရတာပဲကောင်းပါတယ်။ ဒေါ်ကြွေကြွေစိန်ထုပ်ကို ပေးလိုက်ရသည်။ သမီးမိုက်အတွက် အိမ်ပြန်လာရင် လက်ခံပြီး ကြိတ်ပေးဖို့အတွက်ပင်မရှိတော့။ သခင်သမီးမိုက် ညည်းဘာတွေဖြစ်နေပြီလဲ. . . ပြန်လာပါတော့။ ဒေါ်ကြွေကြွေ စိတ်မကောင်းဖြစ်ပြီး သမီးလေးအား ပြန်ခေါ်ရန် ကြိုးစားမိသည်။ သမီး

www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ဒေါ်ကြွေကြွေ သွားတွေ့တော့ အိမ်မှုကိစ္စတွေလုပ်နေတဲ့ သမီးအား ရင်နင့်စွာ တွေ့လိုက်ရသည်။

"သခင် သမီးမိုက် ညည်းဒါတွေ ဘယ်တုန်းက လုပ်ခဲ့ဘူးလို့လဲ၊ လာစမ်း မာမီနဲ့ ပြန်လိုက်ခဲ့. . . ဒီလိုအောက်တန်းကျတဲ့ နေရာမှာ မနေပါနဲ့ မာမီ ရင်နာလို့ မဆုံးဘူး"

"မာမီ"

"လာလေ သမီးလေး ဒီမှာ နေစရာ ဘာအကြောင်းမှမရှိပါဘူး၊ သမီးကို ဟိုကောင်က ချစ်မှ မချစ်တာပဲ. . ."

"မာမီ ပြန်ပါ. . . သမီး ဘဝနဲ့ သမီးပါပဲ၊ သမီးအဖြစ်ကပဲ စွန့်လွှတ်ထားလိုက်ပါ"

"မာမီ မစွန့်ပစ်နိုင်ဘူး၊ ဒီလိုအောက်တန်းကျတဲ့နေရာမှာ မာမီ ဘယ်လိုလုပ်ထားခဲ့ နိုင်မှာလဲ လိုက်ခဲ့ပါ"

"သခင်မလိုက်ဘူး"

"ဘာဖြစ်လို့လဲ. . . သူတို့က သမီးကို ခြိမ်းခြောက်ထားလို့လား လိုက်ခဲ့ပါ"

ချွေးမဟောင်း ညိုပြာညက်ကိုလည်း ကိုယ်ဝန်ရင့်မာကြီးနှင့်တွေ့ရတော့ ဒေါ်ကြွေကြွေ မုန်းတီးမိသည်။ ဒင်းတို့ သွေးကိုဘယ်တော့မှ မြေးအဖြစ် အသိအမှတ်မပြုနိုင်ဘူး။ မုန်းလိုက်တာ ဒေါ်ကြွေကြွေ အသဲတွေ ဆတ်ဆတ်ခါနာကျင်နေသည်။



"သခင် ပြန်လိုက်သွားပါကွယ် . . . မမလည်း မကြည့်ရက်လို့ပါ . . . သခင်ပြန်ပါ"

"မပြန်ဘူး မမ. . . သခင့်ကို အတင်းမပြန်ခိုင်းပါနဲ့၊ ညီတာ့ဇနီးအနေနဲ့ ညီတာ့အနားမှာပဲနေမယ်. . ."

"သခင် မာမီ့ကို သေစေချင်လို့လား၊ မာမီရင်ကွဲသေအောင်လား"

"သခင် မလိုက်ဘူး၊ မာမီ့မှာ သားရှိနေတာပဲ သခင်က ညီတာ့ ဇနီးပါ. . . မာမီပြန်ပါတော့"

သမီးကို ဘယ်လိုမှ ခေါ်မရ၍ ညိုပြာညက်ကိုပဲ ဒေါသတွေ စုပြုံရောက်ရှိသွားသည်။ ဒင်းကြောင့်ပဲ ညိုပြာညက်ဆိုတဲ့ ကောင်မကို ဒေါသတကြီးနှင့် ကြည့်မိသည်။

"နင့်ကြောင့်ပဲ. . . နင်ဖြုံဟ်မွေတာ၊ နင်ငါတို့ မိသားစုဘဝကြီးတစ်ခုလုံးကို ဖျက်ဆီးပစ်လိုက်တဲ့ မိန်းမ"

"ဖြန်း"

"အမေ့"

"မာမီ"

"ဖြန်း"

တော်ပါတော့ မာမီ ပြန်ပါ။ ရပ်ကွက်ထဲက လူတွေဝိုင်းကြည့်နေပြီ။ ဖေဖေနဲ့ ညီတာလည်း ပြန်လာတော့မှာပါ"

"ဘာ. . ."

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကိုများ ဖေဖေတဲ့ ရှိသေနေလိုက်တာ။ အမိုက်မ. . . နင်က ချွေးဖြစ်ချင်နေတာပဲကိုး။ သမီးကို နာကျည်းသွားရပြီး ချာကနဲ လှည့်ထွက်လာခဲ့သည်။ တော်ပြီ ညည်းအမွေပြတ်ပဲ။ ငါ့သမီးမဟုတ်တော့ဘူး။ ချွေးမမြိုင်ကပဲ ငါ့သမီး။ ဒေါ်ကြွေကြွေ အိမ်ကိုပြန်ရောက်လာတော့ ချွေးမမြိုင်က တင်းမာတဲ့ မျက်ဝန်းတွေနှင့်ကြည့်နေသည်။

"မာမီ ဘာသွားလုပ်တာလဲ. . . သမီးကို ပြန်သွားခေါ်တာ မဟုတ်လား၊ ဘာလဲ ချွေးမဟောင်းက မြေးမွေးပေးတော့မှာမို့ သွားကြည့်တာလား"

"မဟုတ်ပါဘူး မြိုင် . . . မာမီက ဟိုကောင်နဲ့ ခွဲပစ်မလို့ပါ၊ ဒီလို အဆင့်မရှိတဲ့ မိန်းမက မွေးမယ့် မြေးကို မာမီ ဘယ်တော့မှ အသိအမှတ်မပြုဘူး ရှင်လို့"

"အဓိပ္ပာယ်မရှိတာဘဲ၊ မာမီ ဘာမှ သွားကြည့်စရာ အကြောင်းမှ မရှိတာ၊ မာမီ ဘာဖြစ်လို့ သွားပတ်သက်ရတာလဲ၊ သမီးကို ဘာတွေသွားခိုးပေးတာလဲ. . ."

"ဟင်"

ဒေါ်ကြွေကြွေ အံ့သြထိတ်လန့်စွာဖြင့် ချွေးမမြိုင်ကိုကြည့်မိသည်။ ဘာဖြစ်လို့ မိမိကို ဒီလိုဆက်ဆံရတာလဲ။ သမီးကို ခိုးပေးတယ်ဆိုတဲ့ အသုံးအနှုန်းက ဘာအဓိပ္ပာယ်လဲ. . . မိမိပစ္စည်းတွေပဲ မဟုတ်လား၊ သားပါပြန်ရောက်



လာပြီး ပြဿနာထပ်တက်သည်။

"မာမီ အဲ့ဒီလို မလုပ်သင့်ဘူး၊ မြိုင်ပြောတာမှန်တယ်. . . သူတို့ကို မာမီ တိတ်တိတ်လေးသွားထောက်ပံ့တာလွန်တယ်. . ."

"ဟင်"

"နောက်တစ်ခါ ဟိုက လူတွေနဲ့ သွားပြီး မပတ်သက်ပါနဲ့ မာမီ. . . မြိုင် မကြိုက်ဘူး၊ နိမ့်ကျတဲ့လူတွေ . . . မာမီ ကိုယ့်အဆင့်နဲ့ ကိုယ်နေပါ"

ဒေါ်ကြွေကြွေ မိမိအိပ်ခန်းလေးထဲ ဝင်လာပြီး အိပ်ယာပေါ် ခွေလဲကျသွားသည်။ ဘယ်လိုဖြစ်တာလဲ ချွေးမမြိုင်ရဲ့ ဆက်ဆံမှုက ရင့်သည်းလွန်းနေ၏။ သားကလည်း မိန်းမဘက်ကပဲ ဒေါ်ကြွေကြွေအားငယ်စွာဖြင့် မျက်ရည်တွေစီးကျလာသည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း( ၁၈ )

"သမီး ရပ်ကွက်ထဲမှာ ဘာတွေဖြစ်တာလဲ၊ ဒီအထိ လာပြီး စော်ကားကြတာလား၊ သမီးကို ရိုက်သွားတယ်ဆို"

"ဖေဖေ"

သမီးပါးပြင်မှာ လက်ငါးချောင်းရာတွေ့တော့ ဦးမောင်မောင်တာ ဒေါသတွေအထွတ်အထိပ် ရောက်သွားသည်။ တော်တော်လေး စော်ကားကြပါလား၊ ရပ်ကွက်ထဲက လူတွေက ပြောပြ၍ ဦးမောင်မောင်တာသိရသည်။ ကိုယ်ဝန်ကြီးနဲ့ မိန်းကလေးကို ဘာဖြစ်လို့ရက်ရက်စက်စက် ရိုက်နှက်ရတာလဲ။ သမီးညိုပြာက တောင်းပန်နေသည်။

"တောင်းပန်ပါတယ် ဖေဖေ. . သမီး အမှားပါ ယောက္ခမကို နစ်နစ်နာနာပြောဆိုလိုက်မိလို့ပါ. . . ရိုက်သင့်ပါတယ် ဖေဖေရယ်. . ."

"တော်စမ်း နင်လား၊ ယောက္ခမကို ပြန်ပြောမှာ ဖေဖေတို့ကို အောက်တန်းစားတွေဆိုပြီး ရက်စက်ကြတာ"

"ပြီးသွားပါပြီ ဖေဖေ. . . သမီးတောင်းပန်ပါတယ်၊ ကျေအေးလိုက်ပါတော့"



"ဘာ"

သခင်ကတော့ မာမီလွန်လွန်းသည်ဟုပဲ ထင်မိသည်။ သူများရပ်ကွက်ထဲအထိ လိုက်လာပြီး ပြဿနာရှာချင်ရတာလဲ. . သခင် စိတ်မကောင်းဖြစ်နေရ၏။ မမညိုပြာလည်း အပြစ်အရှိပဲနှင့် အရိုက်ခံနေရသည်။ သခင် ဘယ်လိုတောင်းပန်ရမလဲ။ ဖေဖေက ဒေါသတွေ ပေါက်ကွဲပြီး သခင့်ကို ပြန်သွားဖို့ပဲ ပြောနေသည်။

"မင်းပြန်တော့ ဒီမှာဘာဖြစ်လို့ ဒုက္ခခံချင်နေရတာလဲ. . . တို့မိသားစုတွေ အစော်ကားခံနေကြရဖို့လား ဟင်"

"သခင် တောင်းပန်ပါတယ် ဖေဖေ၊ ပြန်သွားဖို့တော့မပြောပါနဲ့နော်. . . နောက်ထပ်လည်း ဘယ်သူမှ လာမှာ မဟုတ်တော့ပါဘူး"

ဦးမောင်မောင်တာက ချွေးမဖြစ်သူ မှူးသခင်ကိုလည်းအပြစ်မတင်ချင်တော့ပေ။ သားကို ချစ်မြတ်နိုးပြီး အနစ်နာခံ နေထိုင်နေ၍လည်း ကြေကွဲမိသည်။ သမီးကလည်း ကိုယ်ဝန်အရင့်မာကြီးနှင့် ဒင်းတို့က လူမဆန်ပေမယ့် ဦးမောင်မောင်တာက လူသားဆန်စွာ မှူးသခင်ကို မရက်စက်လိုပေ။ ပြန်ဖို့ပြောခဲ့ပေမယ့် ချွေးမက လက်မခံ။ သားကလည်းချွေးမကို မချစ်ပဲ စိမ်းနေသည်။

"ဖေဖေ သမီးတောင်းပန်ပါတယ်. . . သမီး အစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သမီးပါပဲ၊ အားလုံးအေးအေးချမ်းချမ်း နေကြပါတော့နော်"

"တောက်"

ဖေဖေ အခန်းထဲဝင်သွားမှ ညိုပြာကြိတ်ပြီး မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ မောင်နှင့် မြိုင်ဆိုတဲ့ မိန်းကလေးလက်ထပ်ပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပတာ ညိုပြာ သတင်းကြားရသည်။ သတင်းစာထဲမှာတောင်ပါခဲ့တာပဲ။ အရာအားလုံး ညိုပြာ့ကြောင့်ပါပဲ။ မောင့်ကို ညိုပြာ အတင်းအကြပ်လက်ထပ်ဖို့ ကြိုးစားခဲ့တာလဲ အမှားတွေပဲ မဟုတ်လား။ မောင်က ညိုပြာ့လို အဆင့်အတန်းမျိုးကို လက်ထပ်ချင်ပါ့မလား၊ ညိုပြာအရှက်မဲ့ခဲ့တာပါ။ သခင့်ကိုလည်း သနားသည်။ ညီတာက သူ့အလုပ်ပဲ သူလုပ်နေ၏။ သခင့်ကိုအရေးပင်မစိုက်ပေ။ ပြန်ဖို့ပြောပေမယ့် သခင်က ငြင်းနေသည်။

"မမညိုပြာ မငိုပါနဲ့၊ ကလေးကရှိသေးတယ်လေ၊ တကယ်တော့ မမရဲ့ ထိခိုက်နစ်နာမှုတွေက အများကြီးပါ"

"မဟုတ်ပါဘူး သခင် မမက ဘာနစ်နာမှာလဲ၊ မောင်နဲ့ သခင်တို့ မိသားစုပဲ အနစ်နာဆုံးပါကွယ်. . ."

မမညိုပြာက သခင်တို့ မိသားစုအား အပြစ်မမြင်တာပဲ လေးစားထိုက်တဲ့ အပြုအမူဖြစ်နေသည်။ ကိုကိုကယောက်ျားဖြစ်ပြီး တာဝန်မဲ့ လွန်းနေ၏။ မာမီကလည်း ရက်



စက်တယ်။ မမညိုပြာ့မှာ ကိုကိုသွေးဗြိတွယ်နေပြီပဲ။ မမညိုပြာ သူမတစ်ယောက်ထဲ နေတဲ့အိမ်လေးဆီပြန်သွားသည်။ သခင် ညနေစာ အတွက် ပြင်ဆင်နေတဲ့ အချိန်တွင် ဖေဖေ အရက်သောက်နေ၏။ ဖေဖေစိတ်ညစ်ပြီး အခုတလော အရက်တွေ အလွန်အကျွံသောက်နေသည်။

"ဖေဖေ"

"ဟင်"

"အမြည်းများများစားပါ ဖေဖေ၊ အရက်တွေ အရမ်းမသောက်ပါနဲ့၊ အသက်အရွယ်ကြောင့်ပါ"

"ဟုတ်တယ်. . . ငါ အရက်မသောက်သင့်ဘူး၊ အသုံးမကျတဲ့ အဖေလေ. . . ခုထိဒီအရက်ကိုပဲ သောက်နေတယ်. . ."

"ဖေဖေ တာဝန်မကျေတာ မဟုတ်ပါဘူး၊ သဘာဝကြီးက ဒီလိုပဲ ဖြစ်ချင်သလိုဖြစ်ပျက်နေတာပါ၊ အချိန်တွေ ရှိပါသေးတယ်၊ ညီတာက အရမ်းကြိုးစားနေတာပါ၊ ညီတာအောင်မြင်တဲ့ ဘဝကို ဖေဖေ ကျန်းကျန်းမာမာနဲ့ စောင့်ကြည့်ပါအုံး"

"ဟင်"

မှူးသခင် မင်းဘာဖြစ်လို့များ ဟိုလူတွေနဲ့ မတူအောင်စိတ်သဘောထား ပြည့်ဝနေရတာလဲ။ ချွေး

www.burmeseclassic.com

www.burmeseclassic.com



အလိမ္မာလေးပဲ. . . ချောမောလှပပြီး ပြည့်စုံတဲ့ဘဝကနေ ငရဲတွင်းထဲ ခုန်ဆင်းနေခဲ့တာပဲ။ အချစ်အတွက်လား ဦးမောင်မောင်တာ အရက်ကိုဆက်ပြီး မသောက်ချင်တော့။ မှူးသခင် ပြောတာမှန်သည်။ သားက ကြိုးစားနေပေမယ့် မိမိက စိတ်ညစ်တာကို အကြောင်းပြုပြီး အရက်သောက်နေခဲ့သည်။ ကိုယ့်ကိုယ်ကို အသုံးမကျတဲ့ အဖေ၊ တာဝန်အကျေတဲ့အဖေအဖြစ် တပျစ်တောက်တောက်ပြောရင်း အသုံးမကျတဲ့ အလုပ်တွေပဲ ဆက်လုပ်နေခဲ့သည်။

"ဖေဖေ အရက်မသောက်တော့ဘူး၊ ပြဿနာတွေက ဒီလိုနည်းနဲ့ ဖြေရှင်းလို့ မရဘူးဆိုတာ ဖေဖေ အသိဝင်သင့်နေပြီပဲ၊ ကျေးဇူးပဲ သမီး"

"ဖေဖေ"

"ဟင်"

"သမီးတဲ့လား၊ သခင့်ကို ဖေဖေက သမီးအဖြစ် အသိအမှတ်ပြုတာလားဟင်. . ."

"အင်း"

ဦးမောင်မောင်တာ ထပြီး အခန်းလေးထဲဝင်လာခဲ့သည်။ သခင်က သနားစရာကောင်း၏။ စိတ်သဘောထားပြည့်ဝသူလေး ဖြစ်နေသည်။

"သားကတော့ သခင့်ကို ချစ်လာမှာမဟုတ် ဖေဖေ၊



သွေးရောယှက်ဖို့တောင် မသတီဘူး"

သားစကားတွေက မိမိရင်ကို မသက်မသာဖြစ်စေသည်။ လောကကြီးထဲမှာ မိမိတို့ မိသားစု စိတ်သောကရောက်စရာတွေပဲ ရင်ဆိုင်ကြုံတွေ့နေရ၏။ ဟုတ်တယ်. . . သခင်ပြောတာမှန်တယ်။ မိမိအရက်သောက်လေ အသုံးမကျတဲ့လူပဲ ဖြစ်နေအုံးမှာပါ။ အသက်ကြီးပြီ ကံကြမ္မာတွေပဲ သတ်မှတ်ရမယ်။ ဒီအချိန်အထိ ဘဝမှာ ကောင်းမှုကုသိုလ်တွေလုပ်ခဲ့တာ မရှိခဲ့။ အသိနှင့် ဆင်ခြင်နေသည်။

"ဖေဖေ"

"ဟင်"

"သားပြန်လာပြီ နေမကောင်းလို့လား ဖေဖေ"

သားက မိမိအိပ်ခန်းထဲဝင်လာသည်။

"ဖေဖေ"

"ဖေဖေ ဘာမှ မဖြစ်ဘူး"

"အရက်သောက်လေ ဘာလိုနေလို့လဲ၊ ပိုက်ဆံလား သခင်က အမြည်းရော ကောင်းကောင်းလုပ်ပေးရဲ့လား"

"လုပ်ပေးပါတယ်. . . ဖေဖေ မသောက်တာ သခင့်ကြောင့်ပဲ၊ သခင့်ကို ဖေဖေ သမီးအဖြစ်အသိအမှတ်ပြုလိုက်ပြီလေ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ဇနီးအဖြစ် အသိအမှတ်ပြုသင့်ပြီကွ"

"ဖေဖေ"

"စိတ်သဘောထား ပြည့်ဝတဲ့ မိန်းကလေးကွ"

ဖေဖေက သခင့်ကို တောင်းပန်လိုက်တဲ့ ချစ်ချစ်ခင်ခင်ဆက်ဆံတဲ့။ ညီတာ အပြင်ပြန်ထွက်လာသည်။ သခင်က အိမ်သန့်ရှင်းရေးလုပ်ရာကနေ ညီတာရေချိုးဖို့ အတွက် အဝတ်အစားလဲဖို့ အတွက် ပြင်ဆင်ပေးဖို့ အခန်းထဲဝင်သွားသည်။

"ညီတာ ရေချိုးလေ. . . ရေလဲ ပုဆိုးလည်းထားတယ်၊ ခဏနားလိုက်ဦးနော်. . ."

သခင်ပြာယာခတ်အောင် သူ့အတွက် လုပ်ဆောင်ပေးနေတာကို သူအမှတ်မထင် ကြည့်မိလိုက်သည်။ သခင် မင်းဘာဖြစ်လို့ လာပြီး၊ ဒုက္ခခံနေရတာလဲကွ၊ ငါက ချစ်မယ်လို့ ထင်နေလား။ သခင့် မာမီရောက်လာပြီး မမကို ရိုက်နှက်သွားတာရော၊ သခင့်ကို အတင်းအကြပ်ခေါ်တာရော၊ သခင်ကငြင်းတာရော ညီတာအားလုံးသိနေသည်။ ဖေဖေကတော့ သခင့်ကို ဇနီးအဖြစ်လက်ခံတော့တဲ့။ သူ့နှလုံးသားတွေက အဆင်သင့်မဖြစ်သေး။ ညီတာ စီးပွားရေးမှာ အောင်မြင်ဖို့ပဲ ကြိုးစားနေ၏။ ညီတာ ကြိုးစား၍ အောင်မြင်ဖို့ပဲ ကြိုးစားနေ၏။ ညီတာကြိုးစား၍ လုပ်ငန်းထူထောင်ပေးမည့် ငွေ



ရှင်တွေရှိနေသည်။

"ညီတာ"

"ဟင်"

"ရေချိုးတော့လေ၊ ရေအေးအေးလေး တစ်ခွက်သောက်လိုက်နော်"

"ထားခဲ့"

"အင်း"

သခင့်ကို သံယောဇဉ်တွယ်ပြီး သူအရှုံးပေးလိုက်ရမှာ ညီတာအကြောက်ဆုံးပင်။ မင်းအကို လိုမရက်စက်နိုင်ဘူး။ သခင် မင်းကို ငါ မချစ်ဘူး၊ ဘယ်တော့မှလည်း ချစ်လာမှာ မဟုတ်ဘူး။ သူ့နှလုံးသားတွေထဲမှာ နာကျင်စူးရှနေခဲ့၏။ မင်းဘယ်လောက်ပဲ အိမ်ရှင်မ ပီသနေပါစေ၊ မင်းကို မချစ်ဘူး ကွာရှင်းပစ်ချင်တယ်။ သူရေချိုးသည်။ သခင် အစစအရာရာ လုပ်နေတာကိုလည်း မနှစ်သက်မိ။ သူရေချိုးပြီး ပုဆိုးလဲပြီးချိန်တွင် အခန်းထဲမှ သခင့်အော်သံကို သူကြားလိုက်ရသဖြင့် အခန်းထဲပြေးဝင်လာခဲ့သည်။

"အား . . . ကျွတ်. . . ကျွတ်"

အခန်းထဲမှာ သခင်လဲပြိုခွေကျနေကာ မျက်နှာလေးက ရှုံ့မဲ့နေသည်။

"ဘာမှ မဖြစ်ပါဘူး ညီတာ . . . သခင် ခြေချော်က်

www.burmeseclassic.com

www.burmeseclassic.com



လဲသွားတာရပါတယ်. . .”

သခင် ဘာမှမဖြစ်ဘူးဆိုတာ သိရ၍ သူစိတ်အေးသွားပြီး လှည့်ထွက်လာခဲ့သည်။

“အား ကျွတ်. . . ကျွတ်”

သူမ ခြေထောက်က နာကျင်နေ၍ မထနိုင်သေး၊ ညီတာက ထွက်သွားပြီဖြစ်သည်။

“ညီတာရေ ထမင်းပွဲပြင်ပြီးသွားပြီနော်. . . အမယ်လေး နာလိုက်တာ”

ခြေထောက် ဘာဖြစ်သွားရတာလဲ။ သခင့်မှာ အလုပ်တွေ အများကြီးပဲ။ ညီတာ ထမင်းစားနေပြီလား။ သူမချော်လဲကျတော့ ညီတာ ပြေးဝင်လာသည်။ ဒီလောက်လေးပဲ သံယောဇဉ်ရှိနေရင် သခင်ကျေနပ်ပါပြီ ညီတာရယ်။ ခဏနေမှ ထလိုက်တော့ ခြေထောက်က ထလို့ရသွားသည်။

“ဘာမှ မဖြစ်လို့တော်ပါသေးရဲ့၊ ညီတာ ထမင်းစားနေပြီလား၊ ဘုရားရေ သခင် အသုပ် သုပ်ပေးဖို့မေ့နေတာပဲ. . .”

သခင် ခြေထောက်နာနေတာပင် သတိမရတော့ပဲ၊ မီးဖိုခန်းထဲ ပြေးဝင်လာခဲ့သည်။

“ညီတာ ထမင်းစားနေပြီလား၊ ခဏလေးနော် သခင်မြင်းခွာရွက် သုပ်ပေးဖို့ ခဏလေး”



သခင့်ကို ညီတာကြည့်လိုက်တော့ ခြေထောက်က ထော့နဲ့နေသေးသည်။ မင်းတော်တော်လေး တာဝန်ကျေပါလားကွ၊ ဖေဖေကတော့ သခင်က စိတ်သဘောထား ဖြူစင်ပြီး မိန်းမကောင်းလေးတဲ့ သားအသိအမှတ်ပြုပါတဲ့။ သခင်မင်း ဒီလို အလုပ်တွေ ဘယ်တုန်းကမှ မလုပ်ခဲ့တာကိုယ် သိပါတယ်။ သခင် အရမ်းပဲ ပင်ပန်းနေပြီလား။ သူ့လုပ်ရပ်တွေက သခင့်အပေါ် အရမ်းပဲ ရက်စက်နေပြီလား။ ညီတာ တွေးနေမိသည်။

“မြင်းခွာရွက်သုပ်ကို ညီတာကြိုက်တယ်ဆိုလို့လေ၊ သခင် မမဆီက သင်ထားတာ”

“သခင်”

“ဟင်”

“မင်းပြန်ပါ၊ ကိုယ်မင်းကို မနှိပ်စက်ချင်ဘူး၊ ကိုယ့်နှလုံးသားတွေက မင်းကို ဘယ်တော့မှလည်း ချစ်လာမှာမဟုတ်ဘူး”

“သခင်ကို ညီတာ မချစ်ရင်လည်း ရပါတယ်၊ ဒါက သခင့်ရွေးချယ်မှုပဲ သခင့်ကိုကိုလောက်ညီတာ မရက်စက်ပါဘူး၊ ညီတာ ချစ်ချစ်မချစ်ချစ် သခင်က ညီတာ့ဇနီးအဖြစ် နေရတာ နှစ်သက်တယ်”

ညီတာ ဘာမှဆက်မပြောချင်တော့ပေ။ သူ့သခင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်မှာမဟုတ်။ သခင်တို့ အသိုင်းအဝိုင်းကို မုန်းတီးမိသည်။ သူထမင်းစားပြီး အိပ်ခန်းထဲ ပြန်ဝင်လာခဲ့၏။ ဒီညမှ သခင့်အားထူးဆန်းစွာ သတိရနေသည်။ အချစ်ဆိုတာကို ဘာမှန်းမသိပဲ သခင့်ကို လက်ထပ်ခဲ့၏။ အမုန်းတွေကြောင့်ပါ။ သူစာဖတ်နေတဲ့ အချိန်တွင် သခင်ပြန်ရောက်လာသည်။

"ညီတာ ကော်ဖီနော်. . . ခတ်ဗူးထဲမှာ ဖျော်ထည့်ထားတယ်. . ."

"အင်း"

"ညီတာ ညောင်းနေလားဟင်"

"နေပါစေ ကိုယ်ကရတယ်. . . မင်းအလုပ်ပဲ မင်းလုပ်ပါသခင်"

သူစာပဲဖတ်နေသည်။ သခင် အခန်းကို သန့်ရှင်းရေးလုပ်နေ၏။ ညီတာ့ စိတ်တွေ မငြိမ်သက်တော့။ သခင့်ကို သနားကြင်နာမိနေသည်။ ညီတာ မဖြစ်ချင်ဘူး . . . စာပဲပြန်ဖတ်နေလိုက်၏။ သခင် မင်းကို ငါမချစ်ချင်ဘူး။ မုန်းချင်တယ်. . . သခင်က အိပ်ယာပေါ်မှာ လှဲနေသည်။

♠ ♠ ♠ ♠ ♠

## အခန်း( ၁၉ )

ညီတာ့ စိတ်တွေ လှုပ်ရှားနေတာ ထိန်းချုပ်ထားရင်း သခင် ဘေးနားမှာလှဲပြီး အိပ်ဖို့ပင်ဝန်လေးနေသည်။ ချမ်းသာကြွယ်ဝတဲ့ မိန်းကလေးက သူ့အခန်းကျဉ်းလေးရဲ့ ဖျာကြမ်းလေးပေါ်မှာ အိပ်စက်နေ၏။ ညီတာ စီးပွားရေး လုပ်ငန်းတွေ အောင်မြင်ဖို့ ကြိုးစားနေတာ ဘာကြောင့်လဲ သခင့်ကို ဒီလိုထားရတာ မကြည့်ရက်ပဲ ဖြစ်နေသည်။

"သခင်က အပြစ်မဲ့တဲ့ မိန်းကလေးပါညီတာ၊ မမအပြစ်တွေပါလို့ပြောထားပြီးပြီပဲ၊ သခင့်ကို မနှိပ်စက်ပါနဲ့"

မမစကားတွေကို သူပြန်ပြီးကြားယောင်လာသည်။ မိန်းကလေးတွေနှင့် အကင်းရှင်းဆုံးနေထိုင်ခဲ့သော ညီတာအတွက်ချစ်သူလည်း မဟုတ်သော မိန်းကလေးတစ်ယောက်နှင့် အတူနေထိုင်ရသဖြင့် သံယောဇဉ်တွေ ငြိတွယ်သွားသည်။ သခင့် အသိုင်းအဝန်းတွေကို မုန်းတယ်။ မမအပေါ်ရက်စက်ခဲ့ပေမယ့် သခင့်ကိုတော့ သူလက်တုန့်ပြန်တာတွေမလုပ်။ ဒါပေမယ့် သခင်က ထိုအပြစ်တွေကို သူကိုယ်တိုင်ခံယူနေသည်. သူစာဖတ်ရာကနေထလာ၏။ သခင့်ဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်အိပ်လိုက်သည်။

"သခင် မင်းနေကောင်းရဲ့လား၊ ခြေထောက်က နာနေသေးလားဟင်. . ."

သူကြင်နာစွာမေးချင်သည်။ ဝင်းဖန့်အိစက်မျက်နှာလေးက အပြစ်ကင်းလွန်းနေသည်လားပဲ။ သခင့်ကို တစ်ကြိမ်တစ်ခါမျှပင် မကြည့်ခဲ့။ သခင့်ကို သံယောဇဉ်မတွယ်မိအောင်သူနေထိုင်ခဲ့ပေမယ့် အခုတော့ သံယောဇဉ်တွယ်နေသည်။

"သခင်"

သူတိုးတိုးလေးခေါ်သည်။ သခင့် မျက်တောင်ကော့ကော့လေးတွေက ကော့ညွတ်စွာ ထိကပ်နေ၏။ အရမ်းလှပတဲ့ သခင်ပဲ။ ညီတာ့ လက်တွေက သခင့်လက်မောင်းလေးကို ထိတွေ့ပွတ်သပ်မိနေသည်။

"မင်းကိုယ့်ကို ချစ်တယ်လား၊ ကိုယ်ကတော့ မင်းကို မုန်းချင်တာပါ၊ မမနဲ့ဖေဖေက သခင်က မိန်းကလေး ပီသတဲ့သူတဲ့"

သခင့်မျက်နှာလေးကို စူးစိုက်ကြည့်ရင်း သူ့စိတ်တွေ လွှတ်ထွက်ကာ ပါးပြင်လေးအားနမ်းမိသည်။ သခင်က အိပ်မောကျနေ၏။ အိမ်မှုကိစ္စတွေ ပင်ပင်ပန်းပန်းလုပ်နေခဲ့ပေမယ့် ငြီးငြူခြင်းမရှိပဲ သူ့ဇနီးအဖြစ်နေခဲ့သော သခင်၊



ညီတာ စိတ်တွေထိန်းချုပ်နိုင်ခြင်း ကင်းမဲ့သွားပြီး သခင့်ကိုယ်လုံးလေးအား သိမ်းကျုံးပွေ့ဖက်မိသည်။

"ညီတာ ဟင်. . ."

"ဟင်"

"အို ဆောရီးပဲ ညီတာ့ ဆန္ဒပဲနော်. . . သခင့်ကို ညီတာမချစ်ဘူးဆိုတာ သိပါတယ်"

"ဘာ"

သခင့်ကို ဖက်တွယ်ထားတဲ့ ညီတာ့ လက်တွေက ပြေလျော့သွားကာ ခန္ဓာကိုယ်ပူးကပ်နေရာမှ ဆတ်ကနဲခွာပစ်လိုက်သည်။ သခင့်ကို ယုယကြင်နာတာမျိုး ညီတာမလုပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သခင့်ကို ကွာရှင်းမှာမို့ပါ။ ညီတာ ထိန်းစမ်း သခင်က မင်းဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော် မဖြစ်နိုင်ပါဘူး၊ သခင့်အသိုင်းအဝိုင်းကို မုန်းတယ်။ သူထလိုက်သည်။

"ညီတာ"

"ဘာလဲ သခင် မင်းက ကိုယ့်ကို ယောကျ်ားတစ်ယောက်ရဲ့ ဆန္ဒတစ်ခုအတွက် မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့ ထိတွေ့ဆက်ဆံမယ်ထင်လို့လား"

"ညီတာရယ် သခင့်ကို မမုန်းနေပါနဲ့၊ သခင်ကို မမုန်းနေပါနဲ့၊ သခင်က ညီတာ့ဇနီးပါ. . . ညီတာဘာဖြစ်လို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ကြောက်ရွံ့နေရတာလဲ"

"ကိုယ်စိတ်ဓာတ်အောက်တန်းကျတဲ့ ယောကျ်ား တစ်ယောက်မဖြစ်ချင်ဘူး၊ မင်းပြန်ပါ. . . ကိုယ့်ဇနီးအဖြစ် နေတာက မင်းအတွက် ဘဝတစ်လျှောက်လုံးဆိုးကျိုးတွေ ကိုပဲရင်ဆိုင်နေရမှာပါ"

"ညီတာရယ်"

သခင်ထလာပြီး ညီတာ့အား သိုင်းဖက်လိုက်သည်။ ညီတာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ဖြစ်သွား၏။ သခင်မင်း ကိုယ့်အနားကနေ ထွက်သွားစမ်းပါကွာ. . . ကိုယ်အရမ်း မုန်းလို့ပါ။ မင်းတို့ အသိုင်းအဝိုင်းရဲ့ သွေးနဲ့ ကိုယ်မရော စပ်ချင်ဘူး။ မမညိုပြာ ကိုယ်ဝန်ရင့်မာကြီးနှင့် ခက်ခဲပင်ပန်း စွာနေထိုင်ဖြတ်သန်းနေရတာကို ညီတာမေ့ပစ်လို့မရ။ အမျိုး ယုတ်သွေးကို အသိအမှတ်မပြုနိုင်ဘူးဆိုတဲ့ စကားကို သူ မေ့ပစ်လို့ မရခဲ့။ သခင့် လက်တွေကို ကြမ်းတမ်းစွာ ဖယ် ရှားပစ်လိုက်သည်။

"မင်းလို မိန်းမတစ်ယောက်ကို ငါမချစ်ဘူး၊ ငါ့ရင် ထဲမှာ မုန်းတီးနာကျည်းမှုတွေက ဘယ်တော့မှ ပျက်ပြယ် သွားမှာ မဟုတ်ဘူး၊ သခင် ကိုယ်တောင်းပန်ပါတယ်၊ မင်း ပြန်ပါ"

"မပြန်ဘူး၊ ညီတာ ရှင်ပဲ သခင့်ကို အတင်းအကျပ်



ယူခဲ့တာလေ. . . အဲ့ဒါ ကိုကို့ကို လက်စားချေချင်လို့ မဟုတ် လားဟင်. . . ညီတာ့ရင်ထဲက အမုန်းတွေ ပျောက်သွားဖို့ သခင့်အသက်ကိုယူပါ"

"တော်စမ်းကွာ"

"အား"

သခင့်ကို ဒေါသတကြီးနှင့် ကြမ်းတမ်းစွာ တွန်းဖယ် ပစ်လိုက်၍ ကြမ်းပြင်ပေါ် လဲကျသွားသည်။ ညီတာ့ ဒေါသ တွေက အထွတ်အထိပ်သို့ ရောက်သွားရ၏။ ငါအဲဒီလို ယောကျ်ားမဟုတ်ဘူးကွ. . . ငါတို့မိသားစုဘဝကို မင်းအစ် ကိုဖျက်ဆီးပစ်လိုက်တာကွဟု အော်ဟစ်နေမိသည်။

"သား"

"ဟင် ဖေဖေ"

"ဘာလုပ်တာလဲ သမီးလေးကို မင်းဘာလုပ်တာလဲ၊ ဟုတ်တယ်. . . သခင့်ကို မင်းပဲ အတင်းအကျပ်လက်ထပ် ယူခဲ့တာလေ၊ မင်းဆန္ဒအတိုင်း မင်းအပေါ် အမှုအခင်းမပတ် ဖို့ သခင်ကိုယ်တိုင် သဘောတူကြည်ဖြူပါတယ်ပြောပြီး လက် ထပ်စာချုပ်မှာ လက်မှတ်ထိုးပေးခဲ့တာပဲ"

"ဖေဖေ"

"ထ သမီးလေး ဖေဖေတောင်းပန်ပါတယ်၊ သခင့် က မင်းမုန်းတီးပြီး လက်တုန့်ပြန်ရမယ့် မိန်းကလေး မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ဖေဖေပြောထားပြီးပြီပဲ. . .”

ညီတာ အပြင်ကို ထွက်လာခဲ့သည်။ ဖေဖေတောင် သခင့်ကို သမီးအဖြစ် အသိအမှတ်ပြုနေပြီပဲ။ ညီတာလက်မခံနိုင်ဘူး။ ကိုဆက်မော်လို လူယုတ်မာတစ်ယောက်ရဲ့ သွေးကို ငါမရောယှက်နိုင်ဘူး။ သူ့ကိုယ်သူ ဒေါသတွေနှင့် ပေါက်ကွဲနေသည်။

“သား”

“ဖေဖေ”

“သခင့်အပေါ် မင်း ဒီလိုကြမ်းကြမ်းတမ်းတမ်း မဆက်ဆံသင့်ဘူးလေ၊ သခင်က မင်းဇနီးဘ၀ကို နှစ်သက်မြတ်နိုးတဲ့ မိန်းကလေးပဲ. . .”

ဦးမောင်မောင်တာကတော့ သခင့်ကို သမီးတစ်ယောက်အဖြစ် လက်ခံထားလိုက်ပြီဖြစ်သည်။ သမီးအရင်း ညှိုပြာထက်ပင် မိမိအပေါ်ပြုစု စောင့်ရှောက်ပေးသည်။

“သားရဲ့ စိတ်ကို ဖေဖေသိပါတယ်၊ ယောကျ်ားကောင်းပါ. . . မင်း သခင့်ကို လက်စားမချေချင်ဘူး မဟုတ်လား”

“ဟုတ်တယ်. . . ဖေဖေ သားမှားသွားတယ်၊ ဒေါသစိတ်နဲ့ အရယူလိုက်တာ အရမ်းမှားသွားတယ်”

“အမုန်းတွေကို ခွာချပစ်လိုက်ပါတော့ သားရာ၊



သခင်က မင်းအတွက် ထာ၀ရ လက်တွဲဖော်ကောင်းပါ၊ မင်းမမဘက်ကစပြီး မှားတာပဲလေ. . .”

“အဲဒါတွေ ဆက်မပြောပါနဲ့တော့ဖေဖေ၊ သခင့်ကို သားဘယ်လို နည်းနဲ့မှ မချစ်နိုင်ဘူး၊ ကွာရှင်းပြတ်ဆဲဖို့ လုပ်ချင်တယ်”

“ဘာကွ”

ဦးမောင်မောင်တာ လက်မခံနိုင်အောင် ဖြစ်နေသည်။ သခင့်ကို သမီးလေးလို တွယ်တာနေပြီဖြစ်၍ သနားနေမိသည်။ သခင့်ဘ၀က နစ်မွန်းသွားပြီပဲ. . . အပျိုစင်ဆိုတဲ့ နာမည်က ပျက်ဆီးသွားခဲ့သည်။ ဘာနဲ့ အစားပြန်လျော်မှာလဲ။ ကွာရှင်းလိုက်ခြင်းက သခင့်အပေါ် မတရားလွန်းသည်ဟုထင်သည်။

“သမီး သခင့်ကို မင်းပဲ အရယူခဲ့တာလေ၊ မင်းနှိပ်စက်ဖို့မဟုတ်လား၊ လက်စားချေဖို့ မဟုတ်လား၊ အခုမှ သွေးကြောင်ပြီး ကွာရှင်းမပစ်ချင်စမ်းပါနဲ့ သားရာ. . .”

“ဖေဖေ”

“ကွာရှင်းဖို့ မလုပ်ပါနဲ့၊ သခင်က အပြစ်ကင်းမဲ့ပြီး အရမ်းသနားစရာကောင်းတဲ့ ကောင်မလေးဖြစ်နေပြီ၊ မင်းနှမချင်းကိုယ်ချင်းစာသင့်တယ်၊ မင်းယောကျ်ားပဲ တာ၀န်ယူလေကွာ. . .”

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်းကို ချစ်ဖို့မပြောဘူး၊ ကွာရှင်းဖို့တော့ မလုပ်ပါနဲ့၊ ယောက်ျားကောင်း မောင်းမတစ်ထောင်တဲ့ မင်းချစ်မြတ်နိုးတဲ့ မိန်းကလေးတွေ့ရင်ထပ်ယူပေါ့"

ဖေဖေချာကနဲ လှည့်ထွက်သွားသည်။ သခင့်အပေါ် ဖေဖေပင် ဒီလောက်အထိ သံယောဇဉ်တွယ်ငြိနေပြီလား။ ဖေဖေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစိုစွတ်နေ၏။ သူ့အမှားအတွက် သခင့်ကို သူ့ဇနီးအဖြစ် ထာဝရတာဝန်ယူတော့တဲ့။ ညက အေးစက်တိတ်ဆိတ်ကာ မှောင်မိုက်နေသည်။ ညီတာ အပြင်မှာပဲ ရပ်နေမိသည်။ တဲအိမ်လေးသာသာရှိနေတဲ့ သူ့အိမ်မှာ သခင့်လိုမိန်းကလေးက သူ့ဇနီးအဖြစ်နှစ်သက် မြတ်နိုးစွာနေထိုင်နေတာ အချစ်လား . . . သူသခင့် အနားသွားဖို့ပင် ကြောက်ရွံ့တုန်လှုပ်နေသည်။

"ညီတာ"

"ဟင်"

"အထဲဝင်ပါ. . . အပြင်မှာ လေစိမ်းတွေတိုက်ပြီး အရမ်းအေးတယ်လေ. . ."

သခင့်က သူ့အပြုအမူတွေအတွက် စိတ်ဆိုးဒေါသထွက်ခြင်းမရှိပဲ သူမအသံက နွေးထွေးကြင်နာနေသည်။

"ညီတာရယ် သခင်ကိုတော့ ကွာရှင်းပြတ်ဆဲဖို့ လုံးဝ



မစဉ်းစားပါနဲ့နော်. . . တကယ်လို့ ညီတာ ချစ်မြတ်နိုးတဲ့ မိန်းကလေးတွေ့ရင် ထပ်ယူပါ. . ."

"ဘာကွ"

"သခင် ကျေနပ်ပါတယ်၊ ဘယ်လိုဘဝမျိုးနဲ့ပဲ ဖြစ်ဖြစ် ညီတာ အနားမှာ နေပါရစေနော်. . . သခင် ညီတာ့ကိုချစ်တယ်"

သခင်ကိုယ်တိုင်ပင် ညီတာ့အပေါ် ချစ်မြတ်နိုးမိနေတာကို စဉ်းစားမရ။ သခင့်နှလုံးသားတွေထဲမှာ ညီတာ့အပေါ်ကြီးမားတဲ့ သံယောဇဉ်တွေ တွယ်တာနေမိသည်။ ဘာကြောင့်လည်းမသိဘူး။ ညီတာ့အတွက် သခင့်ရဲ့ အခွင့်အရေးတွေ စည်းစိမ်ချမ်းသာတွေ မျှော်လင့်ချက်တွေ အားလုံးစွန့်လွှတ်နိုင်နေသည်။

"သခင့်ဘက်က ညီတာဆီမှာ အချစ်ကို ဘယ်တော့မှ မတောင်းဆိုပါဘူး၊ ညီတာ့ စိတ်တွေကို သခင်နားလည်ပါတယ်နော်. . . သခင့်ရဲ့ ပြင်းပြတဲ့ဆန္ဒက ညီတာ့အနားမှာပဲနေချင်ခဲ့တာပါ"

ညီတာက ချာကနဲလှည့်ပြီး အိမ်လေးထဲဝင်သွားသည်။ သခင် စိတ်အေးသွားရ၏။ အပြင်မှာ အရမ်းပဲ အေးစက်နေတာမဟုတ်လား။ သူမအခန်းလေးထဲ ညီတာပြန်ဝင်လာသည်။ မျက်လုံးလေးကို မှိတ်ပြီး ငြိမ်သက်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောထဲက သခင်ငြိမ်သက်နေရမှာပါ. . . ညီတာ့ရင်ထဲက သံယောဇဉ်တစ်စွန်းတစ်စကိုတော့ သခင်သိလိုက်သည်။ သခင်ကျေနပ်ပါတယ်။ ညီတာရယ်. . . သံယောဇဉ်အမျှင်တန်းလေးရှိနေရင်တောင် သခင်ပျော်ပါတယ်။ ညီတာ စာကြည့်စားပွဲမှာထိုင်နေသည်။

"ညီတာ အိပ်ပါ. . . မနက် ကုမ္ပဏီကို သွားရဦးမယ်လေ. . . စိတ်ကို ရှင်းရှင်းလေးနဲ့ အေးချမ်းအောင်နေပါ၊ လာအိပ်ပါတော့နော်. . ."

ညီတာ မီးကို မှိတ်ပစ်လိုက်ကာ သခင့်အနားမှာ ဝင်အိပ်သည်။ မနက်ဖြန် အရေးကြီးတဲ့ အလုပ်ကိစ္စတွေရှိနေသဖြင့် သူအိပ်စက်ဖို့တော့လိုအပ်သည်။ ညီတာလုပ်မည့် စည်းပွားရေးလုပ်ငန်းက စတော့မှာပါ။ ငွေရှင်ကလည်းရှိသည်။ သခင်က တစ်ဖက်ကိုစောင်းကာ ညီတာစိတ်သက်သာသာနှင့်အိပ်လို့ရအောင်နေလေ၏။ မင်းက ဆက်မော်ရဲ့ ညီမဖြစ်နေလို့ ကိုယ်စိတ်တွေမသန့်တာပါ။ အမှန်တော့ ဖေဖေပြောသလိုပဲ မင်းက ကိုယ့်ရဲ့ ဇနီးကောင်းပါ။ တစ်ဖက်ကိုစောင်းနေတဲ့ သခင့်ကို မကြည့်မိအောင် ထိန်းချုပ်ထားရတာပင် ညီတာ စိတ်မွန်းကြပ် ပင်ပန်းလွန်းနေသည်။

"သခင့် ဘက်ကနေ ညီတာ့ဆီက အချစ်တွေကို ဘယ်တော့မှ မတောင်းဆိုပါဘူးနော်၊ သခင့်ရဲ့ ပြင်းပြတဲ့



ဆန္ဒက ညီတာ့အနားမှာ နေချင်ခဲ့တာပါ"

သူ သခင့်ကို ကြည့်မိသည်။ ကျော့ရှင်းတောင့်ဖြောင့်လွန်းသော သခင့်ခန္ဓာကိုယ်လေးက သူ့စိတ်တွေကို တုန်လှုပ်သွားစေရတာ ကာမလား အချစ်လား . . . သခင့်အားပွေ့ဖက်ချော့မြှူ ကြင်နာမှုတွေပေးလိုတဲ့ ဆန္ဒတွေက သူ့ရင်ကို အတိုင်းအဆမရှိ လှုပ်ခတ်တုန်ရီနေစေသည်။ ကိုဆက်မော်ကို သူမုန်းတီးရွံ့ရှာတဲ့ အတွေးတွေဝင်လာ၏။ မဖြစ်ဘူး၊ သခင်က သူ့ရဲ့ထာဝရလက်တွဲဖော် မဖြစ်နိုင်ပါဘူး။ ဘယ်တော့မှ စိတ်တွေသန့်ရှင်းစွာ ချစ်လာနိုင်မှာလည်း မဟုတ်ပါဘူး။ ညီတာကိုယ်က သခင်နှင့် ဆန့်ကျင်ဘက်သို့ ကျောခိုင်းပစ်လိုက်သည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ကိုဆက် . . . ပျော်သလိုနေနော် . . . အရက်အကောင်းစားတွေ မြိုင့်ကိုကိုက လက်ဆောင်ရလာလို့ ကိုဆက်သောက်ဖို့ ပြင်ဆင်ပေးမယ်လေ. . ."

"ကောင်းတယ် ကိုဆက်လည်း မြိုင် ပြင်ဆင်ကျွေးမွေးတဲ့ အစားအသောက်တွေကို စားချင်နေတာလေ. . ."

"ဟွန်း နော် အဲဒါတော့မရဘူး၊ မြိုင်မှ မလုပ်တတ်တာ မတူးရှိတယ်လေ . . . . နော်"

"အင်းပါကွာ၊ ဟုတ်သားပဲ မြိုင်က သူဌေးသမီးလေးပဲဟာ. . . မတူးပဲ နိုင်း"

"အဟင်း ဟင်း ဟင်း . . ."

မြိုင်ကိုယ်တိုင် ကိုဆက်အတွက် အရက်ဝိုင်းကို ပြင်ဆင်ပေးသည်။ မြိုင့်လက်ထဲသို့ လုပ်ငန်းတွေရော၊ စည်းစိမ်ဥစ္စာတွေရော ထိုးအပ်တားတဲ့ ယောက်ျားပဲ၊ ကိုဆက်အတွက် အပျော်တွေပဲ မြိုင်ဖန်တီးပေးထားသည်။

"ကိုဆက်ကို မြိုင် အရမ်းချစ်တာပဲ သိလား၊ မာမီလည်းကိုဆက်ကို သမက်လူတော်ကြီးတဲ့ သမီးမြိုင် က



ကောင်းတယ်တဲ့လေ. . ."

"ဟုတ်လားမြိုင် . . . ယောက္ခမကြီးကတောင်ချီးကျူးတယ်ဆိုတော့ ကိုယ်အရမ်းမြောက်သွားပြီ"

"ဟင်း ဟင်း . . ."

ကိုဆက်အရက်တွေ နေ့စဉ်သောက်ပြီး စီးပွားရေးလုပ်ငန်းတွေမှာ စိတ်မဝင်စားတော့ မြိုင်ပဲ စီမံခန့်ခွဲနေသည်။ ယောက္ခမကြီးဒေါ်ကြွေကြွေက သားအရက်သောက်လွန်းပြီး အပျော်တွေများနေ၍ မကြိုက်။ ဝင်ပြီးတားဆီးနေသဖြင့် မြိုင်ပိတ်ပြောပစ်လိုက်သည်။

"မြိုင်တို့ အိမ်ထောင်ရေးကြားမှာ ဝင်မပါပါနဲ့ မာမီ၊ လူကြီးက လူကြီးနေရာနေပါ. . ."

"ဟင် . . . ညည်း . . . ညည်း"

"ဘာညည်းလဲ . . . မြိုင့်ကို အောက်တန်းကျတဲ့ အသုံးအနှုန်းတွေနဲ့ မခိုင်းနိုင်းပါနဲ့၊ မြိုင်သာဆို လူကြီးပီပီ တရားရိပ်သာမှာ သွားနေပြီ. . ."

"ဟင်"

"ကိုဆက်အမေက မြိုင့်ကို ဆက်ဆံတာ မောက်မာလွန်းနေတယ်. . . မြိုင်က ကိုဆက်ကို စိတ်တိုင်းကျပဲ ပုံစံသွင်းချင်တာ. . ."

"ဟုတ်တယ် မာမီ. . . မြိုင်က သားကို ချစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုက်တယ်. . . စီးပွားရေးလည်း ထိန်းသိမ်းနိုင်တယ်လေ. . . မာမီ ဝင်မပါပါနဲ့"

ဒေါ်ကြွေကြွေရင်ဝကို လက်နှင့် ဖိထားလိုက်ရသည်။ ဘုရားရေ ဘယ်လိုဖြစ်တာလဲ. . . မြိုင်ဆိုတဲ့ ချွေးမက ရှိုင်းစိုင်းလိုက်တာ၊ မိမိပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ အားလုံးအပိုင်စီးထားပြီး မိမိအားမလေးမစားနှင့် မောက်မောက်မာမာ ပြောဆိုဆက်ဆံနေသည်။

"ကျွေးသမျှ ငြိမ်ငြိမ်လေးစားနေစမ်းပါ မာမီ၊ သားက အရက်သမားပဲ နိုက်ကလပ်တက်တယ်၊ ကောင်မလေးတွေနဲ့ ပျော်တယ်၊ မြိုင့်ကြောင့်လား . . . သားအရင်ထဲက လုပ်နေတာပဲလေ. . . "

ဒေါ်ကြွေကြွေလှည့်ထွက်လာခဲ့သည်။ ရင်နာလိုက်တာ။ မိမိမှာ လက်ဝတ်ရတနာတွေပင် မရှိတော့။ ကားကိုလည်း ချွေးမက သုံးနေ၏။ မိမိက အိမ်ထဲမှာပဲ အိမ်မှုကိစ္စတွေကို အိမ်ဖော်တွေနှင့် စီမံနေရသည်။

"မာမီ့အလုပ်က အလုပ်သမားတွေကို စီမံပါ၊ အိမ်မှာ အရမ်းလေဟင်းတယ်၊ အိမ်မှာ အပိုလူတွေကို မြိုင်အရမ်း မုန်းတယ်. . . "

"ဘာ"

"အမှန်တွေပြောနေတာနော်. . . မာမီလက်ခံပါ၊



မာမီ့သားက စီးပွားရေးမလုပ်တတ်ဘူး၊ ဒါကြောင့် မြိုင်ပဲ ဦးစီးနေရတာ. . . "

ဒေါ်ကြွေကြွေ ဘာဆက်ပြောရမှန်းပင်မသိတော့။ ချွေးမက တဖြေးဖြေးနှင့် မိမိကိုပင်မလေးမစားနှင့် မောက်မာစွာပြောဆိုဆက်ဆံလာနေသည်။ သားကလည်း ပျက်စီးနေ၏။ စီးပွားရေးမလုပ်တော့။ ဒေါ်ကြွေကြွေတော့မှားပြီ။ ဘုရားရေ ဘယ်လိုလုပ်ကြမလဲ. . . ဒေါ်ကြွေကြွေ စိတ်ထိခိုက်လွန်း၍ ကွယ်ရာမှာ ငိုကြွေးခဲ့ရသည်။

"သမီးလေး သခင်ရော ညီညီတာဆိုတဲ့ ကောင်လေးက စီးပွားရေးမှာ တိုးတက်အောင်မြင်နေကြောင်း သတင်းတွေကြားနေရသည်. . . သမီးလေး သခင် အနှိပ်စက်ခံနေရပြီလား၊ ဟိုချွေးမညို့ပြာရော မွေးပြီလား . . . သူမအား မိမိအနိုင်ကျင့်ပြောဆို ဆက်ဆံနေပေမယ့် မျက်နှာငယ်လေးနှင့် မိမိကို တရိုတသေပြောဆိုဆက်ဆံသည်။ ဒေါ်ကြွေကြွေ နောင်တရမိနေ၏။ မိမိရဲ့ မောက်မာမှုတွေက လောလောလတ်လတ် ဝဋ်ပြန်လည်နေပြီလား၊ မိမိအနေဖြင့် ချွေးမမျက်နှာကိုပင် ရဲရဲမကြည့်ရဲတော့။ မျက်နှာထားတင်းတင်းနှင့် ဆတ်ကနဲကြည့်တတ်တဲ့ ချွေးမကလည်း မိမိအား အရေးပင်မလုပ်ပေ။ မိမိမှာ ပိုင်ဆိုင်ခွင့်တွေ ကင်းမဲ့နေသည်။

"မေမေကြီး မမလေးက ထမင်းပွဲပြင်ပေးပါတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မမလေးညောင်းလာလို့ ကျွန်မက ဆေးလိမ်းနှင်းနှိပ်ပေးရမယ်လေ"

ချွေးမမြိုင်ရဲ့ ဆက်ဆံမှုက ဒေါ်ကြွေကြွေလုံးဝ သည်းမခံနိုင်လောက်အောင်ဖြစ်နေရသည်။ မိမိက သူမ အစေအပါးလား လွန်လာသဖြင့် ဒေါ်ကြွေကြွေ သည်းခံမနေဖို့ပဲ ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်ပင် ဘာမှ လုပ်မပေးပဲ မိမိ အခန်းထဲမှာပဲနေသည်။

"ဒီမှာ"

"ဟင်"

ချွေးမမြိုင်က မိမိအခန်းဝမှာ လာရပ်ပြီး မာမီဟုပင် မခေါ်တော့ပဲ ဒီမှာတဲ့ ဒေါ်ကြွေကြွေ ဒေါသထွက်သွားရသည်။

"ညည်းက ကျုပ်ကို ဘယ်လိုဆက်ဆံလိုက်တာလဲ မြိုင်မြိုင် ကျုပ်က ညည်းရဲ့ အစေအပါးလား"

"ဘာပဲ ဖြစ်ဖြစ် မြိုင်နေမကောင်းဖြစ်နေတာပဲလေ၊ မာမီက တွက်ကတ်စရာလား"

"ဘာ"

"မအော်ပါနဲ့ မာမီ၊ မြိုင်က ဘယ်လိုအဆင့်အတန်းလည်းဆိုတာ မာမီသိပါတယ်နော်. . . မြိုင်က ရှင့်ချွေးမ



ဟောင်းလို လမ်းဘေးက ကောင်မတစ်ယောက်မဟုတ်ဘူး"

"ညည်း . . . ညည်း"

"ရိပ်သာမှာပဲ သွားနေပါ၊ ဒါမှမဟုတ် သမီးနဲ့ပဲ သွားနေပါ၊ သမက်က စီးပွားရေးတွေ အရမ်းအောင်မြင်နေတယ်. . ."

"ဟင်"

မြိုင် ထွက်သွားသည်။ မိမိဘယ်လိုလုပ်ရမလဲ. . . လောကကြီးက ပြောင်းပြန်တွေဖြစ်သွားပြီလား။ မိမိဘာဆက်လုပ်ရမှန်းပင် မသိတော့။ ချွေးမက နှင်ထုတ်နေပြီ။ မိမိပိုင်ဆိုင်တဲ့ တိုက်ကြီးပေါ်မှာနေတာ မိမိအားမောင်းချနေသည်။ သားရောက်လာတော့ ပို၍ပင်ဆိုးသွားရ၏။ မူးယစ်ဝေသီနေတဲ့ သားက မြိုင် မှန်တယ်တဲ့၊ မာမီက စီးပွားရေးလည်းမလုပ်ပဲ ပြဿနာရှာနေတာတဲ့။ မိမိခွေယိုင်လဲကျမတတ်ဖြစ်သွားရသည်။

"မာမီ့ အရွယ်က ရိပ်သာမှာ သွားနေသင့်ပါပြီဗျာ၊ ပြီးတော့ . . . ညီညီတာဆိုတဲ့ ကောင်က အခုတလေ စီးပွားရေးလုပ်တာ အောင်မြင်နေတယ်၊ တိုက်ဝယ်တယ်လို့တောင် ကြားနေတယ်၊ မာမီသွားနေပါ. . ."

"ဘာ. . . ဘာပြောတယ် ဆက်မော်၊ ငါက မမှု မတန်ဘူးဆိုပြီး အသိအမှတ်မပြုတဲ့ သမက်ဆီမှာ သွားနေရ

www.burmeseclassic.com

www.burmeseclassic.com



မှာလား"

"တောင်းပန်လိုက် မာမီ၊ ဝန်ချတောင်းပန်လိုက်"

"မင်း . . . မင်း"

ဒေါ်ကြွေကြွေ ရင်ဝက ဖူးအောင့်စို့တက်လာသဖြင့် လက်နှင့်ဖိကာ မျက်စိထဲမှာ အမှောင်ထုက ဖြိုကျသွားပြီး အသိတွေ ကင်းမဲ့သွားရသည်။

## အခန်း (၂၃)

ညီတာ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လာခဲ့ပေမယ့်၊ သိုသိုသိပ်သိပ်နှင့် တိုက်နှင့်ခြံကို ဝယ်ခဲ့သည်။ သူ အောင်မြင်တာနှင့် သခင့်မိဘတွေက လာရောက်အရေးတယူလုပ်မှာမျိုး မလိုလားမိပေ။ သခင်ကတော့ မပြောင်းလဲပေ။ သူ့အိမ်လေးထဲမှာ အိမ်မှုကိစ္စတွေလုပ်ရင်း သူ့လုပ်ငန်းကိစ္စတွေကိုလည်း စိတ်ဝင်စားမှု မပြခဲ့ပေ။ သူ့စိတ်တွေက သခင့်ကို သနားကြင်နာမှုတွေနှင့် ချမ်းသာမှုတွေပေးချင်လာရသည်။ ဒါပေမယ့်လည်း ညီတာတွေဝေနေ၏။ မမကို ရက်ရက်စက်စက်စွန့်ပစ်ထားသော သခင့်အစ်ကိုရဲ့ လုပ်ရပ်ကို ခွင့်မလွှတ်နိုင်ပဲဖြစ်နေသည်။

"သား"

"ဖေဖေ"

"မင်းစီးပွားရေးတွေ အောင်မြင်နေပြီပဲ၊ သခင့်ကို ဒီလိုမထားပါနဲ့ကွာ၊ ဖေဖေက အကြောင်းမဟုတ်ပါဘူး၊ သခင်လေးကို ဒီလိုမြင်ရတာ ဖေဖေစိတ်မကောင်းလို့ပါ"

"ထားလိုက်ပါ ဖေဖေ"

"ညီတာ"

www.burmeseclassic.com

www.burmeseclassic.com



“ဖေဖေပဲ သားအတွက် အရေးကြီးပါတယ်၊ ဖေဖေ သုံးဖို့ငွေ . . .”

“မယူဘူး၊ ဖေဖေ မလိုအပ်ပါဘူး၊ သခင်လေးကို မင်းစောင့်ရှောက်ပါ. . .”

သူ ကုမ္ပဏီကို သွားဖို့ပြင်ဆင်နေသည်။ သခင်က စားသောက်ခန်းထဲမှာ ချက်ပြုတ်နေတာကို ဖေဖေက လုံးဝ မနှစ်သက်ပေ။ သခင့်ကို မရက်စက်ဖို့ပဲ ဖေဖေပြောနေသဖြင့် သူ ဥပေက္ခာပြုထားလိုက်သည်။

“သခင်က ပညာတတ်လေးပဲသား၊ မင်းအလုပ်မှာ ဝင်လုပ်ပါစေ သား၊ သခင့်ကို အစေအပါးတစ်ယောက်လို မထားပါနဲ့ . . .”

“ညီတာ ထားတာမှ မဟုတ်တာဘဲ ဖေဖေ”

“ညီတာ”

“သွားတော့မယ်”

“မင်း ဖေဖေ့စကားကို နားထောင်ပါ၊ သခင့်ကို သမီးလေး တစ်ယောက်လို ဖေဖေ သံယောဇဉ်တွယ်မိနေပြီ. . . စိတ်မကောင်းဘူးကွာ”

ညီတာ မနက်စာပင် မစားတော့ဘဲ အပြင်ထွက်ဖို့ ပြင်နေစဉ် . . . သခင်က မနက်စာ ထမင်းစားဖို့ပြောသည်။ သခင်နှုတ်ခမ်းလေးက ပြုံးနေ၏။ ညီတာ ဘယ်လိုပဲ ထား



ထား အပြုံးမပျက်ပဲ နေနိုင်တာကိုပင် ဖေဖေသံယောဇဉ်တွယ်ငြိနေတာဖြစ်နိုင်သည်။

“ညီတာ. . . မနက်စာစားပြီးမှ သွားပါနော်၊ သခင်ပြင်ထားပြီးပါပြီ. . .”

“ဟုတ်တယ်သား လာစားကြရအောင်၊ ဖေဖေလည်း သမီးလက်ရာကို ကြိုက်တယ်ဟေ့ . . .”

“စားပါ ဖေဖေ. . . သခင်ကြိုးစားထားတာလေ”

“အေးကွာ”

“ကျွန်တော်မစားတော့ဘူး ဖေဖေ”

“ဘာဖြစ်လို့လဲကွ”

“ကုမ္ပဏီမှာ အလုပ်တွေ အများကြီးရှိနေလို့ပါ၊ အိမ်မှာ ထမင်းစားဖို့ အချိန်မရှိဘူး”

ညီတာ အပြင်ကိုထွက်လာခဲ့သည်။ သူသခင့်အပေါ် ရက်စက်တာဆိုရင်လည်း မတတ်နိုင်တော့ပေ။ သူ့ကားကို အပ်ထားတဲ့ နေရာကနေယူပြီး မောင်းလာခဲ့သည်။ သခင်ရယ် . . မင်းကိုကိုယ် အဲဒီလိုမလုပ်ချင်ပါဘူးကွာ၊ ဒါပေမယ့် မင်းကိုချစ်ဖို့လည်း ကိုယ့်စိတ်တွေမလုံဘူး။ ညီတာ့ဘဝနှင့် ထပ်တူနေထိုင်ခဲ့သော သခင့်ကို ညီတာဇနီးမယားအရာမှာ လက်ခံသင့်နေပြီလား။ သူကုမ္ပဏီကိုရောက်တော့လည်း သခင့်ကို သတိရနေမိသလို မနက်စာစားပြီးမှ ထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင် ကောင်းသားလို့ တွေးမိနေပြန်သည်။

"ဆရာ"

"ဟင်"

"မနက်စာစားဖို့ ဆရာဘာမှ ယူမလာဘူးလားဟင်၊ အပြင်ကပဲ မှာစားမလားဟင်. . ."

ညီတာ့ လက်ထောက်စာရေးမလေး ဝင့်နဒီက ထမင်းဘူးလေးကိုင်ပြီး သူ့ကိုမေးမှ အသိဝင်လာသည်။ သူတမင် သခင်ထည့်ပေးတဲ့ ထမင်းဗူးကို မယူဘဲ အပြင်မှာ ဝယ်စားတတ်၏။ အခုတလော နဒီက သူ့ကို အရေးတယူနှင့် ကြင်နာယုယနေတတ်သည်။ ဒါပေမယ့် ခက်နေတာက သူ့ရင်ထဲမှာ သခင်ပဲ ထူးဆန်းစွာရှိနေခဲ့၏။ နဒီက ထမင်းဗူးလေးကို ထိုးပေးသည်။

"ဆရာ အပြင်မှာစားနေတာ မကြည့်ရက်လို့ နဒီ ထမင်းဗူးယူလာတာပါ. . ."

"ဟင်"

"ဆရာ ကြိုက်တတ်တဲ့ ဟင်းတွေကို နဒီကိုယ်တိုင် မေမေ့ဆီမှာ သင်ပြီး ချက်ထားတာပါနော်. . ."

နဒီကလည်း ပညာလည်းတော်ပြီး ရုပ်ရည်အိစက် ချောမောတဲ့ ကောင်မလေးဖြစ်သလို သူ့လုပ်ငန်းတွေမှာ လည်းထက်မြက်စွာ အကူအညီပေးနိုင်သည်။ ညီတာ့ဆီမှာ



အလုပ်ဝင်တာ မကြာသေးပေ။ ညီတာ့ကုမ္ပဏီအောင်မြင်ပြီး ကြီးကျယ်ခမ်းနားနေတာ သခင်မသိပေ။ သူက သခင့်ကို တဲအိမ်လေးထဲမှာပဲနေစေသည်။

"နဒီ ပြင်ပေးမယ်နော်၊ နေ့တိုင်း နဒီပဲ ထမင်းဗူး ယူလာပေးမှာမို့ ဆရာလက်ခံပေးရမယ်နော်. . ."

ညီတာ စဉ်းစားမိတာက နဒီကို အသုံးပြုပြီး သခင့်ကိုကွာရှင်းပြတ်ဆဲဖို့ပင်။ သူ့ဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော်အဖြစ် သခင့်ကို မရွေးချယ်လိုပေ။ ပြီးပြည့်စုံသော အချစ်တွေကို သခင့်ထံ ညီတာ ပေးအပ်နိုင်မှာမဟုတ်။ သခင့်ကိုကွာရှင်းလိုက်တာကမှ သခင့်အပေါ် ငဲ့ညှာ ထောက်ထားရာရောက်သည်ဟု သူထင်လာခဲ့သည်။

"ဆရာ"

"ဟင်"

"ဘယ်လိုလဲဟင်၊ နဒီ့ လက်ရာကောင်းရဲ့လား"

"အင်း ကောင်းတယ်၊ နဒီ ဘယ်ဆိုးလို့လဲ နဒီက အဖက်ဖက်က နေတော်နေတာပါပဲလားကွာ"

သူနှင့် နဒီ အသက်ချင်း အရမ်းကွာဟခြင်း မရှိပေမယ့် ညီတာကတော့ လူကြီးပုံစံနှင့်ပဲ ပြောဆိုဆက်ဆံသည်။ သူ့ကိုယ်ကျင့်တရားကို အထိပါးမခံနိုင်၍လည်းဖြစ်သည်။ သူတွေးနေတာ နဒီ့ကို အသုံးချဖို့ပဲ။ ညီတာ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်လို့ပါ ဖေဖေ။ သခင့်ကို သားချစ်လို့မရဘူး။ သခင့် အပေါ် သံယောဇဉ်တွယ်တာနေမိတာ ဝန်ခံပေမယ့် ညီတာ စိတ်တွေ မသန့်လို့ပါ။ နှလုံးသားနှစ်ပြီး ချစ်လို့မရဘူး။ သခင့် ကို ဒီထက်ပိုပြီး ချစ်လို့မရဘူး။ သခင့်ကို ဒို့ထက်ပိုပြီး မနှိပ် စက်ချင်လို့ပါ ဖေဖေ။ နဒီ ချက်လာတဲ့ဟင်းထက် သခင်ချက် ကျွေးတဲ့ ဟင်းတွေက ပို၍အရသာတွေ့သည်။

"ဆရာ ဘာတွေစဉ်းစားနေတာလဲ၊ ဟင်းကောင်း တယ်ပြောပြီး တကယ်စားမကောင်းဘူး မဟုတ်လား"

"နဒီ"

"ရှင်"

"ဆရာ တစ်ခုလောက် အကူအညီတောင်းချင်တယ် ပေးမလား . . ."

"ပြောပါ ဆရာ၊ နဒီ အတတ်နိုင်ဆုံး ကူညီမယ်လေ"

သူ့အစီအစဉ်ကို ပြောပြဖို့လည်း တွန့်ဆုတ်တွေဝေ နေသည်။ လူကြီးလူကောင်း မပီသရာရောက်နေ၏။ ညီတာ့ စိတ်တွေက မလုံပေ။ နဒီ ဘယ်လိုမြင်သွားမလဲ၊ သူ့အိမ် ထောင်ရေးအစဉ်မပြေတာလည်း လူတွေအားလုံးသိနေ သည်။

"ပြောလေ ဆရာ"

"နေပါစေတော့ကွာ သိပ်လည်း အရေးမကြီးပါဘူး၊



နောက်မှပြောမယ်လေ. . ."

"ဟုတ်ကဲ့ပါ ဆရာ၊ ဘယ်လို အကူအညီမျိုးပဲဖြစ် ဖြစ် ဆရာတောင်းလာရင် နဒီပေးပါ့မယ်. . ."

"ကျေးဇူးပဲ"

သူသခင့်လက်ရာကဲ့သို့ မကြိုက်နှစ်သော နဒီလက် ရာကို စားနေရင်း သခင့်လက်ရာကို တမ်းတမိသည်။ မင်း အရူးပဲ ညီတာ. . . နဒီ့ကိုလည်း အရောတဝင်နဲ့ ရင်းရင်းနှီး နှီးနေဖို့ မင်းစိတ်မပါဘူး မဟုတ်လား၊ မထူးတော့ပါဘူးကွာ သခင့်ကိုပဲ ချစ်ပစ်လိုက်ပါ၊ နဒီက သူ့ကိုထမင်းစားပြီး လက် ဖက်သုပ်လေးလာချပေးသည်။

"ထမင်း စားပြီး နဒီသုပ်ပေးတဲ့ လက်ဖက်လေးစား ပါနော်. . . ဆရာက အဲဒီလို စားတတ်တယ်လေ"

"မင်း ဘယ်တုန်းကများ ကြည့်ထားတာလဲကွာ၊ ကိုယ်က အပြင်မှာ စားတတ်တာပဲ. . ."

"အပြင်မှာ ဆရာစားတတ်တဲ့ အမူအကျင့်တွေနဲ့ ဆရာ ကြိုက်တတ်တာတွေရော နဒီ လိုက်လေ့လာထား တာလေ. . ."

သူရယ်သည်။ နဒီလည်း ပါးချိုင့်လေးပေါ် အောင် ပြုံးပြီး တငေးတမောလေး သူ့ကိုကြည့်နေ၏။ ဘယ်လိုလဲ ညီတာ ကောင်မလေးက မဆိုးပါဘူး။ အရမ်းလှတယ်၊ ညှာ

www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်၊ မင်းလုပ်ငန်းမှာလည်း ကူညီနိုင်တယ်လေ။

သူနာကျင်စွာ ထိုစိတ်ကူးအား ပယ်ချပစ်သည်။

"ညီတာ ထမင်းစားပြီးရင် လဖက်သုပ်စားတတ်တယ်နော်. . . သခင်ကြည့်ထားတာ၊ ကင်းတင်းမှာလည်း အမြဲတမ်းစားနေတတ်လို့လေ"

ဒုက္ခပါပဲကွာ. . . သူသတိရနေတာက သခင်ပဲဖြစ်နေတယ်။ နာကျည်းရွံမုန်းစရာကောင်းတဲ့ အသိုင်းအဝိုင်းထဲက သခင့်ကို သူလက်ထပ်ခဲ့တာ မမအတွက် ပြန်ပြီးနှိပ်စက်ညှင်းပန်းဖို့မဲ ဖြစ်နေသည်။

"ဆရာ"

"ဟင်"

"ညနေစာကိုလည်း ဆရာ့ကို နဒီကျွေးမယ်. . . ဒီနေ့ နဒီ့ မွေးနေ့လေ"

"ဟာကွာ စားရဦးမှာပဲ၊ ဆရာသမားကို ကျေးဇူးသိတတ်တဲ့ ကောင်မလေး"

"ဆရာ လိုက်စားမယ်ဆိုတော့ ဝမ်းသာလိုက်တာ အရမ်းပျော်သွားပြီ. . . နဒီအတွက် တန်ဖိုးကြီးမားဆုံးမွေးနေ့လက်ဆောင်ပါနော်. . ."

သူ ကုမ္ပဏီဝန်ထမ်း ကောင်မလေးတွေနှင့် အရောတဝင် မနေတတ်ခဲ့။ နဒီကတော့ သူ့ရဲ့ကိုယ်ရေးအရာရှိဖြစ်



နေ၍ ရင်းရင်းနှီးနှီးနေတာပဲရှိသည်။ နဒီ့ဖိတ်ကြားမှုကို သူလက်ခံလိုက်တာပဲ မရိုးသားမှုလား။ သခင့်ကို အထင်လွဲအောင်တွဲပြလိုတဲ့ ဆန္ဒတော့ရှိနေသည်။

"ညီတော့မှာ ချစ်ရမယ့် မိန်းကလေးရှိနေရင်လည်း ယူပါ. . . သခင်ကျေနပ်ပါတယ်နော်၊ သခင့်ကိုတော့ ကွာရှင်းပြတ်ဆဲဖို့ စကားဆက်မပြောပါနဲ့"

သခင်ရယ် . . . မင်းကို ထပ်ပြီး ကိုယ်နှိပ်စက်ညှင်းပန်းနေတာတွေ မလုပ်ချင်တော့လို့ပါ။ မင်းကိုလည်း ကိုယ်ချစ်လာနိုင်မှာမဟုတ်ဘူး။ မင်းမိဘတွေ အိမ်က မင်းအတွက် တပင်တိုင်မြနန်းပါပဲ။ သူ့ရဲ့စွမ်းအားနှင့် သခင့်ကို ချမ်းချမ်းသာသာထားနိုင်ပြီဖြစ်သော်လည်း သူ့အစ်မအားရက်စက်ထားတဲ့ ဆက်မော်ရဲ့ ညီမဆိုတာတော့ မေ့ဖျောက်ပစ်၍မရပေ။ ညစာကို နဒီနှင့် စားဖြစ်သည်။ နဒီအား ကားနှင့်ပြန်ပို့ပြီး ကားအပ်ကာ အိမ်ကိုပြန်လာခဲ့၏။ အိမ်မှာ သခင့်ကိုမတွေ့သဖြင့် သူထိတ်ကနဲ ပူပင်သွားရသည်။

"ဖေဖေ သခင်ရော"

"မင်း အစ်မကလေး မီးဖွားလို့လေ ဆေးရုံကိုလိုက်သွားတယ်. . ."

"ဟင်"

"သမီးဗိုက်နာလို့တဲ့ ဆေးရုံကြီးကို သွားကြတာ"

www.burmeseclassic.com

www.burmeseclassic.com



မမကို အကောင်းဆုံးအထူးကုဆေးခန်းတွေမှာ မွေးဖွားပေးနိုင်တဲ့ ငွေကြေးတွေ ညီတာ့မှာ ရှိနေသည်။ လူယုတ်မာတစ်ယောက်ရဲ့ သွေးသားဖြစ်နေသဖြင့် မမကိုပင် ညီတာ ဥပက္ခာပြုထားခဲ့၏။ မမအတွက် စိတ်ပူသွားသည်။

"သား လိုက်သွားမယ် ဖေဖေ၊ စိတ်အေးအေးထားပါ၊ မမအတွက် ဘာမှမပူပါနဲ့"

"မင်း ဥပက္ခာပြုမထားပါနဲ့ ညီတာ. . . ဆုံးရှုံးရတာက ကိုယ့်အစ်မပါကွာ. . ."

ဗဟိုအမျိုးသမီးဆေးရုံကြီးကို သူရောက်သွားတော့ သခင်က မွေးခန်းဝက ကော်ရစ်တာလေးမှာ ထိုင်နေသည်။

"သခင်"

"ညီတာ"

"မမရော"

"မွေးခန်းထဲဝင်သွားပြီး အရမ်းနာနေလို့ သခင်စိတ်ပူလိုက်ရတာ၊ မမကို အရမ်းသနားတာပဲ ညီတာရယ်"

မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်ဝဲနေသော သခင့်ရဲ့ စိတ်နှလုံးပြည့်ဝ ဖြူစင်မှုကို သူတွေ့လိုက်ရသည်။ ကားအကောင်းစားတွေ စီးပြီး သူဌေးသမီးလေး သခင်မှ ဟုတ်ရဲ့လားပဲ။ ဖေဖေက ပြောတော့ သခင် မနက်စာတောင်မစားရသေးဘူးတဲ့ မနက်ထဲကသွားတာတဲ့။ သူ



ကတော့ ငယ်ရွယ်ချောမောတဲ့ မိန်းကလေးတစ်ယောက်နဲ့ ညစာ အတူစားခဲ့သည်။ သခင့်ကို ကွာရှင်းပြတ်ဆဲဖို့ . . . ယောကျာ်းမပီသစွာ ကြံစည်အားထုတ်နေ၏။ သခင့်အား ညစာစားဖို့ လက်လေးကို ဆုတ်ကိုင်အားပေးဖို့ပင် ညီတာ တွေဝေစွာ မပြုလုပ်လိုပေ။ မင်းဗိုက်ဆာနေပြီလား သခင်၊ အစာမရှိရင် ခေါင်းမူးမယ် အားနည်းမယ်၊ တစ်ခုခုစားလိုက်နော်ဟုပဲ သူ့စိတ်က ရေရွတ်နေသည်။ လောကကြီးက ဘာကြီးလဲကွာ. . . သခင်က ငုတ်တုတ်လေးနှင့် ငြိမ်ငြိမ်သက်သက်လေးထိုင်နေ၏။ ညီတာပါဘေးမှဝင်ပြီး ရင်ထဲက စကားတွေအပြင်ကို ပွင့်အံထွက်ကျမလာပဲ ငြိမ်သက်နေသည်။

♠ ♠ ♠ ♠ ♠

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

မမညိုပြာက သားလေးမွေးတော့ ကိုကိုနှင့်ဆင်နေသဖြင့် ညီတာ့ မျက်နှာတင်းတင်းလေး ဖြစ်နေတာကိုတော့ သခင် သတိထားမိသည်။ ကိုကို့သားလေးပဲ ဝဝကစ်ကစ်လေးနှင့် အသားလေးက ဝင်းအိဖြူစင်နေပြီး ချစ်စရာကောင်းလွန်းနေ၏။ မမညိုပြာ ဆေးရုံကနေဆင်းတော့ ညီတာတို့ အိမ်လေးကိုပဲ ဆင်းလာသည်။

"ဖေဖေ ... သားကုမ္ပဏီမှာ တစ်လလောက် သွားနေမယ်၊ အလုပ်တွေက များမှာမို့ပါ"

ညီတာမမကို ရှောင်တာမဟုတ်လား။ ကိုကို့ရဲ့ သွေးကို ဒီလောက်အထိပဲ မုန်းနေလား ညီတာရယ်... ဖေဖေက ဘာမှ မပြောပေ။ သခင့်ကိုတော့ အဖက်လုပ်ပြီးတော့ပင်မပြော။ ညီတာ ကျေနပ်ရင် သခင်ကျေနပ်တာပါပဲလေ... ညီတာနေချင်သလိုနေပါ။ မမကတော့ သခင့်ကို အားနာနေသည်။

"သခင်ရယ် ပြန်ပါ၊ မမတောင်းပန်ပါတယ်... ညီတာ့လို နှလုံးသားမရှိတဲ့ လူတစ်ယောက်ဆီကနေ ဘာမှ



မျှော်လင့်မနေပါနဲ့တော့"

"အရင်ကတော့ ညီတာ့ကိုချစ်လို့ သခင်နေတာပါ အခုတော့ တူလေးကိုပါချစ်လို့ သခင်ဘယ်မှ ထွက်သွားလို့ မဖြစ်တော့ဘူးလေ..."

"သခင်ရယ်"

"သခင်နေရတာ ပျော်ပါတယ် မမ၊ အသားကျနေပါပြီနော်..."

'သခင်လေးက တကယ့်ကို နုနုဖတ်ဖတ်လေးနဲ့ ချစ်စရာလေးပါကွယ်... ညီတာရဲ့ နာကျည်းမှုတွေကို ဘယ်လိုမှ ဖျောက်ဖျက်လို့မရနိုင်ဘူးဆိုတာ မမသိနေတယ်၊ သခင့်ကို သနားတယ် ကြည့်လေ ...ကိုယ့်တူလေးကို တောင်စေ့စေ့မကြည့်ဘူး"

"ညီတာ့ နှလုံးသားတွေက ဒီလောက်အထိ မရက်စက်မစိမ်းကားဘူးဆိုတာ သခင်သိပါတယ်မမ၊ အချိန်လေးပဲလိုအပ်တာပါ... သူလေ သခင့်ကို ချစ်လာမှာပါမမရယ်"

တစ်ခါတစ်လေ ညီတာက သခင့်အား အရှုံးအမူး ပွေ့ဖက်တာတွေ၊ သခင်အိပ်နေတယ်ထင်ပြီး တိတ်တဆိတ်လေးနမ်းရှိုက်တာတွေ သခင်ကြုံတွေ့ခဲ့တာပဲ။ သခင်မျှော်လင့်နေသည်။ အခုတော့ ချစ်စရာကောင်းလွန်းတဲ့ တူလေးကြောင့် သခင်ဒီကနေ ထွက်သွားဖို့ဆိုတာ မဖြစ်နိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး မဟုတ်လား။ အိမ်မှုကိစ္စနှင့် တူလေးကိစ္စတွေပြီးတော့ သခင်အိပ်ခန်းလေးထဲ ပြန်ဝင်လာခဲ့သည်။ အိပ်ယာလေးပေါ်လှဲအိပ်ရင်း ညီတာမရှိတော့လည်း လွမ်းဆွတ်တမ်းတစိတ်တွေနှင့် ဟာတာတာကြီးဖြစ်နေသည်။ မာမီ့ကိုလည်း သတိရတယ်။ ကိုကို့ရဲ့ ရက်စက်မှုတွေ အတွက်လည်း သခင်မုန်းတီး နာကျည်းနေရ၏။ အပြစ်မဲ့တဲ့ ကလေးအပေါ်မှာပင်တာဝန်မဲ့လွန်းနေသည် ဟုထင်သည်။

"ဟင်"

မထင်မှတ်ပဲနှင့် သခင်အိပ်တဲ့ခေါင်းအုံးအောက်မှ တီးလုံးသံလေးထွက်လာသဖြင့် သခင်ခေါင်းအုံးကို မကြည့်တော့ အဖြူရောင် ဆွတ်ဆွတ် ဟမ်းဖုန်းလေးဖြစ်နေသည်။ ညီတာကျန်ခဲ့တာထင်တယ်။ အခုတလော ညီတာရဲ့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လာတာတော့ သခင်ရိပ်မိနေ၏။ ဟမ်းဖုန်းလေးကို ဖွင့်ကြည့်လိုက်တော့ ညီတာဖြစ်နေသည်။

"သခင်. . . မင်း သခင်လား၊ ကိုယ်အရမ်းစိတ်ညစ်နေတယ်ကွ၊ ကိုယ့်အစ်မက မွေးတဲ့ ကလေးက မင်းအစ်ကိုနဲ့ ဘာဖြစ်လို့ ချွတ်စွပ်တူနေရတာလဲ. . . "

"ညီတာ"

"ဘာညီတာလဲ မင်းအသံလည်း ငါမကြားချင်ဘူး၊



မင်းပြန်ပါ မင်းအိမ်မင်းပြန်လေ၊ ငါ့အနားမှာ တွယ်ကပ်နေတာ ငါအရမ်းမုန်းတာပဲ. . . "

ဖုန်းထဲကနေ ပြောနေတဲ့ ညီတာ့ အသံတွေက အတော်လေးမူးယစ်နေပုံပင်. . . အာလေး လျှာလေးကြီးဖြစ်နေသည်။ ပြီးတော့ ညီတာ အနားမှာကောင်မလေးတစ်ယောက်ရှိနေ၏။ ဆရာ အရမ်းမသောက်ပါနဲ့တဲ့။ သတိထားပါဦးနော်တဲ့။ ချိုအီအီအသံလေးနှင့် ချော့မော့ပြောဆိုနေသည်။

"နဒီ မင်းကိုယ့်အနားမှာ ရှိနေတာကောင်းတယ်၊ ကိုယ် အရက်မသောက်ဖို့တော့ မတားပါနဲ့၊ ကိုယ့်ရင်ထဲမှာ အရမ်းမွန်းကြပ်နေလို့ပါ"

"ဆရာ ဖုန်းပိတ်လိုက်တော့နော်. . . နဒီတောင်းပန်ပါတယ်. . . ဆရာ့ နှလုံးသားခံစားချက်တွေကို နဒီနားလည်ပါတယ်. . . ဆရာ သောက်နေတာအရမ်းများနေပြီ"

သူမက ဘယ်သူလဲ ညီတာ့ချစ်သူလား ဟမ်းဖုန်းလေးကို သခင် တင်းကြပ်စွာ ဆုတ်ကိုင်ထားမိသည်။

"သခင်. . . ဟေ့ သခင် မင်းနားထောင်နေလား၊ ကိုယ်ဘေးနားမှာ ကောင်မလေးတစ်ယောက်ရှိတယ်၊ ဝင့်နဒီတဲ့ အရမ်းချောတယ်၊ ကိုယ့်ကိုလည်း အရမ်းပြုစုတယ်၊ မင်းကျေနပ်တယ် မဟုတ်လား သခင်. . . "

www.burmeseclassic.com

www.burmeseclassic.com



"သခင် ကျေနပ်ပါတယ် ညီတာ. . . သခင်ပြောထားပြီးပြီပဲ. . . ညီတာပျော်သလိုနေပါလို့ အရက်တွေတော့ အရမ်းမသောက်ပါနဲ့ ညီတာ ဘယ်တုန်းကများ သောက်ဖူးလို့လဲ. . ."

"ဟုတ်တယ်. . . ငါအရမ်းစိတ်ညစ်နေလို့ ငါ့အစ်မမွေးတဲ့ ကလေးက မင်းအစ်ကို လူယုတ်မာနဲ့တူနေလို့လေ၊ အဲ့ဒီအချက်ကို ငါလုံးဝ လက်မခံနိုင်ဘူးကွ. . ."

အနားမှာ ဝင့်နဒီဆိုတဲ့ ကောင်မလေးရဲ့ ချော့မြှူပြောဆိုသံတွေကို သခင်ကြားနေရသည်။ သခင်ဖုန်းကို ပိတ်ပစ်လိုက်သည်။ သခင်ဆက်ပြီး မကြားချင်တော့လို့ပါ။ ညီတာ ကောင်မလေးတစ်ယောက်နဲ့ ရှိနေတာ သခင်ကျေနပ်ပေမယ့် သခင့်နှလုံးသားတွေထဲမှာ နာကျင်ကြေကွဲလာရသည်။ သူမ မျက်ဝန်းတွေက မျက်ရည်တွေ ပြည့်လာ၏။ ညီတာ့ကိုရက်စက်လိုက်တာလို့ သခင်မပြောချင်ပါဘူး၊ ညီတာလည်း ဘယ်လောက်အထိနာကျည်းခံပြင်းနေမလဲဆိုတာ သခင်သိနေပါတယ်လေ. . . ကိုကိုက ယုတ်မာခဲ့တာပဲ။ တစ်ဖက်မှာ ဖေဖေနှင့် မီးဖွားထားကာစ မမညို့ပြာရှိနေ၍ သခင်အသံထွက်အောင်မငိုပဲ ကြိတ်၍သာငိုပစ်မိသည်။ မျက်ရည်တွေက သူမပါးပြင်လေးပေါ် လိမ့်ဆင်းကျလာ၏။ သခင်ပြန်ရမှာလား။ ချစ်ရမယ့်ကောင်မလေးရှိနေရင်လည်း



အဲ့ဒီကောင်မလေးနဲ့ပဲနေပါနော်. . . သခင်ကျေနပ်ပါတယ်။ မျက်ဝန်းတွေထဲက မျက်ရည်တွေသာ စီးကျလာသည်။

"ညီတာရယ်. . . သခင် တူလေးကိုလည်း မခွဲနိုင်တော့ဘူး၊ သခင်ဒီအိမ်လေးမှာပဲ နေပါ့မယ်၊ ညီတာ့ ဆန္ဒတွေအတိုင်းသာနေပါနော်. . . သခင်ကျေနပ်ပါတယ်လေ"

သခင်အိပ်ဖို့ ကြိုးစားနေပေမယ့် မျက်လုံးတွေက ကြောင်စီနေသည်။ ညီတာ့အနားမှာ ကောင်မလေးတစ်ယောက်ရှိနေပါလားဆိုတဲ့ အတွေးက သခင့်စိတ်တွေကို ပူလောင်နာကျင်နေ၏။ သခင့်မှာတားဆီးပိုင်ခွင့် မရှိဘူးဆိုတာလည်းသိနေသည်။

"ညီတာ့ သဘောပါပဲ၊ ညီတာ ပျော်သလိုနေပါ. . . ညီတာ့အနားမှာရှိနေတဲ့ ကောင်မလေးက ညီတာ့ကိုချစ်နေမယ်ဆိုရင်လည်း သခင်ပျော်ပါတယ်. . ."

ဖေဖေနှင့်မမကို ပြုစုဖို့အတွက် သခင်အားအင်တွေရှိမှဖြစ်မည်။ ညီတာ့ ဇနီးမယားတစ်ယောက် အဖြစ်ကနေ ရုန်းထွက်ဖို့ သခင်ကြိုးစားမှာ မဟုတ်ပေ။ သခင်အိပ်စက်နိုင်အောင်ပဲ ကြိုးစားနေမိသည်။ မျက်ဝန်းတွေကို မှိတ်ထားပေမယ့်လည်း မျက်ရည်တွေက လိမ့်ကျလာနေဆဲပင်။ သူမ ဟမ်းဖုန်းလေးကို ပြန်ဖွင့်ကြည့်တော့ ညီတာ့ ဖုန်းက ပိတ်သွားပြီဖြစ်သည်။ အိပ်တာပဲကောင်းပါတယ်လေ။ သူမ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွား၏။ သခင်နေတတ်နေသည်။

ညီတာလည်း အရက်တွေ အလွန်အကျွံသောက်ပြီး အိပ်ပျော်သွားရာမှ ပြန်နိုးလာတော့ သူ့အနားမှာ နဒီအိပ်နေတာတွေ့ရတော့ အထိတ်တလန့် ဖြစ်သွားရသည်။ သူညက အလွန်အကျွံ သောက်မိသွား၏။ ဘာတွေဖြစ်ကုန်ပြီလည်း နဒီ ဘာဖြစ်လို့ မပြန်ရတာလဲ။ မမကလေးက သခင့်အကိုနှင့် ချုတ်စွပ်တူလွန်းနေ၍ သူစိတ်တိုင်းမကျဖြစ်ကာ အိပ်ကနေ ထွက်လာခဲ့ပြီး ကုမ္ပဏီမှာပဲနေသည်။ ဒါပေမယ့် သူ့သခင့်ကို အရမ်းသတိရနေခဲ့၏။ ဟမ်းဖုန်းကို တမင်ထားခဲ့တာပါ။ တစ်ခါတစ်ရံ သခင့်အသံကြားချင်လာလျှင် နားထောင်နိုင်ရန်ဖြစ်သည်။

"ဟင် . . . ဆရာ နိုးပြီလား၊ ညက အရမ်းများသွားလို့ နဒီစိတ်မချလို့လေ. . ."

"မင်း မင်း နဒီ၊ ဘာဖြစ်လို့ မပြန်ရတာလဲ၊ ဒုက္ခပါပဲကွာ. . : ကိုယ့်အခန်းထဲမှာ မင်းဘာဖြစ်လို့ရှိနေရတာလဲ"

"စိတ်မပူပါနဲ့ ဆရာ၊ နဒီက စိတ်ပူလို့ပါ၊ ဒါပေမယ့် ဆရာက ကိုယ်ကျင့်တရားကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါနော်. . ."

တော်သေးတာပေါ့ . . . သူနှင့် နဒီဘာမှ မငြိစွန်းခဲ့ကြလို့ နဒီကလည်း ရိုးသားစွာပြောနေခဲ့သည်။ သူကုမ္ပဏီ



ရုံးခန်းထဲမှာ နဒီရှိနေတာတော့ သူ့စိတ်တွေမလုံမလဲဖြစ်ရ၏။ ကုမ္ပဏီဝန်ထမ်းတွေ သိသွားမှာလည်း စိတ်ပူပင်လာရသည်။

"ဆရာ စိတ်မပူပါနဲ့ နဒီပြန်မှာပါ. . . ပတ်ဝန်းကျင်က လူတွေ သိစရာလည်း အကြောင်းမရှိပါဘူး၊ ဆရာ့ကို နဒီအရမ်းလေးစားလို့ပါနော်. . ."

"မင်း ပြန်ပါ. . . နဒီ၊ ကိုယ်လိုက်ပို့ပေးမယ်၊ အခုမှ ညဆယ်နာရီပဲ ရှိသေးတယ်၊ လိုက်ပို့ပေးမယ်. . . ကိုယ်တောင်းပန်ပါတယ် နဒီ၊ ညက ကိုယ်အရမ်းစိတ်ညစ်ပြီး သောက်တာများသွားတယ်"

"ဆရာက သတိတော့ရှိပါတယ်နော်၊ အဟဲ့ . . . နဒီတစ်ခုမေးမယ် အမှန်အတိုင်းပဲဖြေပါ"

"မေး"

နဒီ့ကိုပြန်ပို့ဖို့ အတွက် သူလိုက်တော့ အမူးကမပြေချင်သေးပေ။ သူတစ်ညလုံး ဒီအခန်းထဲမှာ နဒီနှင့်အတူရှိ●နေတာပဲ ကံကောင်းသွားသည်။ သူ့ကိုယ်ကျင့်တရားကို နဲနဲလေးမှ အထိပါးမခံနိုင်၍ဖြစ်၏။ နဒီက သူ့ကိုပြုံးပြီး ကြည့်သည်။

"ဆရာက ဆရာ့ ဇနီးကို မုန်းနေတာလား၊ ချစ်နေတာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လည်း နဒီ၊ မင်းကရော ဘယ်လိုထင်လဲ”

“ချစ်နေတယ်လို့ ထင်တာပါ”

“ဟင်”

“ဆရာ့ ဇနီးကို မုန်းနေတယ်ဆိုရင်၊ ဆရာဒီလောက် အထိခံစားကြေကွဲနေမှာ မဟုတ်ပါဘူး၊ ချစ်နေတာပါ. . . ပြီးတော့ အရမ်းမူးပြီး ဆရာ့ဇနီး နာမည်ကိုပဲ တမ်းတနေတာလေ. . . .”

သူဘာမှ ဆက်မပြောနိုင်တော့ပဲ နဒီကို ပြန်ပို့ပေးဖို့ပဲ ကားဆီလျှောက်လာခဲ့သည်။ နဒီက ရိုးတော့ရိုးသားတယ်. . . သူ့ကို အခက်တွေ့အောင်မလုပ်ခဲ့။ စိတ်သက်သာစေမယ့် စကားတွေကိုသာပြောနေခဲ့သည်။

“ဆရာရယ် ကိုယ့်စိတ်ကို ဒုက္ခမပေးပါနဲ့၊ ဆရာက အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်ပါနော်. . . မမသခင်ကိုလည်း အရမ်းချစ်နေတာပါ၊ ဆရာ့ဇနီးမမသခင်က အရမ်းချောတယ်ဆို. . .”

“အင်း . . . ဟုတ်မယ်ထင်တာပဲ နဒီ၊ မင်းပြောတာတွေဖြစ်နိုင်တယ်၊ ကျေးဇူးပါပဲ နဒီ. . . ကိုယ့်ကို အမြင်မှန်ရစေလို့ . . .”

သူမရယ်နေသည်။ မင်းက အရမ်းတော်တဲ့ ကိုယ့်ရဲ့ အတွင်းရေးမှူးမလေးပါ နဒီ၊ ကိုယ်က ဝန်ထမ်းတွေ



အပေါ်မှာ ရိုးသားဖြူစင်စွာ နေထိုင်ဆက်ဆံချင်သူပါ။ ဟုတ်မယ်ထင်တာပဲ ကိုယ့်ဇနီး သခင်က လွဲပြီး တခြားမိန်းကလေးတစ်ယောက်အပေါ် မရိုးမသားစိတ်တွေ ကိုယ်ခံစားလို့မရဘူး။ ညဆယ်နာရီကျော်နေ၍ လူကြီးမိဘတွေကို သူကိုယ်တိုင်တောင်းပန် စကားပြောမိသည်။

“ဆရာ”

“ဟင်”

“ဆရာ ဘေးနားမှာ ကောင်မလေးတစ်ယောက်ရှိနေတာ မမသခင်သိသွားတာနော်. . .”

“ဟုတ်သားပဲ”

“ပြန်ပြီးဖြေရှင်းလိုက်ဦးနော် . . . အခုလောက်ဆိုရင် မမသခင် အရမ်းစိတ်ပူပြီး စိတ်ထိခိုက်နေမှာ. . .”

သူရယ်မောရင်း ပြန်ထွက်လာခဲ့သည်။ ဟုတ်သားပဲ သူမူးမူးနှင့် ဖုန်းပြောတော့ နဒီ့အသံက ဖုန်းခွက်ထဲကနေ သခင်ကြားမှာပါပဲ. . . သူ ဟမ်းဖုန်းကို တမင်ထားခဲ့တာပါ။ သခင်ကျေနပ်မှာလား၊ စိတ်ထိခိုက်ကြေကွဲမှုတွေပဲ ခံစားနေပြီလား . . . သခင်သူ့ကို စိတ်နာကျည်းသွားပြီလား. . . သခင့်ကို တွေ့ချင်လာသည်။

“ညီတာ ပျော်သလိုနေပါ. . . ညီတာ့ ဆန္ဒအတိုင်းပဲနေပါနော်. . . ညီတာ ချစ်မြတ်နိုးတဲ့ ကောင်မလေးတွေ့

www.burmeseclassic.com

www.burmeseclassic.com



ရင်လည်းထပ်ယူပါ။ သခင့်ကိုတော့ ကွာရှင်းပြတ်ဆဲဖို့ စကားတွေမပြောပါနဲ့နော်. . .”

သူ နဒီကိုပြန်ပို့ပြီး ကားမောင်းရင်း သခင့်ကိုတွေ့ချင်လာသည်။ အိမ်ပဲပြန်သွားရင်ကောင်းမလား၊ သခင်ငိုနေမလားပဲ. . . သခင်က သူ့ကိုအရမ်းချစ်တာ. . . သူအသိဆုံးပင် အပြစ်ကင်းမဲ့စွာ သူ့ကို ချစ်မြတ်နိုးသော မိန်းကလေးတစ်ယောက်အပေါ် သူရက်စက်ရာရောက်နေသည်။

“ဆရာက ဆရာ့ ဇနီးကို ချစ်နေတာပါ. . . အမူးလွန်ပြီး ဆရာ့ဇနီးနာမည်ကို တမ်းတနေတာလေ. . . အရမ်းချစ်နေလို့ပေါ့”

နဒီပြောသလိုပဲ သခင့်ကို သူချစ်နေမိပြီလား။ မင်းရဲ့ အပြစ်ကင်းစင်မှုနှင့် အချစ်တွေကိုတော့ ကိုယ်အသိအမှတ်ပြုပါတယ် သခင်ရယ်. . . ဒါပေမယ့် မင်းအကိုရဲ့ ရက်စက်ယုတ်မာမှုတွေကိုတော့ ကိုယ်အရမ်းမုန်းတီးရွံရှာနေတယ်။ မင်းအကိုနဲ့ တူလွန်းတဲ့ ကိုယ့်တူကိုတောင် ကိုယ်မကြည့်ချင်ဘူး၊ သူမှားနေပြီလား . . . မမကိုလည်း ဥပက္ခာပြုထားတာကြာပြီပဲ. . . သူ ကုမ္ပဏီရုံးခန်းကို ပြန်လာခဲ့သည်။

♠ ♠ ♠ ♠ ♠

## အခန်း( ၂၃ )

“သခင် နေမကောင်းဘူးလား၊ ညီမလေး မျက်နှာလေး အစ်နေသလိုပဲ. . . ငိုထားလားကွယ်”

“ဟင့်အင်း သခင်ဘာမှ မဖြစ်ပါဘူး၊ ညကတော့ နည်းနည်းလေးငိုမိတယ်. . . ညီတော့ကို လွမ်းလို့လေ. . .”

“သခင်ရယ်”

“မမရယ် သခင်ဘာမှ မဖြစ်ပါဘူး၊ ရပါတယ်. . . ညီတော့ကိုလည်း သခင်နားလည်ပါတယ်နော်. . .”

“ကလေးယူလေ သခင်”

“ဟင့်အင်း”

“ဘာဖြစ်လို့လဲ ညီတာကြောင့်လား”

“သခင့်ရင်သွေးလေး ကို သူ့အဖေက မုန်းတီးပြီး လက်မခံမှာကို သခင် မလိုလားလို့ပါ”

သခင်ငိုချင်လာသည်။ ကိုကိုကြောင့်ပါ။ ညီတာက တော်ပြီး ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်မဟုတ်လား။ ညီတာ လုပ်ငန်းတွေ အောင်မြင်နေ၏။ ဖေဖေ့ကို ငွေတွေ ပေးထားသဖြင့် ဖေဖေက သခင့်ကိုပေးသည်။ သခင်မယူ

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဘာဖြစ်လို့လဲဆိုတော့ သခင်မယူချင်လို့ပါ၊ ဖေဖေနဲ့ မမညိုပြာရဲ့ သံယောဇဉ်တွေကို ရပေမယ့် . . . ညီတာ့ သံယောဇဉ်ကိုတော့ မရနိုင်တော့ဘူးလား။ ဝင့်နဒီဆိုတဲ့ အတွင်းရေးမှူးမလေးကို ညီတာချစ်မြတ်နိုးနေပြီလား။ မမ ညိုပြာစိတ်မကောင်းဖြစ်မှာစိုး၍ သခင်ရယ်မောနေသည်။

"မမ တူလေးက အရမ်းချစ်စရာကောင်းတယ်နော်၊ ဖြူဖြူဝဝလေး အရမ်းချောတာပဲ"

တူလေး စစ်နိုင်က ကိုကိုနှင့်တူနေသောကြောင့် ညီတာရော၊ ဖေဖေရောက သိပ်မချစ်ပေ။ ကံဆိုးတာလား တူလေးရယ်. . . ဘာပဲဖြစ်ဖြစ်တီတီလေးကတော့ အရမ်း ချစ်တယ်။ မင်းဖေဖေရဲ့ ရက်စက်မှုနဲ့ တာဝန်မဲ့မှုကိုတော့ တီတီ သခင်တောင်းပန်ပါတယ်။ တူလေးရဲ့ ဝေယျာဝစ္စတွေ ကိုတော့ သခင်ပဲလုပ်ပေးသည်။

"မမ တူလေးကို ကာကွယ်ဆေးထိုးဖို့ သခင် တစ်ယောက်ထဲပဲ သွားလိုက်တော့မယ်နော် မမ"

"အေး အေး"

မမညိုပြာက ဗိုက်ခွဲထားရ၍ သခင်ပဲ ဝိုင်းလုပ်ပေး နေရသည်။ ဒီနေ့ ဆေးခန်းမှာ တူလေးအား ကာကွယ်ဆေး သွားထိုးပေးရမည်။ သခင်ပဲ ပြင်ဆင်ပြီး အငှားကားနဲ့ ထွက် လာခဲ့သည်။ အပြန်တွင် သခင်ကားငှားမည်လုပ်တော့ အငှား



ကားတစ်စီးက သူမရှေ့မှာ ဝင်ရပ်လာပြီး ကားထဲမှာ ကိုကို ထိုင်နေသည်။

"ဟင် ကိုကို"

"သခင်. . . ဒီကလေးက"

"ဟုတ်တယ် . . . ကိုကို့ သားလေ၊ ကြည့်ပါဦး ကိုကိုနဲ့ အရမ်းတူလိုက်တာ. . ."

ဆက်မော်မျက်လုံးတွေက ကလေးဆီရောက်သွား သည်။ သူ့ရဲ့မုန်းပြီး အသိအမှတ်မပြုတဲ့ သားလေးက ချစ် စရာဝဝကစ်ကစ် ဖြူဖြူဖွေးဖွေးလေး၊ သူနှင့် အတော်လေး တူနေသည်။

"ကိုကိုကားရော . . . အငှားကားကြီးနဲ့ပါလား၊ အရက်တွေ အရမ်းသောက်နေလားဟင် ကိုကို"

"သခင်ရော . . . ညီညီတာ အရမ်းအောင်မြင်ပြီး ချမ်းသာနေတာ ညီမလေးကို ပစ်ပယ်ထားတာပဲလား ဟင်. . . အင်းလေ ဒီလိုပဲဖြစ်မှာပေါ့။ ကိုကိုကလည်း သူ့ အစ်မကို ပစ်ပယ်ခဲ့တာပဲလေ. . ."

ဆက်မော်နောင်တ တွေရနေမိသည်။ ညိုပြာ့အ ပေါ် မတရားအနိုင်ကျင့်ခဲ့မိ၍ သူ့ကိုလည်း မြိုင်က အနိုင်ကျင့် ရက်စက်နေသည်။ မာမီ ရောပဲ. . . သူတို့ ပိုင်ဆိုင်ခွင့် အား လုံးမြိုင် အပိုင်စီးသွားပြီ။ ညိုပြာနဲ့ တစ်ခြားစီပဲ။ သူ့ကိုချစ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတဲ့ ညီပြာ့အပေါ် မတရား အနိုင်ကျင့် ညှင်းပန်းနှိပ်စက်မိခဲ့တာတွေအတွက် သူရော မာမီရော ပေးဆပ်နေကြရပြီဖြစ်သည်။

"ကလေးကို ကိုကိုခဏလောက် ချီကြည့်ချင်တယ် ညီမလေး"

"ချီလေ ကိုကို. . . ဘာပဲဖြစ်ဖြစ် ကိုကို့သွေးသားပဲ၊ မုန်းစရာမဟုတ်ပါဘူး"

"ကိုကို နောင်တတွေ ရနေပါပြီကွာ ကိုကိုမှားတယ်၊ အခုညီမလေးခံနေရပြီပဲ. . . ညီညီတော့မှာလည်း အပြစ်မရှိပါဘူး၊ ကိုကိုက သူ့အစ်မအပေါ် မတရားလုပ်ခဲ့တာပဲလေ"

"ကိုကို"

ကိုကိုဆီကနေ နောင်တစကားတွေကြား၍ သခင်ဝမ်းသာလွန်း၍ မျက်ရည်တွေပင် ပြည့်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် တူလေးကိုတော့ ကိုကိုအသိအမှတ်ပြုစေချင်မိ၏။ သခင်ဝမ်းသာလိုက်တာ။ ကိုကိုက တူလေးအားပွေ့ဖက်နမ်းရှိုက်နေတဲ့ မြင်ကွင်းကြောင့် သခင်မျက်ရည်တွေဝိုင်းလာသည်။

"ကိုကို"

"ဟင်"



"ကားရော. . . မာမီရောနေကောင်းရဲ့လားဟင်"

"သခင်"

"ရှင်"

"မြိုင့်ကို လက်ထပ်လိုက်တာ ကိုကိုမှားသွားပြီ၊ ကိုကိုရော မာမီရော ပိုင်ဆိုင်ခွင့်တွေဘာတစ်ခုမှ မရှိတော့ဘူး၊ မာမီလည်း အိပ်ယာပေါ်မှာလဲနေတယ်. . . နောက်တစ်ပတ်မှာ မာမီ ရိပ်သာမှာ သွားနေတော့မယ်"

"ဘာဖြစ်လို့လဲ ကိုကို. . . မာမီ့မှာ ပစ္စည်းတွေ အများကြီးပဲဟာ. . ."

"မြိုင် အားလုံး အပိုင်စီးသွားပြီ. . . ကိုကိုမကောင်းလို့ပါကွာ. . . အားလုံး ကိုကို့အမှားတွေပါပဲ"

"ဖြစ်မှဖြစ်ရလေ ကိုကိုရယ်"

"ညီပြာ့ကိုလည်းတောင်းပန်ချင်တယ်၊ ဒါပေမယ့် ကိုကို့မှာ အခွင့်အရေးမရှိပါဘူး"

"မမညီပြာကို ဒုက္ခမပေးပါနဲ့ ကိုကို၊ သခင်တောင်းပန်ပါတယ်၊ ကိုကို့ဇနီးမြိုင်က လာပြီးဆဲဆိုရင် ပြဿနာဖြစ်မှာပါ. . ."

"ညီမလေး"

"ရှင်"

"မာမီနဲ့ ကိုကိုအခု မြိုင်နဲ့ ကွာရှင်းပြီး အိမ်ခန်းလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းငှားနေကြတယ်လေ”

“ဟင်”

“ကိုကို့ကို မိန်းကလေးတွေနဲ့ မျှားပြီး အကွက်ဆင်ပြီး အပြစ်ရှာတယ်. . . . ပြီးတော့ မြိုင်က သူဌေးသမီး မဟုတ်ဘူး၊ အမွေလည်း မဆိုင်ဘူး၊ တူမကို ခေါ်ထားတာပဲ”

“ဘာပြောတယ် ကိုကို”

“ထားလိုက်ပါတော့ဟာ ကိုကို့အတွက် အရက်သမားကြီး ဘဝနဲ့ငှားနေတဲ့ တိုက်ခန်းလေးပဲ ကျန်ခဲ့တာပါ၊ မာမီကလည်း ရှက်လွန်းလို့ နောင်တတွေနဲ့ ရိပ်သာမှာပဲ သွားနေတော့မယ်တဲ့”

“ကိုကိုရယ်”

“ညီပြာ့ကိုတောင်းပန်ချင်တယ်၊ ကိုကို့သားလေးကို စောင့်ရှောက်ချင်တယ်၊ မာမီ့ကိုလည်းပြချင်တယ်”

“မာမီ့ဆီ သခင်သွားမယ်၊ မြေးလေးကိုပြရမှာပဲလေ၊ ကိုကိုဘယ်မှာနေလဲ လိပ်စာပေးပါ. . .”

“မဖြစ်ဘူးထင်တယ် သခင်၊ ထားလိုက်ပါတော့ဟာ၊ ညီတာက လက်ခံမှာ မဟုတ်ဘူး၊တော်ကြာ ညီပြာနဲ့ ကိုကို သားလေးမှာ ညီတာရဲ့ စောင့်ရှောက်မှုကင်းမဲ့သွားနိုင်တယ်”

ဆက်မော်ကတော့ သားကို ညီတာပဲစောင့်ရှောက်စေလိုသည်။ သူက အရက်သမား စွဲနေပြီ. . . ဘာမှလည်း



မရှိဘူး။ စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ ငွေအရင်းအနှီးက မရှိ။ သားကိုလည်း ဖခင်တစ်ယောက်အနေနှင့် စောင့်ရှောက်နိုင်စွမ်းမရှိပေ။ သူနှင့်တူလွန်းတဲ့ သားလေးအတွက် ဆက်မော်ရင်ကွဲမတတ် ခံစားနေရသည်။

“ကိုကို့နောင်တတွေက ဘာလုပ်လို့ရတော့မှာလဲ၊ သားကိုလည်း သားကိုလည်း စောင့်ရှောက်နိုင်တော့မှာ မဟုတ်ဘူး၊ ညီတာပဲ စောင့်ရှောက်ပေးနိုင်မှာပါ၊ ကိုကိုနဲ့ တူလွန်းတဲ့ သားကိုတောင်မုန်းနေမလားပဲ”

ကိုကို့ကို ကြည့်ရတာ ပိန်ချုံးပြီး ကျန်းမာရေး မကောင်းပုံပင်။ မာမီရော. . . ဖြစ်မှ ဖြစ်ရလေ၊ မြိုင်ဆိုတဲ့ မိန်းကလေးနှင့် တွေ့ပြီး ကိုကိုနဲ့ မာမီ ဒုက္ခရောက်ရသည်။ ညီတာရော မမညီပြာရော အစဉ်ပြေနေကြ၏။ မမညီပြာ လည်း စီးပွားရေးလုပ်ငန်းတွေ ပြန်လုပ်တော့မယ်။ မာမီ့ အတွက်ပဲ သခင်စိတ်ထိခိုက်ရသည်။

“သခင် သွားတော့၊ ကိုကိုတို့နေတဲ့ လိပ်စာတော့ ယူထားပါ၊ ဒါပေမယ့် မလာခဲ့နဲ့၊ ညီတာ မကြိုက်တဲ့ အလုပ်တွေကို ဘာမှ မလုပ်နဲ့နော် ညီမလေး”

ညီတာက သားကို စောင့်ရှောက်မှာ ဆိုတော့ ဖခင်တစ်ယောက်အနေနှင့် စိတ်ပူမိသည်။ သားကို အားပါးတရ နမ်းပြီး ဆက်မော်ပြန်လာခဲ့၏။ သူ့ရဲ့မောက်မာထော[illegible]သွား

www.burmeseclassic.com

www.burmeseclassic.com



မှုတွေအတွက် ပေးဆပ်ခြင်းက များလွန်းနေသည်။

"ကိုကို မာမီ့ကို စောင့်ရှောက်ပေးပါ၊ သခင်လည်း မာမီ့ကို လာတွေ့ပါ့မယ်၊ သခင့် မာမီ့ကို ပြန်ပြီး စောင့်ရှောက်သင့်ရင်လည်း စောင့်ရှောက်ပါ့မယ်လို့"

"မလာနဲ့ ညီတာ စိတ်ခုသွားမယ် သခင်၊ ကိုကို့ သားလေးကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် စောင့်ရှောက်ပေးပါ. . ."

ကိုကိုပြန်သွားသည်။ သခင်လည်း မာမီ့အတွက် ရော၊ ကိုကို့အတွက်ရော နာကျင်ကြေကွဲစွာ စိတ်မကောင်း ဖြစ်နေရသည်။ မာမီ့ကို စောင့်ရှောက်ချင်တယ်။ မာမီ ဘယ်လောက်အထိ အားငယ်နေရှာမလဲ။ သခင် အိမ်ပြန်ရောက်တော့ မမကို ပြောပြလိုက်သည်။

"မာမီ့ကိုတော့ သခင်စောင့်ရှောက်သင့်တယ်၊ မမညို့ပြာ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူးကွယ်. . . မောင့်ကိုလည်း ခွင့်လွှတ်ပါတယ်၊ သားလေးရဲ့ အဖေပဲ မဟုတ်လား"

သခင် အခန်းလေးထဲ ပြန်ဝင်လာခဲ့သည်။ မမညို့ပြာက ကိုကို့ကို ခွင့်လွှတ်ပေမယ့် ညီတာကတော့ သခင်တို့ မိသားစုအပေါ် အခဲမကြေခဲ့ပေ။ ခွင့်လွှတ်မှာလည်း မဟုတ်ပါဘူးလေ။ ညီတာကလည်း သခင့်ကို ချစ်မြတ်နိုးလာပါ့



မလားဆိုတဲ့ ဒဏ္ဍာလင့်ချက်တွေက ယိုင်နဲ့နဲ့ဖြစ်လာသည်။ ဝင့်နဒီဆိုတဲ့ အတွင်းရေးမှူးမလေးက သူ့အနားမှာ ပြုစုယုယကြင်နာစွာ နွေးနွေးထွေးထွေး ရှိပေးနေပြီပဲ။ ညီတာ့ စီးပွားရေးတွေ အောင်မြင်လာတဲ့ အချိန်မှာ သခင့်ကို တဲအိမ်လေးမှာပဲနေစေခဲ့သည်။

"မာမီရယ် . . . သခင်လေ မာမီဆီပြန်လာခဲ့ပါတယ်၊ သခင်ပြန်လို့ ညီတာလည်း အရမ်းဝမ်းသာနေမှာပါ၊ သခင်မရှိမှ ဖေဖေနဲ့ မမညို့ပြာလည်း တိုက်နဲ့ ခြံနဲ့နေကြရမှာပါ. . ."

ညီတာ ခြံနဲ့တိုက်ဝယ်ထားတာ သခင်ကြားရသည်။ ပန်ဝန်းကျင်မှာ သတင်းတွေက ပြန့်နှံ့နေတာပါပဲ၊ ဒါပေမယ့် ညီတာကတော့ သခင့်ကို တဲအိမ်လေးထဲမှာပဲနေစေသည်။

"မာမီ့အနားမှာ သခင် သွားနေမှဖြစ်တော့မယ်. . . ညီတာ ချစ်မြတ်နိုးတဲ့ ကောင်မလေးနဲ့ပဲ ဘဝခရီးအပျော်ရွှင်ဆုံးဆက်လက် လျှောက်လှမ်းသွားပါတော့ ညီတာရယ်"

သခင်ဆုံးဖြတ်ချက်ကို ခိုင်မာစွာချပစ်နေသည်။ ဒီညသူမဆီ ညီတာပြန်မလာရင်တော့ ဒီကနေ ထွက်သွားတော့မည်ဖြစ်သည်။ ညီတာ့ အနားကနေ သခင် ထွက်သွားတော့မှာပါ. . . ညီတာ ပျော်ရွှင်နေဖို့ အတွက်ပါပဲလေ။ သခင့်ကြောင့် ညီတာ့ ပျော်ရွှင်မှုတွေ ဆိတ်သုန်းပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားရတာပဲ မဟုတ်လား။ သူမတစ်ယောက်ထဲ အခန်းလေးထဲမှာ ငုတ်တုတ်လေးထိုင်ရင်း ညီတာ့ကို မျှော်နေခဲ့သည်။ သူမ ခေါင်းအုံးအောက်မှာ ရှိနေတဲ့ ဟမ်းဖုန်းလေးကို ဆုတ်ကိုင်ထားမိသည်။

"သခင့်ဆီကို ဖုန်းမဆက်ပါနဲ့ ညီတာ၊ ဖုန်းဆက်ရင်လည်း ညီတာ စိတ်ညစ်နေတဲ့ အကြောင်းတွေနဲ့ အတွင်းရေးမှူးမ ငယ်ငယ်လေးရဲ့ ချော့မြှူသံတွေပဲကြားရမှာပါ"

သခင် ဖုန်းသံမြည်လာမှာ ကြောက်ပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။ မနက်ဖြန် မိုးလင်းတာနဲ့ ဖေဖေနဲ့ မမညီပြာမနိုးခင် ဒီအိမ်လေးထဲကနေ သခင်ထွက်ခွာသွားတော့မည်ဖြစ်သည်။ ကြည့်စမ်းပါဦး တစ်ညလုံး သခင်မအိပ်ပဲ စောင့်နေပေမယ့် ညီတာက လုံးဝပြန်မလာခဲ့ပေ။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပဲ လိမ့်ဆင်းကျလာသည်။

ညီတာကလည်း သခင့်ဆီ ဖုန်းမဆက်ပဲနေဖို့ ကြိုးစားနေပေမယ့်၊ သူ့စိတ်တွေက သခင့်ဆီပဲရောက်နေခဲ့သည်။ သခင် အထင်လွဲနေမှာလည်း စိုးရိမ်လာရ၏။ ညီတာပြန်လိုက်ရင် ကောင်းမလားပဲ။ သခင့်ကို တွေ့ချင်နေပေမယ့် သူ့စိတ်တွေက မလုံပေ။ သခင့်ကို ချစ်မိနေပါပြီလို့ ပြောဖို့ဆန္ဒတွေရှိနေပေမယ့် တွေဝေတွန့်ဆုတ်နေတာပဲ၊ သူ့ ကိုယ်သူ ညီတာ မကျေမနပ်ဖြစ်မိနေသည်။



"သခင် မင်းဘာတွေလုပ်နေလဲ. . . ဖုန်းဆက်တာလည်းမရဘူး၊ ဖုန်းပိတ်ထားတယ်. . . မင်း ပိတ်ထားတာလား"

သခင့်ဆီ ဖုန်းဆက်မရ၍ ညီတာ စိတ်ပူပင်နေသည်။ သူ့ကိုများ အတွင်းရေးမှူးမလေးနဲ့ ညအိပ်နေပြီဟု ထင်သွားမည်စိုးလာသဖြင့် ညီတာပြန်ဖို့ ပြင်လိုက်ပေမယ့် ခေါင်းထဲမှာ မူးနောက်ရီဝေနေသဖြင့် အိပ်ယာပေါ်ပဲပြန်လှဲနေသည်။ သခင်ရေ ကိုယ်ပြန်လာခဲ့မှာပါ . . . ဒီညကိုယ်အရက်နည်းနည်းလေး သောက်ထားလို့ပါ . . . မနက်ဖြန်ကျမှ ကိုယ် စိတ်သစ်လူသစ်နဲ့ ပြန်လာခဲ့မယ် . . . သခင့်အတွက်လည်း သခင့်နောက်ကွယ်မှာ စိတ်ကူးယဉ်ပြီး အမှတ်တရလေးတွေကို လက်ဆောင်အဖြစ်ပေးအပ်ဖို့ စိတ်ကူးနေမိသည်။

"သခင်ရယ် ကိုယ်မင်းကို ချစ်တယ်၊ မင်းကလွဲပြီး ကိုယ်ဘယ်သူ့ကိုမှ ချစ်လို့မရဘူး၊ နဒီပြောသလိုပဲလေ. . . ကိုယ်က ကိုယ့်ဇနီးကို ချစ်နေမိဘာပါ. . ."

ညီတာ ပြုံးလိုက်သည်။ သခင့်ဆီ ဖုန်းဆက်နေပေမယ့် ဖုန်းက ပိတ်ထားသဖြင့်ဆက်၍ မရခဲ့။ ဒီညတော့ သခင်စိတ်ပူပြီး သူ့ကိုမျှော်နေပါစေ။ သခင့်ခန္ဓာကိုယ်လေးအားရစ်သိုင်းပွေ့ဖက်ကာ ချစ်သည်ဟုပြောပြီး မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



အနှံ့နမ်းပစ်ချင်သည်။

♠ ♠ ♠ ♠ ♠

BURMESE CLASSIC .com

## အခန်း( ၂၄ )

"မာမီ"

"ဟင် . . . သခင် . . . သမီးလေး ညည်း ဘာဖြစ်လို့လာရတာလဲ"

"မာမီရယ်"

အရင်ကနှင့် မတူတော့ပဲ ညှိုးငယ်နွမ်းဖတ်နေသော မာမ့ီကို တွေ့လိုက်ရသဖြင့် သခင်စိတ်ထိခိုက်ကြေကွဲသွားရပြီး မာမ့ီ ရင်ခွင်ထဲပြေးဝင် ဖက်တွယ်ထားမိသည်။

"ဖြစ်မှ ဖြစ်ရလေ မာမီရယ်၊ ဘာဖြစ်လို့များ ဒီလို အခြေအနေထိ ရောက်ခဲ့ရတာလဲဟင် . . ."

"ချွေးမမြိုင်ကြောင့်လေ . . . သားကြီးဘဝကိုလည်း ဖျက်ဆီးပစ်ခဲ့တယ်၊ မာမ့ီ စည်းစိမ်ဥစ္စာတွေလည်း အပိုင်ချိုင်သွားခဲ့တယ်၊ သမီးကိုကိုလည်း နောင်တတွေရနေပါပြီ၊ သားအထင်ကြီးတဲ့ မိန်းမက မာယာတွေနဲ့ ဖြားယောင်းပြီး မာမီတို့ စည်းစိမ်ဥစ္စာတွေကို အရယူသွားခဲ့တယ်၊ ပြီးမှ မာမီတို့ကို ပထုတ်လိုက်တယ်"

မာမီက အဖြစ်အပျက်တွေပြောပြပြီး မာမီဝင်ရှုလည်း တာတဲ့၊ ချွေးမကြီးညိုပြာအပေါ် မတရားလုပ်ခဲ့တာပဲတော့၊

www.burmeseclassic.com

www.burmeseclassic.com



မြေးလေးက ချစ်စရာအရမ်းကောင်းတယ်ဆိုဟု ပြောပြီး မျက်ရည်ကျလာသည်။

"မာမီ မှားပါတယ်. . . မြိုင်က ကုန်တိုက်ပိုင်ရှင်ရဲ့ သမီးအရင်းလည်းမဟုတ်ဘူး၊ တူမတဲ့ အခုတော့ အရမ်းလည်လွန်းတဲ့ ချွေးမကြောင့် မာမီတို့ အိမ်ခြေယာခြေပျက်သွားရပြီလေ. . ."

"မငိုပါနဲ့ မာမီရယ် သခင်ရောက်လာပြီပဲ. . . မာမီ့ကို သခင် ကျွေးမွေးစောင့်ရှောက်ပါ့မယ်နော်"

"သခင် ညည်းဘာဖြစ်လို့လာရတာလဲ. . . မာမီက အရေးမကြီးပါဘူးကွယ်၊ သမီးလေးကို ညီညီတာက မောင်းချလိုက်လို့လားဟင်. . . စီးပွားရေးတွေ အရမ်းဖြစ်နေတယ်လို့ကြားရတယ်"

"မမောင်းထုတ်ပါဘူး မာမီ. . . ဒါပေမယ့် ညီတာ့စိတ်တွေက သခင်တို့မိသားစု အပေါ် နာကျည်းမုန်းတီးနေသေးတယ်လေ၊ နာကျည်းမှုတွေနဲ့ သခင့်အိမ်ထောင်ရေး မဆက်ချင်တော့လို့ပါ"

"မောင်ညီညီတာမှာ အပြစ်မရှိပါဘူးကွယ်၊ မာမီတို့ကလည်း လူမဆန်အောင် ရက်စက်ခဲ့တာပါပဲ. . ."

"အခုတော့ အားလုံးပြီးဆုံးသွားပါပြီ. . . မာမီ သခင်နေသင့်တာက မာမီ့အနားမှာပါနော်. . ."



"သမီးလေးရယ်"

ဒေါ်ကြွေကြွေ သမီးလေးသခင်အား တင်းကြပ်စွာ တုန့်ပြန်ပွေ့ဖက်ထားမိသည်။ သခင်က စိတ်သဘောထားနူးညံ့သူပါ။ မိမိနှင့် သားကြောင့် သမီးလေး သခင်က တန်ဆာခံဖြစ်သွားခဲ့ရသည်။

"မြေးလေးကို တွေ့ချင်လိုက်တာ. . . မာမီ့မြေးဦးလေးကို တွေ့ခွင့်ရပါ့မလားကွယ်"

"မမညိုပြာကတော့ ခွင့်လွှတ်ပါတယ် မာမီ"

ဘယ်သူ့ကိုမှ ဘယ်လောက်ပဲ နစ်နာ နစ်နာ အပြစ်မယူတတ်တဲ့ မမညိုပြာပါ. . . ဒါပေမယ့် မာမီ့မြေးရှေ့ရေးအတွက် သခင်တို့သွားပြီး မပတ်သက်ကြတာ အကောင်းဆုံးထင်တယ် မာမီ. . ."

"မှန်ပါတယ် ကွယ်. . . မာမီတို့ကြောင့် မြေးလေးပါစောင့်ရှောက်မယ့် သူ ကင်းမဲ့သွားပါလိမ့်မယ်၊ မောင်ညီညီတာမမှားပါဘူး၊ ဒီလိုပဲဖြစ်သင့်တာပဲလေ"

မာမီ့ကို စောင့်ရှောက်ရင်း ညီတာနှင့် ပတ်သက်တာတွေပဲ မေ့ပစ်နိုင်ဖို့ သခင်ကြိုးစားရမည်ဖြစ်သည်။ လွယ်လွယ်နဲ့တော့ မေ့ပစ်လို့ ဘယ်ရနိုင်ပါ့မလဲ ညီတာ. . . သခင့်အတွက်အရမ်းနာကျင်ကြေကွဲ ခက်ခဲနေမှာပါပဲ။ ညီတာ့အတွက်ပါနော်. . . အမုန်းတွေနဲ့ နာကျည်းမှုတွေနဲ့ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးကို မဖြတ်သန်းစေချင်ဘူး။ ညီတာ ချစ်မြတ်နိုးတဲ့ မိန်းကလေးနဲ့ပဲ ဘဝကို ဖြတ်သန်းပါနော်. . . ညီတာ့ကို တရားဝင်ကွာရှင်းပြတ်ဆဲဖို့ပဲ ဆုံးဖြတ်ထားသည်။

"သမီးရေ . . . သခင်. . . အပြင်မှာ ကားတစ်စီးရပ်ပြီး ကားပေါ်က ဆင်းလာတာ မောင်ညီညီတာပဲ၊ လာပါဦး၊ ဟို ဟို. . . ညိုပြာနဲ့ ကလေးလေးလည်းပါလာတယ်၊ မာမို့မြေးလေးပါလာတယ်. . . လာပါဦး"

မာမို့ အော်သံကြောင့် သခင်အိပ်လေးကို ချပြီး အဝတ်အစားလဲဖို့ ပြင်နေတုန်း အခန်းထဲကနေ ပြေးထွက်လာခဲ့သည်။ မာမီတို့ အခန်းက မြေညီထပ်ဖြစ်၍ အခန်းရှေ့ကတ္တရာလမ်းမပေါ်မှာ ကားတစ်စီး ရပ်ထားပြီး ကားပေါ်မှ ညီတာနှင့် မမညိုပြာရော တူလေးရော ဆင်းလာကြသည်။ သခင် ဟုတ်မှဟုတ်ပ မလားဆိုပြီး ငေးကြောင်စွာကြည့်မိနေ၏။ ဟုတ်ပါတယ်. . . သူမတို့ အခန်းထဲတန်းတန်းမတ်မတ်သင်လာတာက ညီတာနဲ့ မမညိုပြာပါ။ မမညိုပြာက သခင်ဆိုတဲ့ အသံလေးပေးမှ အသိတွေဝင်လာသည်။

"သခင် ဘာဖြစ်နေတာလဲ မမတို့ပါ၊ ဒီမှာ သခင်ယောက်ျား ညီတာလေ. . ."

"ဟင်"

"မာမီ ဒီမှာ မာမို့မြေးလေးကြည့်ပါဦး"



"အမယ်လေး မြေးလေးရယ် . . . ဒီတစ်သက်တွေ့ရပါဦးမလားလို့ စိတ်ပူလိုက်ရတာ . . . မြေးလေးကို ဘွားဘွား အရမ်းတွေ့ချင် နေတာပါကွယ်. . ."

သခင်တော့ အိမ်မက်လိုလို တကယ်လိုလိုနှင့် အဖြစ်မှန်တွေကို လက်မခံနိုင်သေးပဲ ဖြစ်နေရစဉ်၊ ညီတာက သူမလက်လေးကိုဆွဲပြီး ကားဆီကို ခေါ်လာခဲ့သည်။

"ညီတာ ဟို. . . ဘာလုပ်မလို့လဲဟင် သခင့်ကိုလေ"

"သခင်"

"ဟင်"

"သခင့်အတွက် ညီတာ အမှတ်တရလေးတွေလုပ်ထားတာပြမလို့ပါ၊ ပြီးတော့ ညီတာနဲ့ သခင်ပြန်ပေါင်းထုတ်တဲ့ အမှတ်တရ လက်ဆောင်ပေးမလို့လေ. . ."

သူမ အံ့ဩတုန်လှုပ်နေဆဲမှာပင် ညီတာ့ ကားလေးက ခြံဝင်းကျယ်ကြီး တစ်ခုထဲ မောင်းဝင်လာသည်။ ပြီးတော့ ခန့်ညားလှပတဲ့ တိုက်ကြီးထဲသို့ ခေါ်ဆောင်လာသဖြင့် သခင်အသိကင်းမဲ့စွာလိုက်ပါလာခဲ့၏။ တိုက်ကြီးထဲရောက်တော့ ညီတာက သူမရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး လက်လက်ထနေသော စိန်လက်စွပ်လေးနှစ်ကွင်း ထည့်ထားတဲ့ ဗူးလေးကိုဖွင့်ပြီး သခင်ကို မှင်သက်မိစွာ အံ့ဩလှုပ်ခတ်သွားစေမယ့် စကားကိုပြောတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို လက်ထပ်ပါ သခင်. . . မင်းကို ကိုယ် ချစ်တယ်. . . လက်ထပ်ပါနော်"

"ဟင် . . . ညီတာ ဘာလုပ်တာလဲ ဟင်. . . အဲ့ဒီလို မလုပ်ပါနဲ့ သခင်က ညီတာ့ရဲ့ ဇနီးလေ"

"အရင်က ကိစ္စတွေ မေ့ပစ်လိုက်ပါ သခင်ရယ်. . . ကိုယ်က အခုမြတ်မြတ်နိုးနိုးနဲ့ သခင့်ကို ချစ်ခွင့်ပန်တာပါ။ သခင်လက်ခံပေးပါနော်. . ."

"ညီတာရယ်"

သခင့်အသံလေးက တုန်ရီလှိုက်မောစွာဖြင့် ညီတာ့ ရင်ခွင်ထဲတိုးဝင် ဖက်တွယ်ထားမိသည်။ သခင် ဘယ်တော့ မှ ကြားခွင့်မရှိတော့ဘူးဟု ထင်ထားတဲ့ စကားတွေကို ညီတာ့ ဆီမှ ကြားလိုက်ရ၍ သခင့်နားကိုပင် မယုံနိုင်သလိုဖြစ်သွား သည် တကယ်ပဲလား ညီတာ. . . သခင့်ကို ချစ်တယ်လို့ ညီတာ ပြောလိုက်တာလားဟင်၊ အဖြစ်မှန်တွေ အဖြစ်လက် ခံဖို့ပင် သခင်ကြောက်ရွံ့နေသည်။

"ကိုယ် စီးပွားရေး လုပ်ငန်းတွေ ကြိုးစားလုပ်ပြီ့ ဒီခြံနဲ့တိုက်ကို ပြင်ဆင်ခဲ့တာလေ. . . သခင့်အတွက်ပါ၊ သခင့် အတွက်ပါ၊ သခင့်ကို တစ်နေ့ဒီတိုက်ကြီးကို ချစ်သက် လက်ဆောင်ပေးဖို့ ကိုယ်ပြင်ဆင်နေတာလေ"

ခြံနှင့်တိုက်ကို သခင့်နာမည်နှင့် ဝယ်ထားကြောင်း



စာချုပ်စာတမ်းတွေကိုပြသည်။ ညီတာရယ် အဲ့ဒီပစ္စည်းတွေ ကို သခင်မမက်ပါဘူးပြောပြီး ညီတာ့ရင်ခွင်ထဲနစ်သထက် နစ်အောင်တိုးဝင် ဖက်ထားမိသည်။ ကိုကိုနဲ့မမညီပြောလည်း အဆင်ပြေပါပြီ။ မာမီ့ကိုလည်း သခင်စောင့်ရှောက်ခွင့် ရပြီဖြစ်၏။ သခင်အရမ်းပျော်တာပဲ . . . ချစ်တယ် ညီတာ ရယ် . . . ဟိုး အရင်ထဲက စတွေ့တွေ့ချင်းပဲ သခင်က ညီတာ့ကို ချစ်မြတ်နိုးခဲ့ရတာပါဟု တိုးတိုးလေးပြောနေတဲ့ သခင့် နှုတ်ခမ်းသားလေးတွေပေါ်သို့ ချစ်သူရဲ့ အနမ်းချိုချို အီအီလေးထိကပ် ရောက်လာလေသည်။

BURMESE CLASSIC .com

♠ ♠ ♠ ♠ ♠

သင်မြတ်နိုး

www.burmeseclassic.com